
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ
ဦးအောင်မြင့်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊
ဖြန့်ချိရေး အောင်မြင်စာပေ၊ ပထမအကြိမ်–၂၀၁၃ ခုနှစ်၊
(ဒီဇင်ဘာလ)၊ အုပ်ရေ(၅၀၀)။


၈၉၅-၈၃
ဝိဇ္ဇာ
မရဏဇာတ်ညွှန်း/ဝိဇ္ဇာ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၁၇၈ – စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဝိဇ္ဇာ

BURMESE CLASSIC .com




www.burmeseclassic.com

www.burmeseclassic.com







# အခန်း(၁)

အထူးကားပေါ် ဒီဒီး အသက်အောင့် လိုက်ပါလာရင်း . . စိုက်ပျိုးရေးမှတ်တိုင်သို့ အမြန်ရောက်ပါစေကြောင်း ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့အား တ၍ ဆုတောင်းမိသည်။ ရုံးချိန် ကျောင်းချိန်ဖြစ်၍ အထူးကားမှာပင် ခြေတစ်စုံစာရပ်ခွင့်ရရေးကို အပတ်တကုတ် အားထုတ်နေရသည်။

ယာဉ်နောက်လိုက်၏ ဘယ်လိုနေ၊ ဘယ်လိုထိုင်၊ ဘယ်ဖက်တန်းကိုကိုင်၊ ဆင်းချင်ရင် ဘယ်လိုထွက် စသည်ဖြင့် ဆုံးမပဲ့ပြင် လမ်း



www.burmeseclassic.com

www.burmeseclassic.com



ညွှန်မှာကြားမှုများကို အခြေခံဥပဒေကဲ့သို့ လေးစားလိုက်နာရင်း ငြိမ်ဝပ်ပိပြားစွာ လိုက်လာခဲ့သည်။

လှည်းတန်းကုန်းကျော်တံတား ပြီးစီးသွားပြီမို့ ထိုပွိုင့်တွင် ရှေ့စာရင်းတိုင်စရာမလိုတော့ဘဲ ခပ်သွက်သွက် မောင်းလာနိုင်သဖြင့် သက်ပြင်းချမိသည်။ ကိုယ်က စိုက်ပျိုးရေးမှာ ဆင်းမည်မို့ ဟံသာဝတီအဝိုင်းတွင် ကားတွေပိတ်မှာ ကိုယ့်အပူ မဟုတ်တော့။ ကားတွေများလာချိန်မှာ ယာဉ်စည်းကမ်းလိုက်နာမှု မရှိခြင်းကြောင့် ကြုံတွေ့ရသည့် လမ်းပိတ်ဆို့မှုနှင့် ကားပေါ်မှာ အချိန်ကုန်ရသည့် ဘေးဆိုးကြီးအား သိကြားမင်း ဆင်းကယ်လျှင်တောင်မှ အဆင်ပြေစရာ လမ်းမမြင်။

အီလိုက်က ကျောင်းကားတွေ စီစဉ်ပေးမည့်သတင်းနှင့် ဂျပန်က လိုင်းကားတွေ ပြေးဆွဲပေးမည်ဆိုသည့် သတင်းတွေကလည်း အကောင်အထည်ဖော်ဖြစ်မည် မဟုတ်ဟု ကြားရသည်။ ဒီတော့လည်း . . လူဖြစ်ကတည်းက ခံလာရသည့် ဘတ်(စ်)ကားဒုက္ခကို ခါးစည်းပြီး ဆက်ခံပေဦးတော့ပေါ့။

လျှောက်လမ်းကျဉ်းကျဉ်းလေးမှာ ကျောချင်းကပ် ရပ်နေရသည့်အပြင် ထိုင်ခုံကျောမှီလက်ကိုင်တန်းက ရင်ဝကို ထောက်နေသဖြင့် မဆောင့်မိအောင် တောင့်ထားထိမ်းထားရတာကလည်း အားကုန်စေသည်။ ဒုက္ခပေါင်းစုံနှင့် ရင်းရင်းနှီးနှီး ပေါင်းသင်းနေရသည့်အထဲ ဘေးနားရပ်နေသည့် မိန်းကလေး၏ဆံပင်က ကားအရှိန်ကြောင့် တိုက်သည့်လေနှင့်အတူ လွင့်ပျံကာ ဒီဒီးမျက်နှာကို ထိတို့ကျီစယ်နေသည်။ ရှောင်မရ တိမ်းမရသည်မို့ ယားကျိကျိဒုက္ခကို အပိုဆုအဖြစ် ထပ်မံခံစားနေရပြန်သည်။

ဆင်းရမည့် မှတ်တိုင်ရောက်တော့မည်မို့ ထိုမိန်းကလေးအား ဆင်းတော့မယ် တိုးမယ်နော်ဟုပြောကာ စပယ်ယာမှာကြားထားသလို ဂဏန်းတိုး ငါးရှဉ့်တိုးလေး လိုမ့်တိုးရသည်။ ကျပ်ညပ်နေသည့်ကြားထဲ





က ဘယ်လိုပဲ ငါးရှဉ့်တိုး,တိုးတိုး အားစိုက်ရတာကတော့ သေလုမြောဆောင် ဖြစ်သည်။

“စိုက်ပျိုးရေးမှာ အဆင်းများမယ် ဆရာ. . ၊ ဘယ်ညာ ဆယ်ယောက်လောက် ရှိမယ်၊ မှတ်တိုင်ကျော်ရင် နောက်ကား ပါလာတယ်”

ခရီးသည်များသာမက ဒရိုင်ဘာကိုပါ ကွန်မန်းပေးနေသော စပယ်ယာ့စကားကြောင့် အဆင်းကို အမြန်ဆုံး လုပ်ဆောင်ရမည်ဖြစ်ကြောင်း ဒီဒီး သဘောပေါက်သွား၏။ ငါးရှဉ့်တိုး,တိုး၍ ဂဏန်းသွားသွားကာ အပေါက်ဝနားတွင် အသင့်နေရာယူထားကြသည်မှာ လေယာဉ်ပေါ်မှ လေထီးနှင့် ခုန်ချမည့်သူများကဲ့သို့ပင်ဖြစ်သည်။

“ကဲ. . စိုက်ပျိုးရေး စိုက်ပျိုးရေး သွက်သွက်ဆင်းမယ်၊ ငယ်ငယ်တုန်းကလို ဆင်းမယ်၊ နောက်ကားပါတယ် ယောကျ်ားမှန်ရင် ခုန်ဆင်းလိုက်. . ”

စပယ်ယာ၏ ဥပဒေကဲ့သို့ အာဏာတည်သော နှုတ်ထွက်စကား အဆုံးမှာ ခရီးသည်တွေ ဝရုန်းသုန်းကား ပြေးဆင်းကြသည်။ ထိုအချိန်မှာ ကောင်လေး. . ကောင်လေးဟု ခေါ်သံကြားသည်။

ဆင်းမည့်သူအားလုံး အောက်သို့ရောက်ဖို့ အာရုံစိုက်နေကြရသည်မို့ ခေါ်သံကို ဘယ်သူမှအရေးမထားကြ။

ကားပေါ်မှ ဆင်းပြီး မြေကြီးပေါ် ခြေစုံရပ်မိမှ အားလုံးလုံခြုံမှုရှိသလို ခံစားရတော့၏။ အဆုတ်အတွက် လိုအပ်သည့် အောက်စီဂျင်တို့ အားပါးတရ ရှိုက်သွင်းလိုက်ရင်း Junction Square သို့ ဦးတည်လိုက်သည်။ ထိုစဉ် ဦးလေးကြီးတစ်ယောက်က. .

“ချာတိတ် မင်းကို ကားပေါ်က လှမ်းခေါ်နေတယ်. . ”

ပခုံးပုတ်ပြီး ပြောလာသည့် ဦးလေးကြီးစကားကြောင့် ဒီဒီး ကားပေါ် လှမ်းကြည့်သည်။ အမျိုးသမီးကြီး တစ်ယောက် ထမင်းချိုင့်မြှောက်ပြ၍ သူ့ကို လှမ်းခေါ်နေတာတွေ့မှ ချိုင့်ကို သတိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ကားကထွက်နေပြီ။ ဒီဒီး လူများကိုရှောင်ရှားရင်း ကားဆီသို့ ပြေး၏။

ထမင်းချိုင့်ဆီ လက်လှမ်းသည်။ ကားပေါ်မှ အမျိုးသမီးကြီးကလည်း ပြတင်းပေါက်မှ ကိုယ်တစ်ပိုင်း ထွက်လုမတတ် ကုန်းကွ၍ လှမ်းပေးနေသည်။ ကားအရှိန်က များနေပြီမို့ ဒီဒီး အပြေးအလွှား လိုက်ရသည်။

မမီနိုင်တော့သည့်အတွက် အမျိုးသမီးကြီးက ချထားလိုက်တော့မည်ဟု အော်ပြောကာ လွှတ်ချလိုက်တော့သည်။ ဒီဒီး မမှီမကမ်း လိုက်ဖမ်းသော်လည်း ထမင်းချိုင့်က ကတ္တရာလမ်းနှင့် မိတ်ဆက်သွားသည်။ ချိတ်တွယ်ထိန်းချုပ်ထားသော ချိုင့်ကိုင်းတို့ လွှတ်ထွက်သွားကာ ဝါးအစည်း ပြေသွားသလိုမျိုး ချိုင့်အစည်း ပြေသွားသည်။

ချိုင့်ထဲမှ ထမင်းတွေနှင့် ဟင်းတွေ အပျင်းပြေ အပြင်ထွက်ပြီး လမ်းလျှောက်ကြသည်။ ဂလုံဂလွမ် အော်သံပေးပြီး ချိုင့်တစ်ဆင့် လွင့်ထွက်သွားတာ ဆယ်ပေလောက်အထိ ရောက်သွား၏။ ထူးဆန်းအံ့ဩဖွယ်မဟုတ်သော်လည်း ဖြစ်တောင့်ဖြစ်ခဲအဖြစ်မို့ အနီးအနားမှ လူတွေ၏ အာရုံကို ဖမ်းစားလိုက်နိုင်သည်။ ကားစီးလာရင်း လက်မအား၍ ချိုင့်ကို ထိုင်စရာ ရသူတစ်ဦးထံ ပေးထားရာမှ ဒီအဖြစ်မျိုး ကြုံရခြင်းဖြစ်သည်။

ချိုင့်ကို ကောက်မှာလား ထမင်းဟင်းတွေ ပြန်ကောက်မှာလား မဆုံးဖြတ်နိုင်သေးခင်မှာပင် ဒီဒီး ရှက်ရှက်နှင့် ချိုင့်တစ်ဆင့်စီ လိုက်ကောက်နေမိသည်။ကတ္တရာလမ်းပေါ် စက်တော်ခေါ်နေသည့် ထမင်းနှင့် ဟင်းများကို မကောက်တော့ဘဲ ချိုင့်ကိုသာ ပြန်ယူဖို့ စိတ်ကူးထား၏။ ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်မိသည့်အခါ သူ၏ ချိုင့်ကောက်ပွဲကို တစ်ခဲနက် အားပေးနေတာ တွေ့လိုက်ရသည်မို့ အရှက်တွေ စပရေးနှင့် ဖျန်းတာ ခံလိုက်ရသလို မျက်နှာကြီး ရဲသွားရသည်။





အရှက်တွေနှင့် ဘယ်လိုပဲ လောင်မြိုက်လောင်မြိုက် ချိုင့်ကောက်ပွဲကို ပြီးဆုံးအောင် ယှဉ်ပြိုင်ရမည်ဖြစ်၍ အဝေးသို့ လွင့်သွားသည့် နောက်ဆုံးအဆင့် ချိုင့်ရှိရာသို့ ကုန်းကုန်း,ကုန်းကုန်းနှင့် ပြေးရပြန်သည်။

ပူထူနေသည့်ရှက်စိတ်နှင့် ပြေးအကောက်မှာ ချိုင့်က သူများလက်သို့ ပါသွားသည်။ မော့ကြည့်လိုက်တော့ သူသူ. . .

"ဘယ်လိုဖြစ်တာလဲ ဒီဒီး. ."

"ဩော်. . သူသူ၊ အဟဲ. . ဟိုဒင်းလေ ကားပေါ်မှာ ချိုင့်မေ့ခဲ့တာ၊ အဲဒါ ပစ်ချပေးသွားတော့ ခုလို ဖြစ်သွားတာပေါ့. ."

တစ်ဆက်ရှင်တည်း တက်ရသည့် အတန်းဖော် သူသူ့ကိုတွေ့၍ အကြောင်းစုံကို လိုတိုရှင်း ဖြေလိုက်ရသည်။ သူသူ လှမ်းပေးသည့် ချိုင့်ကို ထပ်ဆင့်ပြီး ချိုင့်ကိုင်းကလစ်အား ပြန်ချိတ်လိုက်သည်။ တစ်ယောက်တည်း ချိုင့်ကောက်ရင်း အများဝိုင်းကြည့်တာ ခံနေရစဉ် စကားပြောဖော် ရသည့်အတွက် သူသူ့အား ကျေးဇူးတင်မိသည်။

"ပူမနေပါနဲ့ ဒီဒီးရယ် သူသူလည်း ချိုင့်မပါဘူး၊ နေ့ခင်းကျမှ ကင်(န်)တင်းမှာ စားကြတာပေါ့ သူသူ ပြုစုပါ့မယ်. ."

"ရပါတယ် သူသူ ဒီကိစ္စက ပါးပါးလေးပါ. ."

ဒီဒီးနှင့်သူသူ အတူယှဉ်တွဲ၍ Junction Square သို့ ဆက်လျှောက်လာခဲ့ကြသည်။ သူတို့က Junction Square တွင် ဖွင့်ထားသည့် Mynor Media Development Center(MMDC) သင်တန်းသားများ ဖြစ်သည်။ ရင်ပြင်သို့ မရောက်ခင်မှာပင် ထိုင်နေကျဆိုင်ထဲမှ လှမ်းခေါ်သံ ကြားလိုက်ရသည်။ လှမ်းကြည့်တော့ နေဝင်းအောင်၊ ငြိမ်းချမ်းဝေ၊ နိုင်ငြိမ်းစံနှင့် နူးညံ့တို့ကို တွေ့၏။

"စောပါသေးတယ်၊ ခဏဝင်လိုက်ရအောင်"

"ဝင်လေ ဒီဒီး"



www.burmeseclassic.com

www.burmeseclassic.com



အတူယှဉ်တွဲဝင်လာသော သူတို့နှစ်ယောက်အား ဘော်ဒါတွေက မချိုမချဉ်နှင့် ဝိုင်းကြည့်ကြသည်။

"လိုက်တယ်ကွာ"

"ဘယ်သူ့နောက်ကိုလဲ နေဝင်း"

"မဝေးစမ်းပါနဲ့ ဒီဒီးရာ၊ မင်းနဲ့သူသူ လိုက်ဖက်ညီတယ်လို့ ပြောတာ"

နေဝင်းအောင်၏ တော်ကီကြောင့် ဒီဒီး မနေတတ်မထိုင်တတ်ဖြစ်သွားသော်လည်း သူသူက မသိချင်ယောင်ဆောင်နေ၏။ နှုးညွှံ၏အကြည့်စူးစူးတစ်ချက်ကလည်း ဒီဒီးမျက်နှာပေါ် ဝေ့ဝဲလာသည်။

"ဟော့ကောင် နယ်စည်းမခြားတဲ့ မင်းပါးစပ်ကို ကွက်ပြီး မဲာရှယ်လာထုတ်လိုက်မယ်၊ အပေါက်ပိတ်. . . "

"ဒါဆို ငါက လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ကို ထိပါးတဲ့အတွက် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မယ်ကွာ"

"သတ္တိရှိရင် လုပ်လိုက်လေ၊ ပုဒ်မ ၁၈(ခ)နဲ့ ဆွဲစိလိုက်မှာပေါ့"

"တော်ကြစမ်းပါကွာ၊ မင်းတို့ပြောနေတာ ဂျာနယ်ကို ဘာသာပြန်နေသလိုပဲ"

ငြိမ်းချမ်းဝေ ဝင်ဟန့်လိုက်မှ ခေတ္တ စစ်ပြေငြိမ်းသွားသည်။

သူသူက ဒီဒီးကို လှမ်းကြည့်ရင်း. . .

"ဒီဒီး ဘာစားမလဲ မှာလေ"

"အင်း. . အုန်းနို့ခေါက်ဆွဲ ဘူးသီးကြော်"

သူသူက နောက်ပြောင်နေတာကို အရေးမထားဘဲ အုန်းနို့နှင့်ခေါက်ဆွဲ မှာလိုက်သည်။ သူတို့အုပ်စုထဲမှာ ဒီဒီးက အရုပ်အမောင်းကောင်းပြီး ရုပ်ဖြောင့်သည့်အပြင် တော်ကီကလည်း ညက်သည်မို့ အားလုံး၏ အရေးပေးခင်မင်မှုကို ရထားသူဖြစ်သည်။

အထူးသဖြင့် သူသူနှင့် နှုးညွှံတို့ လိုက်လိုက်လျောလျော ဆက်





ဆံနေတာ ထင်သာမြင်သာ ရှိလှသည်။

"ဘယ်လိုလဲ ဒီဒီး နာရီဝက်စာ ဇာတ်လမ်းတိုလေးတွေ ရေးနေတယ်ဆို ဘယ်နှစ်ပုဒ်လောက် ပြီးပြီလဲ၊ ဖတ်ကြည့်လို့ရမလား လေ့လာချင်လို့"

"ရေးဆဲပါပဲ နှုးညွှံရာ. . သိပ်အားမရသေးပါဘူး"

"Presenter လုပ်မယ့်သူက ဘာကိစ္စ ဇာတ်တွေ ရေးနေတာလဲ"

"အားလုံးကို နားလည်ထားမှ အောင်မြင်တဲ့ပညာရှင် ဖြစ်မှာလေ၊ အဲဒါကို သဘောမပေါက်သေးဘူးလား နေဝင်းအောင်"

"ငါကတော့ CAMERA CRAZY ပဲ တခြားဘာမှ ဝါသနာမပါဘူး"

"CAMERA MAN လည်း ဇာတ်ကို နားလည်ထားမှ ဖြစ်မှာလေ"

"ဟုတ်တယ် ဒီဒီး ပြောတာ မှန်တယ်"

နှုးညွှံက ဒီဒီးစကားကို ဝင်ရောက်ထောက်ခံသည်။ ငြိမ်းချမ်းဝေက မဲ့ကာရွဲ့ကာနှင့်. . .

"နင်တို့ကတော့ ဒီဒီးကို ဘိုးတော်လို ကြည်ညိုနေတာကိုး၊ သူဘာပြောပြော ခေါင်းညိတ်မှာပဲ မဟုတ်လား"

ငြိမ်းချမ်းဝေ နှိပ်ကွပ်လိုက်သဖြင့် နှုးညွှံရှက်ပြီး ပါးစပ်ပိတ်သွားသည်။ ထိုအချိန်မှာ စားစရာတွေ ရောက်လာသည်မို့ ဒီဒီးနှင့်သူသူ စကားမပြောနိုင်တော့၊ လာချပေးတာတွေစားပြီး ပါးစပ်အလုပ်ရှုပ်နေကြ၏။ သူတို့ထဲမှာ စကားအနည်းဆုံးက ခိုင်ငြိမ်းစံဖြစ်သည်။

ဘယ်သူဘာပြောပြော တပြုံးပြုံးနှင့် ခေါင်းညိတ်နေတတ်သူဖြစ်သည်။ ထိုကဲ့သို့ ဝစီပိတ်ကျင့်နေသည့် ခိုင်ငြိမ်းစံကိုမှ စကားပြောလွန်းသူ နေဝင်းအောင်က ရိသဲ့သဲ့ လုပ်ချင်နေသည်။ တစ်ဝိုင်းထဲထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နှုးညံ့ပြောသမျှ ခေါင်းညိတ်နေသည့် ခိုင်ငြိမ်းစံကို နေဝင်းအောင်က သူ့ဖုန်းနှင့် ဓါတ်ပုံခိုးရိုက်လိုက်၏။ ပြီးတော့ တကုပ်ကုပ်နှင့် အလုပ်ရှုပ်နေသည်။

ငြိမ်းချမ်းဝေက တစ်မျိုး၊ ခုံလွတ်တစ်လုံးပေါ် စုတင်ထားသည့် ကျောပိုးအိတ်မှ ကြိုးနှစ်ချောင်းကိုတွဲကာ စတပ်ပလာ အသေးလေးနှင့် ချုပ်ထားလိုက်သည်။ ဒါကို ဘယ်သူမှ သတိမပြုမိလိုက်ကြ။ မှာထားသည့် အုန်းနို့ခေါက်ဆွဲကို အားပါးတရ ဆွဲပြီးသည့် ဒီဒီးက. . .

"မင်းတို့ သင်တန်းပြီးရင် ဘာလုပ်ကြမှာလဲ"

"အဲဒါကိုတွေးပြီး စားမဝင်အိပ်မပျော် ဖြစ်နေတာ ဆယ်ပေါင်လောက် ဝိတ်ကျသွားတယ် ဒီဒီး. ."

ဒီဒီး၏အမေးကို နေဝင်းအောင်က မျက်နှာငယ်လေးနှင့် ဖြေသည်။ ဝစီပိတ်ကျင့်သူလေးလည်း အဓိဋ္ဌာန် ရက်စေ့သွားပြီထင်၏။

"ဟုတ်တယ် ငါလည်း အဲဒါကို စဉ်းစားမိရင် ခေါင်းကိုက်တယ်"

"သိပ်လည်း စိတ်ပျက်မနေပါနဲ့ဟာ၊ ဆရာတွေ ပြောသလို ထက်မြက်တဲ့သူ ကြိုးစားတဲ့သူတွေအတွက် MRTV4 က ကြိုဆိုနေမှာပါတဲ့"

နှုးညံ့အပြောကို ဒီဒီးက ထောက်ခံသည်။

"မှန်တယ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိရမယ်၊ အခု စာတွေ့မှာ သဘောတရားကို အပီအပြင် နားလည်အောင်လုပ်၊ လက်တွေ့မှာ အစွမ်းပြ၊ ဒါဆို ရှင်သန်ကျန်ရစ်မှာပဲ"

"မင်းကတော့ ပြောအားရှိမှာပေါ့၊ အတန်းထဲမှာ စတားကိုးကွ ဒီဒီးရ"

"မဆိုင်ပါဘူး ငြိမ်းချမ်းဝေရာ၊ တို့တွေ မီဒီယာလောကကို စိတ်ဝင်စားလို့ ဝါသနာပါလို့ ဒီမှာလာဆုံကြတာမို့လား၊ ဝါသနာကို အရင်းခံပြီး လုံ့လစိုက်လိုက်ရင် ဖြစ်လာရမှာပေါ့"





"ဟုတ်သားပဲ နင်တို့ကလည်း ယောက်ျားဖြစ်ပြီး ကြိုးစားချင်စိတ်ကို မရှိဘူး"

"ကြိုးစားသလား မမေးနဲ့ သူသူ. . အိမ်မှာဆို မှန်ကြည့်ပြီး သတင်းကြေညာတာ၊ တစ်နေ့ကို နှစ်နာရီဟ. . သိရဲ့လား၊ အိမ်ကလူတွေဆို ငါ့ကို ရှာသာကြီးပို့ဖို့တောင် စီစဉ်နေကြပြီ သိလား"

နေဝင်းအောင်အပြောကြောင့် သူတို့အုပ်စု ဝိုင်းဟားကြ၏။

"အခု တီဗွီအစီအစဉ်တွေထဲက Presenter ဘယ်သူတွေကို သဘောကျလဲ"

နှုးညံ့၏ အမေးကို သူသူက အပြေးအလွှား ဝင်ဖြေသည်။

"ကိုကောင်းထက်ဇော်၊ ကိုဇင်အောင်၊ ကိုဖြိုးဇော်လင်းနဲ့ ကိုကျော်သူလင်းတို့ပေါ့"

"အောင်မယ်လေး နင့်ဟာကလည်း ရှယ်တွေချည်းပဲ၊ ဘောလုံးပွဲတွေ ဝင်ပွားတဲ့ အယ်ဒီတာချုပ် ကိုထွန်းနေစိုးရော မကြိုက်ဘူးလား"

"တော်ပါဟယ် မည်းမည်းသဲသဲကြီးကို"

"အေး. . နင်ပြောတာနော် သူသူ၊ ဆရာထွန်းနေစိုး အချိန်ကျရင် ဆရာ့ကို ငါပြောပြလိုက်မယ်"

"အဟဲ. . မောင်လေးကလည်း အဲလိုမပြောရဘူးလေ ဧရာကြီးလိမ့်မယ်၊ ဘာစားချင်လည်းပြော မမဝယ်ကျွေးမယ် သကြားလုံးစားမလား ပီကေဝါးမလား"

သူသူ၏ သောလုံးကြောင့် အားလုံးရယ်ကြရသည်။ ထိုအချိန်မှာ နေဝင်းအောင်က ဖုန်းကို အသင့်အနေအထားနှင့် ကိုင်ရင်း. . .

"ဒီမှာကြည့် အနာဂတ်ရဲ့ Presenter အကျော်အမော် ဖြစ်လာမယ့်သူ"

အားလုံးက ဖုန်းကိုယူပြီး လက်ဆင့်ကမ်းကာ ကြည့်ကြရင်း



www.burmeseclassic.com

www.burmeseclassic.com



တခွိခွိ တဟိဟိ ဖြစ်ကုန်ကြသည်။ နောက်ဆုံးတော့ ခိုင်ငြိမ်းစံ လက်သို့ရောက်လာ၏။ ခိုင်ငြိမ်းစံ ဖုန်းထဲက ပုံကိုကြည့်ပြီး မျက်နှာကြီးရဲတက်လာသည်။

မျက်နှာမရဲဘဲ မရှက်ဘဲ ခံနိုင်မလား အားလုံးက ကြည့်ပြီးသွားလို့ တဟားဟား အော်ရယ်ကြမှ သူကြည့်ခွင့်ရသည် မဟုတ်လား။

လုပ်ထားတာလည်း ကြည့်ဦး၊ ပုံက သူ့ပုံဆိုတာ သေချာပေမယ့် ရုပ်ပျက်ဆင်းပျက်ကြီး ဖြစ်နေသည်။ မျက်လုံးကြီးက ပြူးထွက်နေသလို နှာခေါင်းကလည်း ပွယောင်းယောင်းနှင့် နီရဲနေသည်။ ဒီကြားထဲ နားထင်နှစ်ဖက်မှ ဝက်နားရွက်နှစ်ဖက် ထိုးထိုးထောင်ထောင်နှင့် ထွက်နေသေး၏။

ဝစီပိတ် ခိုင်ငြိမ်းစံ ဒေါ်ပွကာ နဂါးမျက်စောင်းနှင့် နေဝင်းအောင်ကို ကြည့်နေပြီ။ အားလုံးကလည်း ဘာဆက်ဖြစ်လာမလဲဆိုတာ ရင်တထိတ်ထိတ်နှင့် မျှော်လင့်နေကြသည်။ နေဝင်းအောင်က စပ်ဖြဲဖြဲ မျက်နှာနှင့် ဝေါမိသောဖေါ လုပ်နေ၏။

"နေဝင်းအောင်. . နင်. . နင် လက်သရမ်းလှချည်လား"

"ဆော. . ဆောရီးဟာ. . ငါတောင်းပန်ပါတယ်"

နေဝင်းအောင်က သူ့ဖုန်းထဲမှ Change my face software ကိုသုံးကာ ဖျက်ဆီးထားသော ပုံအတွက် တောင်းပန်သည်။

"ဘာလို့ အဲဒီလိုလုပ်ရတာလဲ"

"ပြောရမလား"

"ပြော"

"နင်ပြောခိုင်းတာနော်၊ ကောင်းပြီ ပြောမယ် ငါလေ နင့်မျက်နှာကြီး အဲသလို ဖြစ်သွားရင်တောင် စိတ်မပျက်ဘဲ ချစ်နေမယ်ဆိုတာ ပြောချင်လို့ အဲဒီပုံလေးကို ဖန်တီးပြီး ချစ်စကားပြောရတာပါ"

"ဟင်"





"ဟာ"

"မိုက်တယ်ကွာ"

"အကောင်းဆုံး performance ပဲ နေဝင်းအောင်"

တစ်ယောက်တစ်ပေါက် ဝိုင်းဖြေဝိုင်းဝေဖန်ကြသဖြင့် ခိုင်ငြိမ်းစံ မျက်နှာမဖော်နိုင်အောင် ရှက်သွားသည်။ ဓာတ်ပုံကို ရုပ်ဖျက်ပုံပြောင်းသည့် ဖြစ်မှုက သေးသွားကာ ပရိုပို့စ်လုပ်သည့်အဖြစ်က ထင်းထင်းကြီးပေါ်ထွက်လာ၍ ဖြစ်သည်။

"နေဝင်းအောင်. . နင် တကယ်ပြောနေတာလား"

"တကယ်ပေါ့ဟာ၊ တို့တွေ ဒီမှာဆုံတာ သုံးလကျော်ပြီ၊ တအားလည်း ရင်းနှီးနေပြီ၊ ငါလည်း ဘယ်လိုမှ မျိုသိပ်မထားနိုင်တော့လို့ပါ ခိုင်ငြိမ်းစံ"

"ဒါ. . ဒါမျိုးက နှစ်ယောက်ထဲရှိမှ ပြောရတာမျိုးလေ၊ ခု. . နင်လုပ်ပုံက အားလုံးရှေ့မှာ အရှက်ခွဲသလိုပဲ"

"နင်အဲလို ထင်သွားလို့ ငါအရမ်းဝမ်းနည်းတယ်ဟာ၊ ငါ လူအများကြီးကို သက်သေထားပြီးပြောတာက တန်ဖိုးထားမှုကို ပိုပြီးပေါ်လွင်မယ်လို့ ယူဆမိလို့ပါ"

"ဟာ ဒိုင်ယာလော့ခ်ကလည်း အပျံစား၊ ပါဖေါင်(န်)မင့်(န်)တာလည်း အမိုက်စားပါလားကွ"

ငြိမ်းချမ်းဝေ ထောက်ခံပြောဆိုလိုက်မှ ပိုဆိုးသွားကာ ခိုင်ငြိမ်းစံ ဆိုင်ထဲမှ ပြေးထွက်သွားတော့သည်။ သူသူနှင့်နှုးညွှံ့တို့ လှမ်းခေါ်တာတောင် လှည့်မကြည့်တော့။

"သူ စိတ်ဆိုးသွားပြီ နေဝင်းအောင်"

"စိတ်ဆိုးတာမဟုတ်ဘူး ရှက်သွားတာ"

"အေးလေ မင်းကလည်းမင်းပဲ လူကြားထဲမှာ ပေါ်ပေါ်ကြီးသွားလုပ်တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏ ဝေဖန်မှုကို နေဝင်းအောင် တစ်ခွန်းတည်းနှင့် တုံ့ပြန်သည်။

"ငါ နောက်တာမဟုတ်ဘူး တကယ်ချစ်တာ "

"အဲဒါဆိုရင်တော့ သွားပြီ၊ ခိုင်ငြိမ်းစံက မင်းကို Black List သွင်းလိုက်ပြီ နေဝင်းအောင်. . ."

"အေး. . . အားလုံး Black List မဖြစ်အောင် ဒီဆိုင်က ရွှေ့မှ ဖြစ်တော့မှာနော် "

သင်တန်းချိန် နီးနေပြီဖြစ်ကြောင်း ဒီဒီး သတိပေးမှ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ကိုယ်စားတာ ကိုယ့်ဘာသာ စိတ်တွက်တွက်ကာ ပိုက်ဆံထုတ်ကြသည်။ သူသူက သူငယ်ချင်းများလက်မှ ငါးရာတန်တစ်ရွက်စီ ယူလိုက်ပြီး ဒီဒီးထံ မရောက်ခင်မှာပင်. . .

"ရပြီ. . ရပြီ. . ဒီလောက်ဆို ရပြီ သူသူရှင်းလိုက်မယ်"

ဒီဒီးက ဒီလိုမျိုးတာဝန်ယူတာကို လက်မခံနိုင်သဖြင့်. . တစ်ထောင်တန်တစ်ရွက် အတင်းပေးသည်။ သူသူက လုံးဝမယူဘဲ. . ငါးထောင်တန်နှင့် ကျသင့်သမျှကို ရှင်းသည်။

ပိုက်ဆံရှင်းပြီး ကျောပိုးအိတ်တွေ ချိုင့်တွေယူကြသည်။ ဒီတော့ ငြိမ်းချမ်းဝေ၏ လက်စင်ကို မိသွားပြန်သည်။ ဒီဒီးအိတ်နှင့် သူသူ့အိတ် နှစ်ပါးဂယောဆက်ပြီး ရွှေလက်မြိမြိ တွဲနေခဲ့ပြီ ဖြစ်သည်။

"ဟာ. . ဘယ်လိုဖြစ်တာလဲ၊ တို့အိတ်တွေ ဘာလို့တွဲနေတာလဲ၊ ဟာ စတပ်ပလာနဲ့ ချုပ်ထားတာကိုး. . ဟော့ကောင်တွေ ပြောစမ်း၊ ဒါ ဘယ်သူ့လက်ချက်လဲ"

"ဘယ်သိမလဲကွ"

အချိန်ကမရတော့သဖြင့် တရားခံကို မဖော်ထုတ်နိုင်တော့ပဲ ကျောပိုးအိတ်ကြီးမှ ကလစ်ကိုသာ အမြန်ဖြုတ်ပစ်ရသည်။ ငြိမ်းချမ်းဝေက ပြောင်စပ်စပ်မျက်နှာလေးနှင့်. . .





"အဟီး. . မင်းတို့နှစ်ယောက် ကျောပိုးအိတ်ချင်းတော့ ဖူးစာဆုံသွားကြပြီနော်၊ လူချင်းဆုံဖို့ပဲ ကျန်တော့တယ်"

"ဟော့ကောင် တော်ကွာ. . တော်၊ နောက်တယ်ပြောင်တယ်ဆိုတာ အတိုင်းအတာ ရှိတယ်ကွ"

ဒီဒီး ဘုတောသဖြင့် ငပြောင်နှစ်ကောင် ပါးစပ်ဘရိတ်အုပ်ထိုက်သလို ပိတ်သွားကြသည်။ ဆိုင်ထဲမှထွက်၍ မနီးမဝေးမှ Junction square သို့ ခပ်သွက်သွက်လျှောက်လာခဲ့ကြသည်။ ထိုအဆောက်အအုံမှ တတိယထပ် အခန်းနံပါတ် T.308 - 309 တွင် သူတို့ သင်တန်းကျောင်းရှိသည်။

သင်တန်းခန်းမထဲရောက်တော့ အချိန်မီသည်ဆိုရုံလေးပင်၊ သူတို့၏ လိုကယ်ထရိန်နာ (Local Trainer) မစုမွန်ထွေး ဝင်လာသည်။ မင်္ဂလာပါဟု အပြန်အလှန် နှုတ်ဆက်ကြသည်။ ဂါရဝနီဒါန်းပြီးသည်နှင့် သင်ခန်းစာများကို စတော့သည်။

"ဒီနေ့တော့ သင်တန်းသားတွေအားလုံး သတင်းကြေညာတဲ့ပုံစံကို အားလုံးလေ့ကျင့်ရပါမယ်"

"ဟုတ်ကဲ့. . "

"ဒါကြောင့် ခုံနံပါတ်ခေါ်မယ်၊ အဲဒီသင်တန်းသားက ဒီစတိတ်မှာ သတင်းကြေညာပြရပါ့မယ်၊ ကျရာသတင်းကို အတတ်နိုင်ဆုံး ကြိုးစားပြီး ပရော်ဖက်ရှင်နယ်ပီသအောင် အစွမ်းပြကြပါ"

"ဟုတ်ကဲ့ပါ စီနီယာ"

"ကဲ. . . ခုံနံပါတ် (27) ကွပါ"

သင်တန်းသားနံပါတ် (27)က နေဝင်းအောင် ဖြစ်နေသည်။ သင်တန်းသားများ လက်ခုပ်သြဘာပေးပြီး မြှောက်ပင့်ဂုဏ်ပြုလိုက်ကြသည်။ ဘော်ဒါတွေရှေ့မှာ အတော်မျက်နှာပြောင်နေသည့် နေဝင်းအောင်မှာ မျက်နှာငယ်လေးနှင့် ကြောက်ဒူးတုန်စွာဖြင့် အတန်းရှေ့သို့



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသည်။

"လာပါ၊ အားလုံးကို သင်တန်းသားရဲ့ နာမည်လေး မိတ်ဆက်ပေးလိုက်ပါ"

"ဟုတ်ကဲ့. . နေ. . နေဝင်းအောင်ပါ၊ ဟုတ်. . ဟုတ်ကဲ့ပါ၊ ကျွန်တော့်နာမည် နေဝင်းအောင် ဘော်ဒါဆောင်မှာ နေပါတယ်"

"ဝါး. . ဟား. . ဟား. . ဟား. ."

မျိုးကြော့မြိုင်၏ သီချင်းလို မိတ်ဆက်လိုက်သည့် နေဝင်းအောင်အား ဝိုင်းဟားလိုက်ကြသည်။ လိုကယ်ထရိန်နာက. . .

"ဟုတ်ပါပြီ ကိုနေဝင်းအောင် ဒီသတင်းလေးကို ကောင်းကောင်း ကြေညာပေးပါ"

"ဟုတ်. . ဟုတ်ကဲ့"

နေဝင်းအောင်က သတင်းရေးထားသည့် စာရွက်ကို အရင်ဆုံးဖတ်ကြည့်လိုက်သည်။ ချွေးပြန်သွားပုံရသည်။ ခေါင်းကုတ်လိုက် နှာခေါင်းပွတ်လိုက်နှင့် ဖြစ်နေသည်။

"မြန်မာစံတော်ချိန် ည ရှစ်နာရီ ရှိပါပြီ"

"သတင်းကြေညာပါတော့ဗျို့"

တစ်ယောက်တစ်ပေါက် ဝိုင်းကာ တောင်းဆိုကြ၍ နေဝင်းအောင် သူ၏ စီနီယာကို စောင်းငဲ့ကြည့်လိုက်သည်။ စီနီယာ ခေါင်းညိတ်ပြ၏။

"နှစ်. . နှစ်. . နှစ်ထောင့်ဆယ့်သုံးခုနှစ် ပြည်ထောင်စုဖလား ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ကရာတေး. . အဲ. . ကရာတေးပြိုင်ပွဲတွင်. . ဆု. . ဆုရရှိခဲ့ကြသော ရန်ကုန်မြို့. . တော်စည်ပင်သာ. . ယာရေးကော် မတီမှ ဝန်ထမ်းအား. . ကစားသမားများအား"

"ဟား. . ဟား. . ဟား. . ဟား"

အဖြစ်အတောက်တွေ အများများအယွင်းယွင်းနှင့် ဖတ်နေ





သည့် နေဝင်းအောင်၏ သတင်းကြေညာမှုပုံစံကြောင့် သင်တန်းခန်းမအတွင်း ရယ်သံတွေ အုန်းအုန်းထသွားသည်။

မစုမွန်ထွေးပင် မနေနိုင်တော့ တခွိခွိရယ်ရင်း. . .

"ကိုနေဝင်းအောင် ဖတ်တာ ဝက်သား,ခွဲရောင်းရန်ရှိသည်ဆိုတဲ့ ဆိုင်းဘုတ်လိုဖြစ်နေပြီ၊ အဲ့ဒီဆိုင်းဘုတ်က မွေးမြူရေးခြံတစ်ခုမှာ ချိတ်ထားတာ၊ သူ ဆိုလိုချင်တဲ့သဘောက နို့ဖြတ်တဲ့အရွယ် ဝက်သားပေါက်လေးတွေ ရောင်းဖို့ရှိတယ်လို့ ပြောချင်တာ၊ ဒါပေမယ့် ဝက်သားခွဲရောင်းရန်ရှိသည်ဆိုတော့ ဝက်သားကို ဘယ်လိုခွဲပြီး ရောင်းမှာလဲ၊ တစ်ဆယ်သား ငါးကျပ်သားစီ ခွဲရောင်းမှာလား၊ အဲ့ဒီလိုသဘောမျိုးဖြစ်သွားရော"

"ဟုတ်ကဲ့"

"တကယ်တမ်း ရေးရမှာက ဝက်. . သားခွဲရောင်းရန်ရှိသည်လို့ ဖြစ်ရမှာလေ"

"ဟုတ်. ."

"ကိုနေဝင်းအောင် ကြားဖူးမှာပေါ့၊ မသာရထားငှားရန်ရှိသည်ဆိုတာကို မသာရ ထား(ဓား)ငှားရန်ရှိသည်လို့ ဖတ်တာလေ"

"ဟုတ်ကဲ့. ."

"ဒါကြောင့် ရှေးလူကြီးတွေက ပြောတာ၊ စာမတတ် လမ်းမှာ ဖတ်တဲ့၊ ဖတ်လို့ အမှားကြီးဖြစ်နေရင် မှန်တာကိုသိတဲ့လူက ပြင်ပြီး ဖတ်ပေးမယ်ဆိုတဲ့ သဘောပေါ့"

"ဟုတ်. . ."

"ဟုတ်ပြီ. . ဒါဆို အဖြတ်အတောက် မှန်မှန်လေးနဲ့ ထပ်ကြိုးစားကြည့်ပါဦး"

မစုမွန်ထွေး ရှင်းပြပြောဆိုပြီးသည့်အခါ နေဝင်းအောင် ထပ်၍ကြိုးစားကာ သတင်းကြေညာပြန်သည်။ ဒီတစ်ခါတော့ စာဖတ်နှေး



www.burmeseclassic.com

www.burmeseclassic.com



တာကလွဲပြီး အဖြတ်အတောက် မှန်သည်မို့ အားလုံးက လက်ခုပ်တီး ကာ အားပေးလိုက်ကြသည်။

နောက်တစ်ခါ အီလှည့်ကျသူက ခုံနံပါတ်(၅၀) သော်တာဝင်း ဆိုသည့် ကောင်မလေးဖြစ်၏။ သူ နိုင်ငံတကာ သတင်းတစ်ပုဒ် ကြေ ညာဖို့ အလှည့်ကျသည်။ သော်တာဝင်းက ရုပ်ရည်ပြေပြစ်သလို အသံ သြဇာလည်းကောင်း၏။ သို့သော်. . .

"အာဖဂန်နစ္စသန်နိုင်ငံ အချေ့ပိုင်းပြည်နယ်များတွင် အာဖ ဂန်နစ္စသန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နေသိုးဦးဆောင်တော နိုင်ငံသ ကာ လုံခြုံရေးအထောက်အကူပြု သပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)သို့ ပူးပေါင်းစစ်ဆင်ရေးပြုလုပ်စဉ် လက်ပစ်ဗုံး ဆယ့်တုံးလုံးကို တိမ်းဆည်း ရမိကြောင်း အာဖဂန်အစိုးရက ပြောကြားလိုက်တည်"

သော်တာဝင်း သတင်းကြေညာသွားတာ စကားမပီ'တ'နှင့် 'သ'မကွဲသလို 'ရ'နှင့်'ချ'နှင့်လည်း မကွဲ၊ လူတစ်ယောက်၏ အားနည်း ချက်ကို မလှောင်ပြောင်လို၍ လူကြီးလူကောင်းများ ပီသစွာ လက်ခုပ် တီး အားပေးလိုက်ကြပြန်သည်။

နောက်ထပ် မဲပေါက်သူက ဒီဒီး၊ ဒီဒီးက ယုံကြည်မှုအပြည့်နှင့် အတန်းရှေ့ထွက်ပြီး စတိတ်ခုံပေါ်တက်သည်။ စီနီယာလိုကယ်ထရိုင် နာ ပေးသည့်စာရွက်ကို လှမ်းယူပြီး စိတ်ထဲက တစ်ခေါက်ဖတ်ကြည့် သည်။ ပြီးတော့ အထစ်အငေါ့မရှိ တောက်လျှောက်ဖတ်လိုက်၏။

"ဘရာဇီးနိုင်ငံတောင်ပိုင်း ကူရီတီဘာမြို့ရှိ အီဗန်ဂီလီကာ ဆေးရုံ၏ အထူးကြပ်မတ်ကုသဆောင်၌ လူနာခုနစ်ဦးကို သတ်ပစ်ခဲ့ သည်ဟု စွပ်စွဲခံထားရသော ဆရာဝန်သည်. . လူနာ(၃၀၀)သေဆုံးမှု တွင်လည်း တာဝန်ရှိသူ ဖြစ်ဖွယ်ရာရှိသည်ဟု ကျန်းမာရေးဌာနမှ စစ် ဆေးရေးအရာရှိတစ်ဦးက ပြောကြားသည်"

ဖတ်ကြားမှု ပြီးဆုံးသွားသောအခါ လက်ခုပ်သြဘာသံများ





တခဲနက် ထွက်ပေါ်လာ၏။ ဒီဒီးဆိုတာ အနူတောက လူချောလား၊ တကယ်ပဲ အရည်အချင်း ရှိသူလားဆိုတာတော့ တရုတ်လူမျိုးမဟုတ် သော. . 'အချိန်'ဆိုသည့် ဒိုင်လူကြီးကသာ အဆုံးအဖြတ်ပေးနိုင်မည် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

သင်တန်းနားရက်တွင် ဒီဒီးတစ်ယောက်တည်း မှန်ရှေ့မှာ အမူအရာကျင့်နေသည်။ မြန်မာ့ရုပ်မြင်သံကြားလောကမှာ သတင်းကြေညာသူတွေ အနောင်စာတွေ၊ ပရင်(န်)စင်တာတွေ အသေကောင်လို မလှုပ်မယှက် အနေအထားမှ ဖုတ်ဝင်လာသကဲ့သို့ သက်ဝင်လှုပ်ရှားလာတာ သိပ်မကြာလှသေး။

ရုပ်မြင်သံကြား ပေါ်ဦးစကာလ သတင်းကြေညာသူ မဆိုထားနှင့် သီချင်းသီဆိုသူများပါ မလှုပ်မယှက် တောင့်တောင့်ကြီး ဖျော်ဖြေကြ





သည်ဟု အမေတို့ပြန်ပြောတာ ဒီဒီးကြားဖူးသည်။

MRTV4 ပေါ်လာမှ ရှေးရိုးစွဲ အမူအကျင့်တွေ တဖြည်းဖြည်းချင်း ပြောင်းလာကြသည်။ ဒါတောင် နိုင်ငံခြားသတင်းဌာနမှ သူများကိုလုံးဝမမီသေး၊ သူတို့တွေကတော့ လွန်ပါသည်။

စကားပြောပုံကိုက ခေါင်းတယမ်းယမ်း လည်တယမ်းယမ်းမျက်စမျက်နှ မျက်ခုံးကအစ လှုပ်လို့ရတာ အကုန်လှုပ်ပြီး စကားပြောကြ ကြေညာကြသည်။

တချို့ဆို မျက်လုံးကြီး ပြူးကြည့်တဲ့သူတွေတောင် တွေ့ရသလိုမေးထိုးလိုက်၊ မျက်နှာကို ဘေးတိုက်စောင်းလိုက်နှင့် အငြိမ်မနေသူများကိုလည်း တွေ့ရသည်။

ဘယ်လိုသတင်းဌာနမှ ဝန်ထမ်းပဲဖြစ်ပါစေ တူညီသော အချက်ကတော့ ဆွဲဆောင်မှုရှိသည့် ရုပ်နှင့် အသံ၏ကောင်းခြင်းများပိုင်ဆိုင်သူတို့သာ သက်တမ်းရှည်ကြသည်ကို သတိပြုမိသည်။

ဒီဒီးလည်း ကိုကောင်းထက်ဇော်တို့ ကိုဇင်အောင်တို့ကို စံထားတာ အတုယူ ကြိုးစားနေသူဖြစ်သည်။

ကိုကောင်းထက်ဇော်၏ သွားမယ်စားမယ်၊ ဂဏန်းသင်္ချာ ဖျော်ဖြေရာ(ကိုကျော်သူလင်းနှင့် တွဲဖက်၍) ငါးတန်းနှင့်ပြိုင် ဘယ်သူနိုင် အစီအစဉ်များကို မလွတ်တမ်းကြည့်သည်။

ထိုအစီအစဉ်အားလုံး အတုယူစရာကောင်းအောင် စီစဉ်တင်ဆက်နိုင်သော်လည်း လူပြောများတာက သွားမယ်စားမယ် အစီအစဉ်ပဲဖြစ်သည်။ ကိုကောင်းထက်ဇော်၏ စီစဉ်တင်ဆက် သရုပ်ဆောင်မှုများနှင့် ကင်မရာရိုက်ချက်များ ကောင်းမွန်သော်လည်း ထိုအစီအစဉ်ကသူတန်းစား အလွှာအသီးသီးကို အကျိုးမပြုဟု အသံတွေ မြည်နေသည်။

ထိုအစီအစဉ်ကိုကြည့်ရင်း ထမင်းစားမိသော ပဲပြုတ်သည်ဒေါ်

www.burmeseclassic.com



မြိုင်နှင့် ဆိုက်ကားဆရာကိုသာယာတို့ ထမင်းမဝင်ပဲ အပင်းနင်သလို ဖြစ်ကာ ငိုမိကြသည်ဟု သတင်းစကားတွေ ကြားရသည်။

ကိုကောင်းထက်ဇော် သွားပြီးစားပြသည့် ဟင်းလျာတွေက တစ်ပွဲလျှင် အနိမ့်ဆုံး ငါးထောင်လောက် ကျသင့်နေတော့လည်း ငွေကို လေလို ဖြုန်းနိုင်သည့် လူတစ်စုသာ ဆင့်ပွားခံစားနိုင်မည့် အစီအစဉ် ဖြစ်နေလေသည်။

ဒါမျိုးကို ဒီဒီးကိုယ်တိုင်လည်း ကြုံဖူးသည်။ ချဉ်ပေါင်ဟင်းဆမ်း ပြီး ငပိရည်နှင့်နယ်ကာ ငါးကြော်တစ်ကောင် ထည့်ထားသည့် ဇလုံကို ပိုက်၍ ထမင်းစားရင်း တီဗီကြည့်စဉ် သွားမယ်စားမယ် အစီအစဉ်နှင့် ကြုံသည်။


ကိုယ်က ငါးကြော်လေးမကုန်အောင် ချွေတာကာ ဟဲနေချိန် မှာ ကိုကောင်းက ပုစွန်တုပ်မီးကင်ကို ထမင်းမပါပဲ လွေးနေသည်။

ကင်ပြီးတာတောင် တစ်ထွာကျော်ရှိသေးသည့် ပုစွန်တုပ်ကို တူနှင့်ဖွဲ့၊ အချဉ်ရည်တို့ပြီး အရသာခံကာ ဘယ်ပါးစောင်မှ ညာပါး စောင်ပို့၍ ဝါးစားသည်။ ဘယ်လိုအရသာတွေ ခံစားရကြောင်း ဖော် သတ်ကို ရှင်းပြသည်။

ပြီးတော့ အလုံးမပျက်စေဘဲ ထိပ်လုပ်ကာ အထဲမှာ ဝက်သုံး ထပ်သား ထည့်ပေါင်းထားသည့် ကျောက်ဖရုံဝက်သားပေါင်းကို မြိန် မြိန်ကြီး မြည်းပြပြန်သည်။ အရသာကို ပိုင်ပိုင်နိုင်နိုင် ခံစားပြီးသည့်အခါ သူ့ထုံးစံအတိုင်း ပလုတ်ပလောင်းလေသံနှင့် 'ဟမ်း(မ်း)ကောင်းတယ် တော်တော်လေးကောင်းတယ်၊ ဖရုံသီးရဲ့ အချိုဓါတ်ဝင်နေတဲ့ သုံးထပ် သားက နူးညံ့ပြီး ဝါးလို့ကောင်းရုံလေး အနေတော်ပဲ၊ ဟင်းခတ်အမွှေး အကြိုင်တွေနဲ့ သံပရာသီးအခွံကို ပါးပါးလှီးထည့်ထားတော့ အအီပြေပြီး အနံ့အရသာပါ ကောင်းနေတယ်၊ မိုက်တယ်ဗျာ'ဟု ခွဲခြမ်းစိတ်ဖြာပြ သည်။








တစ်ယောက်တည်း ဟင်းသုံးလေးပွဲကို မြည်းပြနေတာကြည့်ပြီး ဒီဒီးပင် သွားရည်တမြားမြားကျခဲ့ရသည်။ ကိုယ့်ပန်းကန် ကိုယ်ငုံ့ကြည့် တော့ ချဉ်လွန်းခြင်း ငန်လွန်းခြင်းတို့သာ လွှမ်းမိုးနေသည့် ချဉ်ချဉ်တူးတူး ပိုက်ဝရင်ပြီးရောဟူသည့် စားစရာကိုသာ တွေ့သည်။

စိတ်ပျက်လက်ပျက်နှင့် ပါးစပ်ထဲ တလုတ်ထည့်လိုက်တော့. . 'ထမ်. . ချဉ်လိုက် ငန်လိုက် စပ်လိုက်နဲ့ တအားကို စိတ်ပျက်ဖို့ ကောင်း တာပါပဲဗျာ'ဟုသာ ပြောစရာရှိတော့၏။

မြင်နေရသည့် ပုစွန်ကင်၊ ကျောက်ဖရုံ၊ ဝက်သားပေါင်းနှင့် ငါးကြင်းကြော်နှပ် အကောင်လိုက်တို့ကြောင့် ကိုယ်စားနေသည့် ထမင်း နှင့်ဟင်းက အီသီယိုးပီးယား ဘရိတ်ဖတ်(စ်) ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြိုင်နှင့် ကိုသာယာတို့ကဲ့သို့ပင်၊ ဒီဒီးလည်း အပင်းဝင်သလို ထမင်းနင်သွားသည်။ ထားပါတော့လေ စားဦးစားဖျား စားကောင်းသောက်ဖွယ်များကို ကိုယ့်ပိုက်ဆံ တစ်ပြားမှမကုန်ပဲ စားသောက်ခွင့်ရနေတာကို ကောင်းထက်ဇော်၏ အတိတ်ကံကောင်းခြင်းဟု သတ်မှတ်လိုက်တာပဲ ကောင်းမည်ထင်သည်။

အရင်ဘဝက စတုဒီသာတွေ၊ ပဉ္စဒီသာတွေ ကို ဘီယာချောင်းစီး မောင်းတီးပြီး လှူဒါန်းခဲ့သည့် ကောင်းမှုနှင့် ဒီဘဝမှာ ဖရီးကစ်တွေ ဂရီး၊ဂရီး. . ကစ်နေရတာ မနာလိုဖြစ်နေလျှင်လည်း ဇတ်တာသာ အဖတ်တင်မှာမို့ ရှိတာလေးနှင့် ဝအောင်စားခဲ့ရတာကလည်း အကြိမ်ကြိမ်. . .။

ဒီတော့ လူငယ်မီဒီယာသမားတွေ သူ့ကို အားကျကြတာ ဘာမှမဆန်း၊ သူ့ကို အတုယူ၍ ကိုယ်ပိုင်အရည်အချင်း လင်းလက်အောင် ကြိုးစားဖို့သာ ရှိတော့သည်။ ဒီဒီး မှန်ထဲမှ သူ့ရုပ်သွင်ကိုကြည့်ရင်း. .

"အဟင်း. . မေးခွန်းတွေကို မဖြေနိုင်တော့ဘူးဆိုရင်ဖြင့်. . ကျွန်တော် မောင်နေတိုးဟာ ငါးတန်းနဲ့ ပြိုင်တာတောင် ဘယ်လိုမှမနိုင်ပါဘူးခင်ဗျာလို့ လက်လေးပိုက်ပြီး ရိုရိုသေသေနဲ့ ပြောပြရမယ်၊ ဒါကို သဘောတူပါတယ်နော်"

"အဟီး. . ဟီး. . ဟီး. . ကိုကြီးပြောတာ ကိုကောင်းထက်ဇော်နဲ့လည်း မတူဘူး"

ညီမလေး မီးမီး၏ လှောင်ပြောင်သံကို ရုတ်တရက် ကြားလိုက်ရ၍ ဒီဒီး အတော်ရှက်သွားသည်။

"ဘာလာဖြစ်နေတာလဲ မီးမီး၊ ဒီမှာ ငါ့ဘာသာငါ လေ့ကျင့်နေတာကို နင်နော်"

"ဖေဖေကလည်း ငါးတန်းနဲ့ ပြိုင်ချင်လို့တဲ့၊ ကိုကြီးကို ခေါ်နေတယ်"





မီးမီးက ခပ်နောက်နောက်ပြောရင်း ပြေးထွက်သွားသည်။ တော်ကီနှင့် အိုက်တင်တွဲကျင့်နေတာ အရှိန်ပျက်သွားသဖြင့် ဒီဒီး မကြည်မလင်နှင့် အခန်းထဲမှ ထွက်လာခဲ့၏။

အောက်ထပ်ရောက်တော့ ဂျာနယ်ဖတ်နေသည့် ဖေဖေက မျက်မှန်ပေါ်မှကျော်တာ လှမ်းကြည့်ရင်း. . .

"ဟဲလို. . မိုင်ဆန်း၊ ဟောင်းဒူးယူဒူး၊ ဘာတွေဒူးပြီး ဘာတွေလုပ်နေသလဲ၊ အေးအေးဆေးဆေး မတွေ့ရတာကြာလို့ စကားပြောရအောင် ခေါ်ခိုင်းလိုက်တာ"

"ဗျာ. . ဟုတ်လား၊ ဖေဖေလည်း ဒီနေ့အားတယ်ပေါ့"

"အေး. . အလုပ်တွေ တအားပင်ပန်းလွန်းလို့ ခွင့်သုံးရက်ရထားတာ"

ဖေဖေက နာမည်ကြီး လူသုံးကုန်ပစ္စည်း စက်ရုံကြီးမှာ မန်နေဂျာချုပ်ဖြစ်သည်။ ဖေဖေတို့စက်ရုံက ကော်ဖီမစ်၊ သွားတိုက်ဆေးဆပ်ပြာနှင့် ခေါင်းလျှော်ရည်ထုပ်များ ထုတ်လုပ်သည်။ တစ်နိုင်ငံလုံး တွင် ကျယ်စွာ ရောင်းရသဖြင့် လခလည်း ကောင်းကောင်းရသည်။

"ငါ့သားသင်တန်းက အဆင်ပြေရဲ့လား"

"ပြေပါတယ် ဖေဖေ"

"ကိုကြီးပြေပေမယ့် သမီးတို့ မပြေဘူးဖေဖေ၊ အိမ်မှာ အိုက်ထင်ကျင့်လိုက်၊ ဗိုင်ယာလော့ကျင့်လိုက်နဲ့ မျက်စိကို နောက်နေတာပဲ"

"အငယ်မနော်"

"ကဲ. . ကဲ. . သမီးက မေမေ့ကို သွားကူလိုက်၊ ထမင်းကျက်ရင် စားကြမယ်"

ဖေဖေက မီးမီးကို ပထုတ်လိုက်မှပဲ စကားကောင်းကောင်း ပြောခွင့်ရတော့သည်။

"သင်တန်းပြီးရင် အလုပ်ရဖို့က"



www.burmeseclassic.com

www.burmeseclassic.com



"ဘွဲ့ရတွေအတွက် အနေအထားကောင်းတယ်လို့ ပြောပါတယ်၊ အများစုက ဆယ်တန်းအောင်တွေပဲဆိုတော့ အဆင်ပြေမှာပါ"

"ဒါဆို ကောင်းတာပေါ့၊ ဒါနဲ့ ရည်းစားတွေဘာတွေ ရနေပြီလား"

"အဟဲ. . ဟဲ. . ဟဲ. . ဖေဖေကလည်းဗျာ၊ အလုပ်တောင် ဘယ်ဆီနေမှန်း မသိတာကို လုံးဝ အစမလုပ်ဘူး"

"အင်း ဒီလိုပါပဲလေ၊ ပညာတတ်တာနဲ့ အိမ်ထောင်ပြုတာက ပြောင်းပြန်အချိုးကျတယ်ကွ၊ ပညာတတ်လေလေ အိမ်ထောင်ပြုတာ နောက်ကျလေလေပဲ"



"ဟုတ်မယ်ဖေဖေ၊ အခု သားတို့ သင်တန်းမှူးဆရာမလည်း အပျိုကြီးပဲ"

"မိန်းမတွေ ပညာတတ်ဖြစ်ရင် ပိုဆိုးတယ်ကွ၊ သူတို့ထက် အစစအရာရာသာတဲ့လူ ရှာရင်းနဲ့ ဟိုင်းပြီး ပြိုင်းသွားရော"





"ဟား. . ဟား. . ဟား. . ပြောလိုက်မှဖြင့် ပယ်ပယ်နယ်နယ်ပဲ ဖေဖေရာ"

"ကဲ ဖေဖေနဲ့ ကိုကြီး ပြင်ပြီးပြီ၊ စားလို့ရပြီ"

ဦးအောင်ဒင်နှင့် ဒီဒီးတို့မောင်နှမ နောက်ဖေးသို့ ဝင်ခဲ့ကြသည်။ ထမင်းစားပွဲပေါ်မှာ ပူပူနွေးနွေး ထမင်းဟင်းတွေက အသင့်၊ ဒီဒီး ဟင်းများကို လှမ်းရှုလိုက်သည်။ ဒန့်သလွန်သီးနှင့် ငါးကို အရည်သောက်ချက်ထားပြီး ပဲကြီးနှပ်အပြင် အတို့အမြှုပ်အစုံနှင့်ဆိုတော့ စားလို့ကောင်းဦးမည်ဟု တွေးလိုက်သည်။

ကိုကောင်းထက်ဇော် စားပြသည့် ဟင်းလျာများနှင့် မယှဉ်သာသော်လည်း ဒါကမှ တကယ့်ဗမာကြိုက်ဟင်းလျာ ဖြစ်သည်ဟု တွေးမိတော့ ဒီဒီး ပြုံးစိစိဖြစ်သွားသည်။

"ဟဲ့. . ဒီဒီး ထမင်းပွဲကြည့်ပြီး ပြုံးစိစိနဲ့ ဘာဖြစ်နေတာလဲ၊ တော့ ရည်းစားကို သတိရနေတာလား"

"ဟား. . လာပြန်ပြီ တစ်ယောက်၊ ဒီနေ့ ဖေဖေနဲ့ မေမေ ဘယ်လိုဖြစ်ပြီး သားမှာ ရည်းစားရှိနေတယ်လို့ ထင်နေကြတာလဲ"

ထမင်းဝိုင်းမှာ ဝင်ထိုင်လိုက်ကြရင်း အမေးအဖြေတွေ စလိုက်ကြသည်။

"ဪ. . သားရယ်၊ ဘွဲ့ရသွားတဲ့ လူတစ်ယောက်အဖို့ ပညာနဲ့ရင် ကြင်ယာစုံဖို့ပဲ ရှိတော့တာလေ၊ အဲဒါကြောင့်မေးတာ"

"ဒီခေတ်မှာ ဘယ်တော့မှ ပညာမစုံဘူးအမေ၊ ရထားတဲ့ဘွဲ့ဆိုတာကလည်း အာဆီယံအဆင့်တောင် မီတာမဟုတ်ဘူး"

"ဒါဆို ဘာလို့ပြုံးတာလဲ ကိုကြီး"

"အဟင်း. . ကောင်းထက်ဇော်စားပြတဲ့ဟင်းတွေ မြင်ယောင်မိလို့ပါ"

"ဪ ဒီလိုကိုး"



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရင်းသိမှပဲ ခေါင်းတညိတ်ညိတ်နှင့် ထမင်းစ စားဖြစ်ကြသည်။ ဗမာ့ပါးစပ်နှင့် လိုက်ဖက်သော ဗမာ့ဟင်းလျာ အစစ်နှင့်သာ လက်တွေ့ကျကျ စားလိုက်ကြ၏။

"အင်း သင်တန်းပြီးတဲ့အခါ MRTV4 မှာ သားအလုပ်ရရင် ကောင်းမယ်ကွယ်၊ အမေတူသား အချောအလှလေး သတင်းကြေညာမှာကို ကောင်မလေးတွေ စောင့်ကြည့်ကြမှာ မြင်ယောင်သေးတော့ ကွယ်"

ဒေါ်သဇင်၏ စကားကြောင့် ဦးအောင်ဒင် မျက်ထောင့်နီကြီးနှင့် လှမ်းကြည့်သည်။

"ဘာလဲ မင်းတို့တုန်းက သိန်းလှမော်ကို ဝိုင်းဖမ်းကြသလိုမျိုးလားကွ. . . ဟေ"

"ဟိုလူကြီးနော် ပေါက်ပေါက်ရှာရှာ၊ ဘာတွေပြောနေတာလဲ"

သတင်းအစအန ရသွားသည့် မီးမီးက. . .

"ဖေဖေ သိန်းလှမော်ဆိုတာ ဘယ်သူလဲ၊ မေမေနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

သမီး၏ စပ်စပ်စုစုအမေးကြောင့် ဒေါ်သဇင် ရှက်သလိုလို မျက်စိမျက်နှာ ပျက်သွားသည်။

"အင်း. . . ပြောရရင် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို မကောင်းဘဲ ရှိတော့မယ်ကွာ"

"ကိုအောင်ဒင်. . တော်. . ပေါက်ကရပြောဖို့ မကြံနဲ့နော်"

"ဖေဖေ. . ပြော. . ပြော. . သမီး အရမ်းသိချင်နေပြီ"

မီးမီးက အအူတင်းတိုက်တွန်းနေသလို ဦးအောင်ဒင်ကလည်း ပြောတော့မလို ဟန်ပြင်နေတော့ ဒေါ်သဇင် မျက်စောင်းထိုးရင်းနှင့်သာ ဟန့်တားနိုင်တော့၏။

"အင်း. . အရေးအခင်း မဖြစ်ခင်ကပေါ့ကွာ၊ မင်းတို့အမေ





အသက်(၂၀) ဝန်းကျင်လောက်ကပေါ့"

"ကိုအောင်ဒင်. ."

ဒေါ်သဇင်က စူးစူးဝါးဝါး အသံနှင့်တားသည်။ မရတော့ ဦးအောင်ဒင် ဖော်ကောင်ဘညွှန့်လုပ်ပြီ။

"သိန်းလှမော်ဆိုတာ. . သိပ်ချောသိပ်ခန့်တဲ့ ယောက်ျားတစ်ယောက်၊ သူက မြန်မာ့ရုပ်မြင်သံကြား MRTV မှာ သတင်းကြေညာသူပေါ့၊ အဲဒီတုန်းက အပျိုတွေရော အအိုတွေပါ ညရှစ်နာရီထိုးတာနဲ့ တီဗွီရှေ့ ရောက်ကုန်ကြရော၊ သတင်းစိတ်ဝင်စားလို့ မဟုတ်ဘူး၊ သိန်းလှမော်ကို ငမ်းချင်လို့"

ဦးအောင်ဒင်၏ စကားကြောင့် ဒီဒီးနှင့် မီးမီးတို့ ရယ်ကြသည်။

ဒေါ်သဇင် မျက်နှာက ဆူပုပ်ပုပ်. . .

"အဲဒီတုန်းက အိမ်တိုင်းမှာ တီဗွီရှိသေးတာ မဟုတ်ဘူး၊ တအယ့်သူဌေးတွေမှ တီဗွီဝယ်နိုင်တာ၊ သူတို့အိမ်သွားပြီး ပိုက်ဆံ ငါးမူးတစ်ကျပ် ပေးကြည့်ကြရတာ. . မင်းအမေ ရှေ့ဆုံးကပေါ့"

ဒီဒီးတို့ရယ်သံက မစဲတော့. . . ထမင်းတောင် သီးသည်။

"အဖေတို့ကလည်း ညဘက်မှ ချိန်းတွေ့ရတာ"

"ကိုအောင်ဒင် တော်တော့ဆို. . ."

ဒေါ်သဇင်၏ တားမြစ်မိန့်ကို ဦးအောင်ဒင် မနာခံဘဲ အာဏာဖီဆန်သည်။ အမှန်တရားကို ဖော်ထုတ်တော့မည်ဆိုသည့် သံမဏိစိတ်ဓါတ်မျိုးနှင့် ပါးစပ်လှုပ်သည်။

"အဖေလည်း သူ တီဗွီသွားကြည့်တဲ့ အိမ်နားက မှောင်ရိပ်မှာ ထိုင်စောင့်ရတာ ခြင်တွေကလည်းကိုက်နဲ့"

မီးမီးထံမှ ခွီးခနဲ ရယ်သံထွက်လာသည်။ ဒီဒီးက မေမေ့ကို အားနာသဖြင့် ရယ်ချင်စိတ်ကို မျိုသိပ်နေရသည်။

"သတင်းကြာရင် ကြာသလို မင်းအမေက ပေါ်မလာတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



အဖေ့မှာ မျှော်တော်ဇောနဲ့ မောနေရတာ၊ သတင်းပြီးလို့ ထွက်လာကြမှ တွေ့ရတာဆိုတော့ သတင်းကြာလို့ အချိန်လင့်သွားရင် ခဏပဲ တွေ့ရတော့တာပေါ့"

"တော်တော်ဆိုးတဲ့ မေမေပဲနော်"

ဒေါ်သဇင်က သူ့ကို ဝေဖန်ပုတ်ခတ်သည့် ချစ်သမီး၏ လက်မောင်းအား ဖြန်းခနဲ ရိုက်လိုက်၏။

"အဲ့ဒါနဲ့ ဆက်ပြောပါဦး ဖေဖေ"

ဒီဒီးကပါ တို့မီးရှို့မီး လုပ်လိုက်သဖြင့် မေမေ့မျက်စောင်းက သူ့ထံ ဒိုင်းခနဲ ရောက်လာပြန်သည်။

"တွေ့ခွင့်ရတော့လည်း . . သဇင်ရယ် ကြာလိုက်တာ၊ ကိုယ့်မှာဖြင့် လွမ်းရလွန်းလို့ ခြေသလုံးတောင် တောင့်နေပြီ . . ဘာညာနဲ့ ရွှေရချွဲရတာပေါ့"

"အဲဒီတော့"

"အဲဒီတော့မှ သေချင်စော် နံရတာပေါ့၊ ဒင်းက ဘာပြန်ပြောတယ် မှတ်သလဲ"

"ပြောပါဦး ဖေဖေ"

"အို ကိုသိန်းလှမော်ကလည်း . . အခု တွေ့နေရပြီပဲဟာတဲ့"

ဒီဒီးနှင့် မီးမီးတို့ ခွက်ထိုးခွက်လှန် ရယ်ကြသည်။

မခံနိုင်တော့သော ဒေါ်သဇင်ကလည်း ပြန်ခွပ်၏။

"အောင်မာ ရှင်တို့ကော ဘာထူးလို့လဲ၊ ထက်ထက်မိုးဦးကြော်ငြာပဲ စောင့်ကြည့်နေကြတာလေ"

"အေး . . ဟုတ်တယ်လေ၊ ဒါပေမယ့် မင်းကို ထက်ထက်မိုးဦးလို့ တစ်ခါမှ မှားမခေါ်ခဲ့ဖူးဘူး၊ တော်သေးတာပေါ့ . . အဲဒီတုန်းက အာဏာသိမ်းခေါင်းဆောင် ဗိုလ်ချုပ်ကြီး စောမောင်ကိုပဲ ကျေးဇူးတင်ရမယ်"





"ဟောဗျာ ဘာဖြစ်လို့လဲ ဖေဖေ"

"ကိုသိန်းလှမော်က မြန်မာ့ရုပ်မြင်သံကြားက ဝန်ထမ်းလေ၊ ရှစ်လေးလုံး ဆန္ဒပြပွဲမှာ ပါမိလို့ အလုပ်ပြုတ်သွားတာပေါ့၊ တီဗွီဖန်သားပြင်မှာ လုံးဝကို ပေါ်မလာတော့ဘူး"

ကိုင်းမှတ်ကရော၊ စစ်တပ်က အာဏာသိမ်းတာကို ကျေးဇူးတင်သူဟူ၍ ဖေဖေဦးအောင်ဒင်တစ်ယောက်သာ ရှိလိမ့်မည်ထင်၏။

စကားပြောလို့လည်း . . ကောင်း၊ ထမင်းစားလို့လည်း . . ကောင်းမို့ ထမင်းရေဟင်းပါ ထည့်မလောက် ဖြစ်နေသည်။

"ဒီခေတ်လူငယ်တွေ တအားကံကောင်းပါတယ်ကွာ၊ ဘယ်လောကကိုပဲကြည့်ကြည့် ပညာလိုချင်တဲ့ သူတွေအတွက် အခွင့်အလမ်းတွေက အပြည့်ပဲ"

"ဟုတ်တယ် ဖေဖေ၊ သီချင်းဆို ဝါသနာပါတဲ့လူတွေအတွက်ဆို ပိုတောင်ကောင်းသေး၊ ဘယ်ချယ်နယ်(Channel)မှာပဲဖြစ်ဖြစ် သီချင်းဆိုပြိုင်ပွဲက မပါမပြီးပဲ၊ သမီးတောင် အိပ်မက်ဆုံးရာမှာ ဝင်ပြိုင်မလားလို့"

"တော်စမ်းပါ မီးမီးရာ၊ ကြောင်နှစ်ကောင် ရန်ဖြစ်တဲ့အသံမျိုးနဲ့ နင်ကဝင်ပြိုင်ဦးမလို့လား"

"ကိုကြီးနော် သူများကို မှိုချိုးမျှစ်ချိုး"

လူကြီးတွေ ပွဲပြီးသွားတော့ ဒီဒီးတို့မောင်နှမ တစ်ယောက်တစ်ခွန်းပြောရင်း နှိပ်ကွပ်ဖို့ တာစူနေကြသည်။ ထိုအချိန်တွင် အိမ်ရှေ့မှ လူခေါ်ဘဲလ်သံ ကြားရသဖြင့် ဒီဒီးကမန်းကတန်း လက်ဆေးပြီး ထွက်လာခဲ့၏။

အိမ်ပေါက်ဝ ရောက်နေသည်က . . ငြိမ်းချမ်းဝေနှင့် နေဝင်းအောင်တို့ ဖြစ်သည်။ ဒီကောင်တွေ ဘာလာရှုပ်ပြန်ပြီလဲ မသိ။

"သွားပါဦး ကန်တော့ပါသေးရဲ့"

"ဟေ့ကောင် အခွက်ပြောင်မနေနဲ့၊ ဒေါင်ဆိုင်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီး တံခါးဖွင့်ပေးလိုက်တော့ နှစ်ယောက်သား ဧည့်ခန်းမှာ ဝင်ထိုင်ကြသည်။ ဂျာနယ်ဆွဲသူဆွဲ၊ ရေနွေးထည့်သူထည့်နှင့် ထင်တိုင်းကျဲကြတော့၏။

"ဒါဆိုလည်း ခဏစောင့်ကြ၊ ငါ အဝတ်အစား သွားလဲလိုက်ဦးမယ်"

"အေး. . သိပ်မကြာစေနဲ့"

လာနေကျသူတွေမို့ ဒီအတိုင်းပစ်ထားခဲ့ရင်း အိမ်ပေါ် တက်ခဲ့သည်။ ထသွား၊လာသွား ပေါ့ပေါ့ပါးပါး အင်္ကျီတစ်ထည် ကောက်စွပ်လိုက်သည်။ မှန်ထဲစောင်းငဲ့ကြည့်ကာ ရုပ်ကို စစ်ဆေးပြီး ခေါင်းဖီးသည်။ ဒီဒီး အောက်ပြန်ရောက်တော့ ဟိုနှစ်ကောင် အဖေ့ရှေ့မှာ ကုပ်ချောင်းချောင်း ဖြစ်နေကြပြီ။

"အေး. . မင်းတို့ ပွင့်လင်းလူ့ဘောင်မှာ လူဖြစ်ခွင့်ရတာ ကံကောင်းတယ်မှတ်၊ ခုဆို ဘယ်တုန်းကမှ မကြားဖူးတဲ့ အရပ်သားတွေအတွက်တောင် လေယာဉ်မောင်းသင်တန်းတွေ ရှိနေပြီ မဟုတ်လား. . ကြိုးစားကြ"

"ဟုတ်ကဲ့ပါ အန်ကယ်"

အနားလာရပ်သည့် ဒီဒီးကို ဦးအောင်ဒင် မော့ကြည့်သည်။

"ဖေဖေ သူတို့နဲ့ လက်ဖက်ရည်ဆိုင် ခဏသွားမလို့"

"အေးအေး. . သွားလေ၊ ပြန်လာရင် ထုံးအိုးကြီးက ဘုရင်မနဲ့ နှစ်ရာဖိုးလောက် ဆွဲခဲ့ကွာ"

"ဟုတ်ကဲ့. ."

ဟိုနှစ်ကောင် အဖေ့ကို တက်သုတ်ရိုက်နှုတ်ဆက်ကာ ထွက်သွားကြ၏။ ဒီဒီး သူတို့နောက်သို့ ပြေးလိုက်ခဲ့သည်။ နှစ်လမ်းကျော်မှ လက်ဖက်ရည်ဆိုင်သို့ ရောက်ခဲ့ကြသည်။

"သောက်နေကျအတိုင်း သုံးခွက်ကွာ၊ ဟုတ်လား"





"အိုကေ ဆရာသမား၊ ပေါက်ကျဲမ်း၊ ကျဆိမ့်ဝမ်း၊ မခို့ဝမ်း. . အားလုံးရှယ်မယ်"

စားပွဲထိုးလေး ထွက်သွားသည်နှင့် နေဝင်းအောင် စကားစတော့၏။

"မင်း ဘိုးတော်ကလည်း ရေလည်ထွေးတယ်ကွာ၊ ဘာတွေပြောမှန်းလည်း မသိဘူး"

"မင်းတို့ ကောင်းစားစေဖို့ ဩဝါဒပေးတာ နေမှာပေါ့"

"တို့က မကောင်းစားချင်ဘူး၊ ပြာပုံကိုတိုးချင်တာ၊ မင်းကောပြာပုံနှစ်ပုံရှိတဲ့အထဲ ဘယ်ပြာပုံကို တိုးမှာလဲ"

"ဘာတွေလာပြောနေတာလဲ၊ ငါက ခွေးမှမဟုတ်တာ"

"ခွေးမဟုတ်လို့ ပြောနေတာပေါ့၊ သူသူနဲ့ နူးညံ့ဆိုတဲ့ ပြာပုံအမိုက်စားလေးတွေလေ"

နေဝင်းအောင်နှင့် ငြိမ်းချမ်းဝေက မီးပုံထဲ ဂက်စ်ဘူးပစ်ထည့်သလို မီးလောင်ရာလေပင့်ကာ ပွဲဆူအောင်လုပ်ကြသည်။

"ဟုတ်တယ် ဒီဒီး၊ ပစ်လိုက်ရမှာ အဆီတဝင်းဝင်းနဲ့နော်"

"တော်စမ်းပါကွာ၊ ကိုယ့်ထမင်းတောင် ကိုယ်ရှာမစားနိုင်သေးတာ၊ ဘာလို့ သူများသားသမီးကို ဒုက္ခပေးရမှာလဲ"

"ဟ. . မင်းကို ဘယ်သူက ဇွတ်ယူခိုင်းနေလို့လဲ၊ လူငယ်သဘာဝ တွဲကြည့်၊ ရည်းစားထားကြည့်လို့ပြောတာ"

"မယူနိုင်ဘဲ ဘာလို့တွဲမှာလဲကွ"

"ဟာ. . မင်း အတွေးအခေါ်တွေ ရာစုနှစ်တစ်ဝက်လောက် ဒိတ်အောက်သွားပြီ"

"ဘာကိစ္စ ဒိတ်အောက်ရမှာလဲ"

"ရည်းစားတစ်ထောင် မယားတစ်ယောက်လေ၊ မိန်းမယူတဲ့အခါ အတွေ့အကြုံ လိုအပ်မှုမရှိအောင် ပွဲမဝင်ခင် အပြင်ကကျင်းပရ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွ"

ကြပ်ကလေး သေလို့ ဝင်စားသလား ထင်ရအောင် နှစ်ကောင်သား ဝိုင်းကြပ်နေကြသည်။

"မင်းတို့ပဲ ကျင်းပကြ"

"ဟ. . ငါတို့ကို ဖေဖာမပေးလို့ပေါ့၊ သူသူနဲ့ နူးညံ့က မင်းကိုပဲ ကပ်နေကြတာလေ၊ ငါ့လာကပ်လို့ကတော့မျှား. . ဟွန်း"

"ဟင် မင်းပဲ အားလုံးရှေ့မှာ ခိုင်ငြိမ်းစံကို ဖွင့်ပြောလိုက်ပြီလေ"

"ဟဲ. . ဟဲ. . အဲဒါလည်း ပွဲမဝင်ခင် အပြင်မှာ ရီဟာဇယ်လုပ်တာ တစ်ထောင်ထဲက တစ်ယောက်ပေါ့၊ ရေဘဝဲတွေလို လက်အများကြီးနဲ့ မိရာဖမ်းဆွဲထားမှ နေ့ဖို့ညစာလေး ကျန်မှာလေ"

"ဟား. . မင်း တော်တော်မလွယ်တဲ့ကောင်ပဲ"

ငြိမ်းချမ်းဝေနှင့် နေဝင်းအောင်က ဒီဒီးအား သူသူနှင့် နူးညံ့တို့ထဲမှ တစ်ယောက်ယောက်နှင့် တွဲကြည့်ရန် ဖွတ်တိုက်တွန်းကြသည်။ ပြောရလျှင် ဒီဒီးလည်း သူ့ကို ဖေဖာအရမ်းပေးနေကြသော သူသူနှင့် နူးညံ့တို့၏ အလှကို သတိပြုမိသည်သာ ဖြစ်သည်။ မိန်းမလှလေးတွေကို စိတ်မဝင်စားသည့် ယောက်ျားဆိုလျှင် ဂေးအသင်းဝင်ပြီး မာမီပါတီမှာ ဥက္ကဋ္ဌလုပ်ဖို့သာရှိ၏။

ဒီဒီးက သေချာမှ နေကြာစိုက်ချင်သူဖြစ်၏။ ကိုယ်မြတ်နိုးသူ တစ်ယောက်၏ဘဝကို တာဝန်ယူနိုင်မှ ရည်းစားထားမည်ဟု ဆုံးဖြတ်ထားသည်။ လောလောဆယ်မှာတော့ ဝါသနာအရင်းခံသည့် အလုပ်မှာ အောင်မြင်မှုရဖို့သာ ရည်မှန်းပြီး ကြိုးစားကြည့်ချင်နေသည်။

သူသူရော နူးညံ့ပါ နှစ်ယောက်လုံး ဖြူဖြူမွန်မွန်၊ ရုပ်ပါကလည်း ချောချောမူ လုံးဝမရှိသလို ခန့်မှန်းကိန်းဂဏန်းတွေကလည်း (၃၀, ၂၂, ၃၄) လောက်တော့ ရှိနိုင်သည်။ နိုင်ငံတကာ စံမမီသော်လည်း ကြိစည်ထိုက်သည့် ဘွဲ့ရမိန်းမလှလေးများ ဖြစ်ကြ၏။





ဘာကိုမှ လေးလေးနက်နက် မတွေးပဲ ပေါ့ပေါ့ပါးပါး နေတတ်သူသာဆိုလျှင် တစ်ယောက်ယောက်ကို အငြိဖယားခင်းပြီး အပီကဲ ပစ်ဖို့အတွက် နောင်တရစရာ မလိုသော အမိုက်စားလေးများလည်း ဖြစ်ကြသည်။

"ဘယ်လိုလဲ ဒီဒီး၊ ကံစမ်းမဲ နှိုက်ကြည့်လိုက်ပါလား"

"နားစမ်းပါကွာ"

"အေးလေ နားခိုင်းနေတာပဲ. . . တစ်ယောက်ယောက်ရဲ့ ရင်ခွင်ထဲမှာ"

"ဒီလောက်တောင် ဒ်စ်စကောင့်ပေးပြီး ပရိုမိုးရှင်း လုပ်နေတာ အားနာပါးနာနဲ့ စမ်းသုံးကြည့်ဖို့ကောင်းတယ် ဒီဒီး"

"မင်းတို့ MMDC မတက်ပဲ အရောင်းမြှင့်တင်ရေး ဝန်ထမ်းလုပ်ရမှာ. . သိလား၊ ကော်မရှင်တွေလည်း အများကြီး ရနိုင်တယ်"

"ဒါဆို ကြော်ငြာကောင်းတဲ့အတွက် စမ်းသုံးကြည့်တော့မယ်ပေါ့"

"ကဲ. . တော်ကွာ၊ မင်းတို့ အဲဒီကိစ္စ အကောင်အထည်ဖော်ဖို့ အစီအစဉ် ရှိမရှိဆိုတာပဲ မေးနေကြတော့မှာလား၊ ဒါဆို ငါပြန်မယ်"

ထိုအခါမှပဲ ဒီဒီးတို့စကားဝိုင်း ခေါင်းစဉ်ပြောင်းသွားတော့သည်။ တိုးတက်ရာတိုးတက်ကြောင်း ကြီးပွားရာကြီးပွားကြောင်းတို့သာမက မြောက်ကိုရီးယားအရေးနှင့် လွှတ်တော်ကပင် ဆွေးနွေးနေရသည့် (၂၀၀၈)ဥပဒေအဆုံး အားလုံးကို ပတ်ချီဟီး ဆွေးနွေးဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃)

သင်တန်းခန်းမအတွင်း စကားပြောသံတွေ စီညံလျက်ရှိသည်။ သင်တန်းမှူးတို့ အစည်းအဝေးရှိသဖြင့် သင်တန်းသားများ လွတ်လပ်ရေး ရနေကြသည်။ ကိုယ့်အစုနှင့်ကိုယ် သန်ရာသန်ရာ ဆွေးနွေးငြင်းခုန်လျက်ရှိသည်။ နေဝင်းအောင်နှင့် ငြိမ်းချမ်းဝေတို့ ချာတိတ်များ အုပ်စုဘက်သို့သွားကာ ဘာတွေဆွေးနွေးနေကြသည်မသိ၊ စာရွက်တကိုင်ကိုင်နှင့် အလုပ်ရှုပ်နေသည်။

ဒီဒီးလည်း ပျင်းပျင်းရှိသည်နှင့် နေဝင်းအောင်တို့ လုပ်နေ





တိုင်နေတာကို လှမ်းကြည့်အကဲခတ်နေလိုက်သည်။ သူ့နားသို့ နှုးညို့ ရောက်လာကာ ဝင်ထိုင်လိုက်၏။ ထွေထွေထူးထူး ပြောစရာစကားမရှိ၍ နှုးညို့အား ပြုံးရုံသာ ပြုံးပြလိုက်သည်။ နှုးညို့က ဒီဒီးလည်ပင်းမှာ ဆွဲထားသည့် အိုင်ဒင်နရီကတ်ကိုကြည့်ကာ. . .

"(၁၉၉၀)အောက်တိုဘာ (၁၄)ရက် ဟုတ်လား၊ ဒီဒီးမွေးနေ့ နီးနေပြီပဲ"

"အင်း. . ဟုတ်တယ် နှုးညို့"

"မွေးနေ့တွေဘာတွေ လုပ်ဦးမှာလား"

"လုပ်လေ့လုပ်ထ မရှိပါဘူး၊ မွေးနေ့ရောက်တယ်ဆိုတာ အသက်တစ်နှစ် ပိုကြီးလာတာပဲ မဟုတ်လား၊ ဒါကို သတိထားမိဖို့က ပို အရေးကြီးပါတယ်"

"ဟိတ်. . ဘာတွေပြောနေကြတာလဲ"

ထုံးစံအတိုင်း ဒီဒီးနားမှာ နှုးညို့ရှိနေ၍ သူသူ လှစ်ခနဲ ရောက်လာကာ ဝင်မေးလိုက်ခြင်း ဖြစ်သည်။

"ဩော်. . ဘာရယ်မဟုတ်ပါဘူး၊ ဒီဒီးမွေးနေ့ နီးလာပြီလို့ ပြောနေကြတာ"

ချက်ဆို နားခွက်က မီးတောက်သော သူသူလည်း ဒီဒီးလည်ပင်းမှာ ဆွဲထားသည့် ကတ်ပြားကို လှမ်းရှုသည်။

"ဘာလဲ မွေးနေ့ပွဲကို မှော်စင်ကျွန်းမှာ လုပ်မလို့လား"

"အင်း. . ဟုတ်တယ် စိုင်းစိုင်းနဲ့ အပြိုင်ပေါ့"

ကောင်မလေးနှစ်ယောက်နှင့် အလိုက်အထိုက် စကားပြောရင်း ဖောရွှေလုပ်နေခိုက် နေဝင်းအောင်ကို ငြိမ်းချမ်းဝေက ဆွဲထိုးလိုက်သည်။

"ဟယ်. . ထိုးကုန်ကြပြီတော့၊ ရန်ဖြစ်တာထင်တယ်"

စတိတ်ပေါ်မှာ ဘော်ဒါအချင်းချင်း ထိုးကြိတ်နေကြသည်မို့



www.burmeseclassic.com

www.burmeseclassic.com



ဒီဒီးတို့အုပ်စု စတိတ်စင်သို့ ပြေးသွားလိုက်ကြသည်။ ဖျန်ဖြေဖို့ ကြိုးစားစဉ်မှာပင် နေဝင်းအောင် လဲကျသွား၏။ အနီးတွင်ရှိနေသော ခိုင်ငြိမ်းစံက. . အို. . ကိုကို. . ကိုကိုသေပါပြီ. . ဒုက္ခပါပဲဟုဆိုကာ ပွေ့ထူလိုက်သည်။ ပြီးတော့ ရင်ခွင်ထဲထည့်ကာ မေးစေ့ကိုကိုင်၍ လှုပ်ယမ်းရင်း ကိုကို ကိုကိုဟု တတွတ်တွတ် ခေါ်နေ၏။

အဖြစ်အပျက်ကိုကြည့်ရင်း ဒီဒီး နားမလည်နိုင်အောင် ဖြစ်နေသည်။ လွန်ခဲ့သော တစ်ပတ်လောက်ကမှ နောက်သလိုပြောင်သလို ချစ်ရေးဆိုခဲ့သော နေဝင်းအောင်က ခိုင်ငြိမ်းစံ ရင်ခွင်ထဲမှာ အခန့်သား ခြေသွက်လက်သွက်ရှိလိုက်ပုံက အံ့ဩစရာ။

"Cut. . "

ထိုအချိန်မှာ ငြိမ်းချမ်းဝေက Cut ဟု အော်လိုက်သည်။ နေဝင်းအောင်မှာ ခိုင်ငြိမ်းစံရင်ခွင်ထဲမှ မထချင်ထချင်နှင့် အချိန်ဆွဲနေ၏။ ခိုင်ငြိမ်းစံ ဒေါပွပြီး နေဝင်းအောင်အား ဆောင့်တွန်းလိုက်သည်။ ထိုအခါမှ နေဝင်းအောင်က စပ်ဖြဲဖြဲနှင့် ထတော်မူရှာသည်။

"ဟော့ကောင်တွေ မင်းတို့ ဘာလုပ်နေကြတာလဲ"

"ဩော် ဇာတ်လမ်းတိုလေး ရီဟာဇယ် လုပ်ကြည့်နေတာလေ ဒီဒီးရဲ့"

"ဟေ. . ဘယ်သူ့ဇာတ်လမ်းလဲ၊ ငါတောင် မသိလိုက်ပါလား ဘာလဲ သင်တန်းမှူး လုပ်ခိုင်းတာလား နေဝင်းအောင်"

"ဟင်. . အအဲ. . ဟို. . ဟို. . ဒင်း"

"ဟဲ့. . နေဝင်းအောင်၊ နင်ပြောတော့ ဒီဒီးရဲ့ ဇာတ်လမ်းဆို"

"အဟီး. . အဲ့. . အဲဒါကလေ ဒီလိုရှိတယ် ခိုင်ငြိမ်းစံရဲ့"

ဘာတွေ ဘယ်လိုဖြစ်နေကြမှန်း မသိရသည့်အပြင် နာမည်ပါ ပါလာ၍ ဒီဒီးပိုပြီး သိချင်သွား၏။

"နေဝင်းအောင် ရှင်းရှင်းပြောစမ်း၊ မင်းတို့ကို ဘယ်သူ ခိုင်းတာ





လဲ၊ ငါ့ဇာတ်လမ်းဆိုတာကရော ဘာလဲ"

"မင်းဇာတ်လမ်း မဟုတ်ပါဘူး၊ ငါ့ဘာသာရေးထားတာကို သရုပ်ဆောင်ကြည့်တာ"

"ဘာ. . . "

ခိုင်ငြိမ်းစံ၏ အသံစူးစူးကြောင့် နေဝင်းအောင် ဆတ်ခနဲ တုန်သွားသည်။

"ဒါ. . ဒါဆို နင် ညာတာပါတေးနဲ့ ပွေ့ထူပြီး ဖက်ခိုင်းခဲ့တာပေါ့. . . ဟုတ်လား"

"အဟီး. . ဟို. . ဟိုဒင်း"

"သေပေတော့ ကောင်စုတ်"

ငြိမ်းချမ်းဝေလက်ထဲမှ ဇာတ်ညွှန်းဖိုင်ကို ခိုင်ငြိမ်းစံ ဆွဲယူကာ နေဝင်းအောင်အား တဖုန်းဖုန်း ရိုက်နှက်တော့သည်။ နေဝင်းအောင် လှည့်ပတ်ပြေးလွှားရာနောက်သို့ ခိုင်ငြိမ်းစံ ပြေးလိုက်ကာ တွေ့ရာနှင့် ကောက်ပေါက်သည်။ သူတို့ကိုကြည့်ပြီး သင်တန်းသားတွေ တဝါးဝါး တဟားဟား. . .

"မင်းတို့ကွာ၊ ~ ဟာယ်ထွေးတဲ့ ကောင်တွေပဲ"

"အဟဲ. . အဲဒါ သူ့အိုင်ဒီယာ၊ သင်တန်းမှူးက ခိုင်းသလိုလို ဘာလိုလိုနဲ့ မင်းရဲ့ဇာတ်လမ်းထဲက ဇာတ်ဝင်ခန်းတစ်ခန်းကို သရုပ်ဆောင်ကြည့်ရအောင်ဆိုပြီး စည်းရုံးလိုက်တာ"

"ဩော်. . ဒီလိုကိုး၊ ငတ်တော်အကြံပိုင်တဲ့ကောင်တွေပဲ၊ ငါတို့မှာဖြင့် စင်ပေါ်မှာ ထိုးကြိတ်ကုန်ပြီဆိုတော့ ရန်ဖြစ်တယ်ထင်ပြီး ပြေးလာတာ"

"အေးလေ နင်တို့ရိုက်ချက်ကလဲ လန်ထွက်နေတာပဲ"

"ဟီး. . ဟီး. . သဏ္ဍာန်လုပ် သရုပ်တူမှ ဖြစ်မှာပေါ့၊ တို့နှစ်ယောက်က ရည်းစားလုဖက်တွေ၊ အဲဒီမှာ ကွိုင်ပူပြီး ထိုးကြိတ်. . နေ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းအောင်က လဲကျသွား၊ ဒီတော့မှ ခိုင်ငြိမ်းစံက ပြေးပွေ့ပြီး ဖက် ဟဲ . . ဟဲ . . ဟဲ . . "

"တော်တော်ဟုတ်တဲ့ ကောင်တွေပဲ၊ ဇာတ်လမ်းက မသန်း ဇာတ်ညွှန်းက နေဝင်းအောင်ဆိုတော့ နင်ကဘာလဲ ငြိမ်းချမ်းဝေ"

"အနစ်နာခံပြီးပို့တဲ့ ဇာတ်ပို့တစ်ယောက်ပေါ့ဟာ"

"အောင်မလေးဟဲ့၊ လုပ်ပြနေလိုက်တာများ၊ တကယ့် အကယ် ဒမီရှော့"

နေဝင်းအောင်ကတော့ သူ့စကားအတိုင်း ရေဘဝဲလိုလက် များနှင့် မိရာလှမ်းဆွဲဖို့ အသည်းအသန် ကြိုးစားနေပြီ ထင်၏။ ဒီလိုနှင့်ပဲ သင်တန်းက လနေ့ရက်များ တဖြည်းဖြည်း ကုန်ဆုံးလာသည်။

ထိုကာလများကို သူတို့အားလုံး ပျော်ပျော်ရွှင်ရွှင်နှင့် ဖြတ်သန်း နိုင်ခဲ့ကြသည်။

❁❁ ❁❁ ❁❁

ဒီနေ့ (၂၀၁၃)ခုနှစ်အောက်တိုဘာ (၁၄)ရက်နေ့ဖြစ်သည်။ မိုးဥတု ကုန်ဆုံးလုပြီဖြစ်၍ ကောင်းကင်က ကြည်လင်ဝင်းပနေ၏။ မိုးတိမ်တို့ အုံ့ဆိုင်းနေခြင်း မရှိသည့်အတွက် . . နေ့သစ်က မှုန်မှိုင်းခြင်းကင်းပြီး အရာရာ သစ်လွင်နေသကဲ့သို့ ရှိသည်။





ထိုသို့ သာယာလှပနေသည့် နံနက်ခင်းတွင် Junction square နယ်မြေသို့ မိန်းမလှလေးတစ်ယောက် ကြွကြွရွရွ လျှောက်လှမ်းဝင် ရောက်လာသည်။ သူ့လက်တွင် UJAZZ အမှတ်တံဆိပ်ပါ လက်ဆွဲ အိတ်တစ်လုံး ကိုင်ဆောင်လာသည်။ ထိုမိန်းမလှလေးက 'နှူးညံ့'ပင် ဖြစ်သည်။ နှူးညံ့နောက်သို့ နေဝင်းအောင် အပြေးလိုက်လာသည်။

"နှူးညံ့ . . ဟေ့ . . နှူးညံ့၊ ခဏနေပါဦးဟ"

နှူးညံ့ လှည့်ကြည့်တော့ နေဝင်းအောင်ကို တွေ့ရသဖြင့် ခဏ ရပ်စောင့်လိုက်သည်။ နေဝင်းအောင် မောမောပန်းပန်းနှင့် အနားသို့ ရောက်လာ၏။

"ဟား . . မောလိုက်တာဟာ၊ ငါ လှမ်းခေါ်နေတာ ကြာလှပြီ"

"ကြားမှမကြားတာ . . ကဲပြော ဘာကိစ္စလဲ"

"ကိစ္စရယ်တော့ ထွေထွေထူးထူး မရှိပါဘူး၊ တစ်ယောက်ထဲမို့ မှင်းလို့ လှမ်းခေါ်လိုက်တာ"

"အောင်မလေးဟဲ့၊ ငါဖြင့် ဘာများအရေးကြီးလာသလဲလို့"

နေဝင်းအောင်က အရည်မရအဖတ်မရ စကားတွေ ရေပက်မ ဝင်ပြောရင်း နှူးညံ့၏ လက်ဆွဲအိတ်ထဲသို့ စက္ကူအထုပ်လေးတစ်ထုပ် စတည့်လိုက်သည်။ နှူးညံ့ကတော့ ဘာမှမသိလိုက်၊ အဆောက်အအုံ ထဲသို့ အတူတွဲဝင်လာကြရင်း. . .

"တို့တွေ စာတွေ့သင်တန်းပြီးဖို့တောင် သိပ်မလိုတော့ဘူးနော်"

"အင်း . . လက်တွေ့သင်တန်းကာလ ရောက်ရင်တော့ သိပ် စိတ်ဝင်စားစရာ ကောင်းမှာပဲ"

"ဟုတ်တယ်"

အဆောက်အအုံထဲသို့ အရောက်မှာပင် ဆိုင်ခန်းများဘက်မှ ထွက်လာသော သူသူနှင့် ဆုံကြသည်။ သူသူ့လက်ထဲမှာလည်း အ ကောင်းစား BRAND တစ်ခု၏ အမှတ်တံဆိပ်နှင့် လက်ဆွဲအိတ်တစ်



www.burmeseclassic.com

www.burmeseclassic.com



လုံး ပါလာသည်။ နူးညံ့နှင့် သူသူ ဆွဲလာသည့် အိတ်များကို မသိမသာ လှမ်းရှိုးလိုက်ကြ၏။

"ဟား. . မချောနှစ်ယောက် ကိုယ်တစ်ယောက်တော့ ဖြစ်နေပြီ. . . ရှယ်ပဲ"

"အကောင်နော် အခွက်မပြောင်နဲ့၊ နင့်ရဲ့ ခိုင်ငြိမ်းစံကိုသာ အပိုင်သိမ်းဖို့ ကြံပါ"

"အေးဟာ. . ငါနောက်တာ လွန်သွားလို့ အကပ်တောင် မခံတော့ဘူး"

"နည်းတောင် နည်းသေးတယ်"

"အဟီး. . ဘာပဲပြောပြော ငါက ကိုယ်ပိုင်အိုင်ဒီယာနဲ့ အသစ်တွေပဲ ရှာဖွေကြံဆပြီး ထပ်ကြိုးစားဦးမှာ"

"အေးပါ. . အေးပါ၊ အသစ်တွေပဲရှာ၊ ဖုန်းထဲက အပလီကေးရှင်းတွေနဲ့ ပုံဖျက်ပြီး ရည်းစားစကား ပြောလိုပြော၊ ကိုယ့်ဇာတ်ညွှန်း ကိုယ်ရေးပြီး ပွဲဖက်အသားယူလိုယူနဲ့၊ လုပ်. . လုပ်. . နောက်တစ်ခါဆို အမျိုးသမီးရေးရာကော်မတီ ရောက်မယ်မှတ်"

"အမလေး အဲဒီအဖွဲ့အစည်းနဲ့တော့ မငြိမ်းချောက်ပါနဲ့ဟာ၊ ရင်တုန်လွန်းလို့ပါ"

သူတို့အားလုံး ပျော်ပျော်ပါးပါးနှင့် သင်တန်းခန်းမအတွင်း ဝင်လာခဲ့ကြသည်။ နူးညံ့နှင့် သူသူတို့ အခန်းထဲမှာ သူတို့တွေ့ချင်သူကို ရှာကြသည်။ ဘယ်မှာမှ မတွေ့တော့၊ စိတ်ဓါတ်ကျသွားကြသည်။

ထိုအချိန်မှာ သင်တန်းမှူး ကိုထွန်းနေစိုး ဝင်လာသဖြင့် အားလုံးနေရာယူကာ သင်ယူဖို့ပြင်ဆင်ကြရသည်။ ဆရာက သရုပ်ဆောင်မှုပညာအကြောင်း ရှင်းလင်းပို့ချသည်။

"လှုပ်ရှားမှု အမူအရာနဲ့ ပတ်သက်ပြီး လူတွေမှာ သွားလာမှုပုံစံ ဘယ်နှမျိုးလောက် ရှိမယ်ထင်လဲ"





"ပုံမှန် သွားလာလှုပ်ရှားမှု၊ အရေးတကြီး လှုပ်ရှားမှု၊ ခိုးကြောင်ခိုးဝှက် လှုပ်ရှားမှုဆိုပြီး ရှိမယ်ထင်ပါတယ်"

"မှန်ပါတယ် ဒါပေမယ့် မပြည့်စုံဘူး၊ သွားလာလှုပ်ရှားမှုပုံစံနဲ့ ပတ်သက်ပြီး ဆရာ နမူနာလေးတွေ ပြောပြမယ်၊ မင်းတို့ ဘယ်လိုသရုပ်ဆောင်မလဲဆိုတာ စဉ်းစားကြည့်ကြ"

"ဟုတ်ကဲ့ပါ ဆရာ"

"ကဲ အပြောအဆိုအပိုင်းကို လေ့လာကြည့်ရအောင်၊ အပြော ဘယ်နှမျိုးလောက် ရှိမလဲဆိုတာ စစ်စစ်ပေါက်ပေါက် တွက်ကြည့်မယ်၊ တိုင်း. . စပြီ အမောတကောပြော၊ ပျက်ရယ်ပြုပြော၊ မထေမဲ့မြင်ပြော၊ ရိုတိတိပြော၊ ခခယယပြော၊ ကျိုးကျိုးနွံနွံပြော၊ မချေမငံပြော၊ ပြောင်ချော်ချော်ပြော၊ တတွတ်တွတ်ပြော၊ ပိုးစိုးပက်စက်ပြော၊ ခပ်ကောကော ပြော၊ မတော်တရော်ပြော၊ ခပ်တည်တည်ပြော၊ ထစ်ထစ်ငေါ့ငေါ့ပြော၊ နှင့်နှင့်သည်းသည်းပြော၊ ထော်လော်ကန့်လန့်ပြော၊ တဖျစ်တောက်တောက်ပြော၊ ကတုန်ကယင်ပြော၊ မချိတင်ကဲပြော၊ အငေါ်တူးပြော၊ တီတီတာတာပြော၊ ကလန်ကဆန်ပြော၊ ကပေါက်တိကပေါက်ချာပြော၊ ပြတ်ပြတ်သားသားပြော၊ တောက်တီးတောက်တဲ့ပြော၊ ချိုချိုသာသာပြော၊ ပြီးစလွယ်ပြော၊ မလိုတမာပြော၊ အတင်းပြော. . ."

"တော်. . တော်ပါတော့ ဆရာ၊ နားထောင်ရတာတောင် အမောတကောနဲ့ သေလုမြောပါး ဖြစ်နေပါပြီ ဆရာ"

"ကျန်သေးတယ်၊ ခြိမ်းခြောက်ပြော၊ ရိပ်ဖမ်းသံဖမ်းပြော၊ ပတ်ချွဲနပ်ချွဲပြော၊ မယားငယ်ပြော. . ."

သင်တန်းသားတွေ မခံစားနိုင်တော့ဘဲ တဟားဟား အော်ရယ်ကြတော့သည်။ ကိုထွန်းနေစိုးကတော့ အကြည့်၊ အပြုံး၊ အရယ်သည်ဖြင့် သရုပ်ခွဲကာ ရှင်းလင်းပြောဆို သင်ကြားနေသည်။

လူတွေလုပ်နိုင်သည့် အမူအရာ ဒီလောက်ထိ များပြားလိမ့်မည်



www.burmeseclassic.com

www.burmeseclassic.com



ဟု သင်တန်းသားတွေ မထင်ခဲ့ကြ။ အမှုမဲ့အမှတ်မဲ့ နေလာကြရာမှ တစ်ခုချင်းစီ နာမည်တပ်ပြောသောအခါ အထူးအဆန်းတွေ ဖြစ်ကုန်သည်။ အားလုံး စိတ်ဝင်တစား နားထောင်နေချိန်မှာ နေဝင်းအောင် အကြောထောင်ပြန်မြီ။

ထိုင်ခုံဘေး ကပ်ချထားသည့် သူသူ၏ လက်ဆွဲအိတ်ကို အသာဆွဲယူကြည့်သည်။ အိတ်ထဲတွင် အကောင်းစား ရှူးဖိနပ်တစ်ရန်ကို တွေ့သည်။ နောက်ချင်ပြောင်ချင်စိတ်က အားကောင်းမောင်းသန် ဖြစ်လာပြန်သဖြင့် ဂျပ်ဘူးကိုဖွင့်ကာ ဖိနပ်တစ်ဖက် ထုတ်ယူထားလိုက်၏။

ပြီးတော့ လက်ဆွဲအိတ်ကို နေသားတကျ ပြန်ထားလိုက်သည်။ ဆရာသင်ပြတာကို ပြန်ပြီးအာရုံစိုက်တော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည့် အချိန်မှာတော့ သင်တန်းက ပြီးဆုံးသွားတော့၏။

စာသင်ချိန် တစ်ချိန်နှင့်တစ်ချိန်ကြားမှာ ထုံးစံအတိုင်း ခဏနားသည်နှင့် လက်ပံပင်ဆက်ရက်ကျသလို ဆူညံပွက်လောရိုက်သွားသည်။ ထိုအချိန်မှ ဒီဒီး အတန်းထဲသို့ ဝင်လာ၏။

"ဟာ. . ဟော့ကောင် ဘယ်လိုဖြစ်တာလဲ၊ နောက်မကျစဖူး"

"အေးကွာ၊ ဒီနေ့ ငါ့မွေးနေ့လေ၊ ဒါကြောင့် ဘုရားသွားနေတာနဲ့ နောက်ကျသွားတာ"

"သြော်. . ဒါဆို ဒီနေ့ ဝါးကြောပေါ့"

"အောင်မာ ဝါးရအောင် နင်တို့က ဘာပရဲဆင့်နဲ ပေးမှာမို့လဲ"

ဝါးကြောဟုပြောသည့် ငြိမ်းချမ်းဝေ၏ စကားကိုနင်း၍ သူသူက မေးလိုက်သည်။

"အောင်မာ နင်တို့ကရော ဘာပေးမှာမို့လဲ"

"ဟင်း. . ဟင်း. . ဟင်း. . ငါက လက်ဆောင်တစ်ခါတည်း ဝယ်လာပြီးသား ဒီမှာ"

သူသူက သူ့ဘေးမှ လက်ဆွဲအိတ်ကို မြှောက်ပြကာ ပံ့ကြွားစွာ





ပြောသည်။ နူးညံ့မျက်လုံးလေး ကလယ်ကလယ် ဖြစ်သွားသည်။

အကြောမခံလိုသည့် ဟန်ပန်နှင့်. . .

"ရော့ ဒီဒီးမွေးနေ့အတွက် နူးညံ့ရဲ့ လက်ဆောင်"

ဝယ်လာတာချင်း အတူတူ နူးညံ့က လက်ဆောင်ကို အရင်ပေးလိုက်တော့ သူသူ မျက်စိမျက်နှာ ပျက်သွားပြီး ကမန်းကတန်းနှင့် သူ့အထုပ်ကို လှမ်းပေးပြန်သည်။

"ဒါက ဒီဒီးမွေးနေ့အတွက် သူသူရဲ့ အမှတ်တရလက်ဆောင်"

မိန်းကလေးနှစ်ယောက်က မွေးနေ့လက်ဆောင်တွေ အပြိုင်အဆိုင် လှမ်းပေးနေကြသဖြင့် ကာယကံရှင် ဒီဒီးကိုယ်တိုင် ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ဟား. . ဒီဒီးတို့ ကောင်းစားနေပုံများ ခွေးကန်းချေးအိုးတိုးတဲ့ အတိုင်းပါပဲလား၊ ဇာတာတွေ တက်နေပြီနော်"

"မလိုတမာတွေ ပြောနေပြန်ပြီ ငြိမ်းချမ်းဝေရာ၊ အဲဒီလိုပြောလိုက်တော့ ဒီဒီးဘာဖြစ်သွားမလဲ၊ မသကာ ခွေးရူးကောင်းစား တစ်မှန်းတည့်ဆို တော်သေး"

"အေး. . မင်းတို့သာ ဂျလေဘီ စိတ်ဓါတ်တွေကို ပြင်ပါ၊ ခွေးမြီးကောက် ကျည်တောက်စွပ် မဖြစ်စေနဲ့"

"ကဲ. . တော်ကြပါတော့ဟယ်၊ အချင်းချင်း ခွပ်နေကြတာနဲ့ အတုန်ခွေးဖြစ်ကုန်ပြီ၊ ကင်တင်းသွားစရာ မလိုတော့ဘူး၊ Dog Food တစ်ထုပ်လောက် ဝယ်စားလိုက်ရင် ပြီးပြီ"

ဘယ်လိုအပြောခံရခံရ မနာကြတာ သူငယ်ချင်းစိတ်ဓါတ်ပဲဖြစ်သည်။ ထိုနေ့က သင်တန်းအပြီးမှာ ဒီဒီးက မွေးနေ့အထိမ်းအမှတ်အဖြစ် စားသောက်ဆိုင်မှာ ကျွေးမွေးဧည့်ခံသည်။

"ဒီဒီး လက်ဆောင်တွေ ဖွင့်ကြည့်ဦးလေ"

"မကြည့်တော့ပါဘူးဟာ ခုစေတနာနဲ့ပေးတာပဲ ကြိုက်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ကြိုက် အသုံးပြုရမှာပေါ့"

"တကယ်နော် ဒါဆို မနက်ဖြန်ကျရင် အဲဒီလက်ဆောင်တွေ ဝတ်လာခဲ့ရမယ်နော် သိလား၊ ဒီဒီး"

"အေးပါ၊ မနက်ဖြန် တို့တွေ လျှောက်လည်ကြမှာပဲဟာ. . ငါ ဝတ်လာမယ်"

ဒီဒီးအပေါ် နူးညံ့နှင့် သူသူတို့ အပြိုင်အဆိုင် အရေးပေးနေကြတာကတော့ အထင်အရှားပင် ဖြစ်သည်။ အိမ်ကိုလာလည်ရန် အလုအယက် ဖိတ်ကြားကြသည်။ ငြိမ်းချမ်းဝေတို့ကလည်း စကားနှင့် တစ်မျိုး အမူအရာနှင့်တစ်ဖုံ အပူတပြင်းလှော်ကာ အရောက်ပို့ကြသည်။ ဘယ်လိုပဲ လှော်လှော် ဒီဒီးဆိုသည့် လှေပြိုင်းက လုံးဝမရွေ့။

⁂ ⁂ ⁂

ကိုတင်စီစဉ်သည့်အတိုင်း ဘော်ဒါတွေချိန်းပြီး လျှောက်လည်ကြသည်။ Junction မော်တင်တွင် 3D ရုပ်ရှင်ကြည့်သည်။ တိုလီမုတ်စလေးတွေ ဝယ်ကြသည်။ မောလာ ညောင်းလာကြတော့. . စားသောက်ဆိုင်ထိုင်သည်။

"ကဲ. . ဒီနေ့တော့ စားတာသောက်တာတွေ ငါ ရှင်းပါ့မယ်"

"အစီအစဉ်ကတော့ မိုက်နေပြီ၊ ဘာလဲ နှစ်လုံးသုံးလုံး ပေါက်လို့လား"





"ပေါက်ကရတွေဟယ်၊ အိမ်က ပိုက်ဆံပို့လိုက်လို့. . ဒီမှာလေ နင်တို့စားချင်တာ မှာစားကြ"

သူသူက သူ့စလင်းဘက်ကိုဖွင့်ကာ တစ်သိန်းထုပ် ငါးထုပ် ထုတ်ပြသည်။

"ဟား. . နင်က မီဂါဘောစိပဲ၊ နတ်သျှင်နောင် လက်ထက်ကတည်းက မျိုးရိုးစဉ်ဆက် ချမ်းသာခဲ့တာလား တောင်ငူသူကြီးရယ်"

"အဲလောက်လည်း မဟုတ်ပါဘူးဟယ်၊ မရှိမရှား ခပ်ပါးပါးလေးပါ၊ ကဲ. . ဒီဒီးမှာလေ ကြိုက်တာမှာ အားမနာနဲ့နော်၊ ဒါနဲ့ နေပါဦး၊ ဒီဒီးကို မကျေနပ်ဘူး၊ နူးညံ့ပေးတဲ့ အင်္ကျီကျတော့ ဝတ်လာပြီး သူသူ့ရဲ့ ရှူးကို ဘာလို့စီးမလာတာလဲ"

"အင်း ပြောရမှာ အားနာတယ်ဟာ၊ ဒီအင်္ကျီဝတ်ပြီး ကားစီးလာတော့လည်း ငါ့နားကို ဘယ်သူမှ မကပ်ကြဘူး၊ ပြီးတော့ နင့် ရှူးဖိနပ်ကလည်း တစ်ဖက်တည်း ပါလာတာ"

"ဟင် ဟုတ်လို့လား"

"ဟုတ်တယ်. . သူသူ အင်္ကျီကလည်း အနံ့အသက် မကောင်းဘူး၊ ကတိပေးထားလို့သာ ဝတ်လာရတာ"

ဒီဒီးရှင်းပြတာကို နားထောင်ပြီး သူသူနှင့် နူးညံ့တို့ မျက်နှာမကောင်း ဖြစ်သွားကြ၏။ ဒီဒီးနှင့် အနီးဆုံး ထိုင်နေသည့် ငြိမ်းချမ်းဝေက အင်္ကျီကို နမ်းကြည့်လိုက်သည်။

"ဟင်. . ဟုတ်ပ၊ ပုပ်အဲ့အဲ့နဲ့ ငပိနံ့လိုလိုရတယ်"

စကားဝိုင်းထဲ ဝင်မပါသည့် နေဝင်းအောင်က ကျောပိုးအိတ်ထဲမှ ပလတ်စတစ်အိတ်တစ်လုံးထုတ်၍ စပ်ဖြဲဖြဲအမူအရာနှင့် ဒီဒီးကို လှမ်းပေးသည်။

"ရော့. . မင်းအတွက် မွေးနေ့လက်ဆောင်"

"ဘာလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဖွင့်ကြည့်လေကွာ"

ဒီဒီး အိတ်ကို ဖွင့်ကြည့်သည်။ တအံ့တသြ ဖြစ်သွားဟန်ကိုလည်း တွေ့ရသဖြင့် အားလုံး စိတ်ဝင်တစားနှင့် ဝိုင်းကြည့်ကြ၏။

အိတ်ထဲမှဆွဲထုတ်လိုက်တော့ ရှူးဖိနပ်တစ်ဖက် ထွက်လာသည်။

"ဟင်. ." "ဟယ်. ."

"ဟော. . ကြည့်စမ်း ရှူးဖိနပ်တစ်ဖက်၊ နင်. . နင်. . တော်တော်ယုတ်မာပါလား နေဝင်းအောင်၊ ဘယ်တုန်းက ခိုးထားလိုက်တာလဲ"

"နစ်နစ်နာနာတွေ မပြောနဲ့သူသူ၊ ငါခိုးတယ်ဆိုရင် တစ်ရန်လုံးယူသွားမှာပေါ့၊ ပြန်ပေးဖို့လည်း စဉ်းစားမှာမဟုတ်ဘူး"

ဒေါ်ပွပွနှင့် ပြောလာသော သူသူ့စကားကို နေဝင်းအောင်က လေအေးလေးနှင့် တုံ့ပြန်သည်။ ထိုဖြစ်စဉ်ထဲသို့ နူးညံ့ ပါဝင်လာ၏။

"ဒါဆို ဒီဒီးဝတ်ထားတဲ့အင်္ကျီ အနံ့အသက် မကောင်းတာရောနင့်လက်ချက်ပဲလား နေဝင်းအောင်"

"အဟီး. . ဟီး"

နေဝင်းအောင် အဖြေမပေးဘဲ တဟီးဟီးရယ်နေသည်။

"ပြောစမ်းပါဟယ်၊ ဘာလုပ်လိုက်တာလဲလို့"

"အဟီး. . စိမ်းစားငပိ တစ်ကော်လောက်ကို ဂျာနယ်စာရွက်နဲ့ထုပ်ပြီး ထည့်ထားလိုက်တာ"

"ဟယ်. . ယုတ်မာလိုက်တာဟယ်၊ ငပိဆိုတာ အနံ့ကူးလွယ်တဲ့ပစ္စည်းလေ"

မွေးနေ့လက်ဆောင်တွေ မျက်နှာပန်းမလှအောင် အဖျက်အမှောင့် လုပ်ရပ်တွေ ကျူးလွန်သူကို ပယ်ပယ်နယ်နယ် ဝိုင်းဖွဲ့ကြသည်။

"ခိုင်ငြိမ်းစံ နင်ဒီလိုကောင်မျိုးကို အဖြေပေးလို့ကတော့ ဒုက္ခကို





ဒုက္ခကာဗာရီ လုပ်သလို ဖြစ်နေမှာနော်"

"စိတ်ချသူသူ ဝမ်ပေါင်ကုမ္ပဏီက အစုရှယ်ယာတွေရယ်. .၊ ခြောက်ခန်းတွဲ ဆယ့်နှစ်ထပ် ကွန်ဒိုတစ်လုံးရယ်၊ ဂျက်လေယာဉ်တစ်စီးရယ် တင်တောင်းရင်တောင် လုံးဝမစဉ်းစားဘူး"

"ဟိုက်. သေပြီဆရာ"

စကားများများ ပြောလေ့မရှိသူက အကြီးကြီးတွေပြောပြီး ငြင်းပယ်လိုက်သဖြင့် နေဝင်းအောင် တိုက်ပွဲကျသွားရှာသည်။ ထိုနေ့က စာရုတ်ဟင်းလျာများနှင့် သူသူညှော့ခံသည့် ထမင်းစားပွဲကို ပိုးစိုးပက်စက် အားပေးကြပြီးနောက် Junction မော်တင်ထဲသို့ ရိုက်ကူးရေးအဖွဲ့ ဝင်သွားတာ တွေ့လိုက်ရ၏။

"ဘယ်အဖွဲ့ကလည်း မသိဘူး"

"ဘာပဲဖြစ်ဖြစ် သွားကြည့်ကြမယ်"

"အေး. . ကောင်းတယ်၊ လေ့လာရတာပေါ့"

စားထားသောက်ထားတာတွေ ရှင်းပြီး မော်တင်ဈေးဝယ်စင်တာကြီးထဲသို့ ပြန်ဝင်ခဲ့ကြသည်။ လူစုစုရှိရာ အနံ့ခံပြီး လိုက်ကြည့်တော့ shopping game အစီအစဉ် ရိုက်ကူးဖို့ ပြင်ဆင်နေတာ တွေ့သည်။

"ဟဲ့. . ဘောလုံးပွဲမှာ ပွားတဲ့လူကြီးတော့"

"အေး. . ဟုတ်တယ်၊ ဒါပေမယ့် နာမည်မသိဘူး"

သူတို့အုပ်စု ငွေရှင်းကောင်တာနားမှာ စုပုံရပ်ကြည့်နေကြသည်။ အသက်သုံးဆယ်ကျော် အမျိုးသမီးသုံးယောက်နှင့် စတင်မိတ်ဆက်ပေးသည်။

"ဟုတ်ကဲ့ ပြိုင်ပွဲဝင် အမှတ်(၁) အစ်မရဲ့ နာမည်လေး မိတ်ဆက်ပေးပါဦး ခင်ဗျာ"

"ကျွန်မနာမည် မဝင်းဝင်းလှပါ၊ လမ်းမတော်မြို့နယ်မှာ နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့အစ်မ၊ ဒီအစီအစဉ်ကို ကြည့်ဖူးလား"

"ကြည့်ဖူးပါတယ်၊ ကြည့်ပြီး သဘောကျလို့ ကိုယ်တိုင်လာပြိုင်တာပါ. ."

"ဒြော် ဟုတ်ကဲ့ပါ၊ ပြိုင်ပွဲမှာ အနိုင်ရမယ်လို့ကော ယုံကြည်ပါလား"

"နိုင်တာရှုံးတာ အရေးမကြီးပါဘူး၊ အတွေ့အကြုံလိုချင်လို့ လာခဲ့တာပါ"

"ဟုတ်ပါပြီ၊ ကျွန်တော်တို့ အစီအစဉ်ကို ခုလို အားပေးတဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

ဈေးဝယ်ပြိုင်ပွဲဝင်ကြမည့် လူလတ်ပိုင်းအရွယ် အမျိုးသမီးသုံးယောက်လုံးနှင့် မိတ်ဆက်ပြီးတော့ ပရယ်စင်တာလုပ်သူက. . .

"ဟုတ်ကဲ့ shopping game အစီအစဉ်ကို ကြည့်ရှုအားပေးနေကြတဲ့ ပရိသတ်ကြီးခင်ဗျား၊ မကြာခင်မှာ ဈေးဝယ်ပြိုင်ပွဲကြီး စ,ပါတော့မယ်၊ ဒီတစ်ခါတော့ ဈေးဝယ်ပုံစံတစ်မျိုး ပြောင်းပေးထားပါတယ်၊ က,အက္ခရာနဲ့စတဲ့ ကုန်အမျိုးအစားတွေကို ဝယ်ခဲ့ရမှာပါ"

"ဟဲ့. . ဒီတစ်ခါ အဆန်းပဲ"

"အသာကြည့်စမ်းပါ မိသူရာ၊ သူတို့ တင်ဆက်ပုံတွေ လွတ်သွားလိမ့်မယ်"

သူသူနှင့် ခိုင်ငြိမ်းစံတို့ တီးတိုးတီးတိုး ပြောနေကြသည်။

ခိုင်ငြိမ်းစံ အာရုံနောက်သွားဟန်နှင့် သူသူ့အား တားသည်။

"ဟုတ်ကဲ့ အမတို့သုံးယောက် အသင့်ပြင်ထားကြပါ၊ အချက်ပေးသံစတာနဲ့ စပြီးဝယ်ဖို့ ယှဉ်ပြိုင်လို့ရပါပြီ"

ပြိုင်ပွဲဝင်များ ခေါင်းညိတ်ကြသည်။ ဆွဲခြင်းများကိုကိုင်ကာ အသင့်နေရာယူကြသည်။ အချက်ပေးသံ မြည်လာသည်နှင့် အပြေးအလွှား ထွက်သွားကြ၏။ ပစ္စည်းပစ္စယများ ကုန်စည်များတင်ထားသည့်





ကော်ရစ်ဒါတစ်လျှောက် တွေ့ရာပစ္စည်းများထဲမှ က,အက္ခရာနှင့်စသော ကုန်များကို ခြင်းထဲဆွဲထည့်ကြသည်။

ဒါကို ကင်မရာမင်းများက တစ်ယောက်ချင်းစီ လိုက်ရိုက်ကြ၏။ လှုပ်ရှားနေသော အရုပ်များမို့ ကင်မရာကို ပခုံးထမ်းပြီး ရိုက်ချက်ကောင်းကောင်း အရုပ်ကောင်းကောင်းရအောင် ကြိုးစားနေကြသည်။ တန့်သတ်ချိန် ဆယ်မိနစ်အတွင်း ဈေးဝယ်တွေရော ကင်မရာမင်းများပါ အသည်းအသန် လှုပ်ရှားနေကြ၏။

ဒီဒီးတို့အုပ်စုလည်း တကောက်ကောက်လိုက်ပြီး ကြည့်သည်။ ဘယ်သူနိုင်လောက်သလဲဆိုတာ ခန့်မှန်းပြောဆိုကြသည်။ ဆယ်မိနစ်ဆိုသည့်အချိန်က လျှင်မြန်စွာပင် ကုန်ဆုံးသွား၏။

ကောင်တာသို့ ဈေးဝယ်များ တစ်ယောက်ပြီးတစ်ယောက် ရောက်လာသည်။

ပြိုင်ပွဲဝင် အမှတ်စဉ်(၂)က အရင်ဆုံး ပန်းဝင်လာ၏။ ဒီဒီးတို့အုပ်စု ကောင်တာနားတွင် ရစ်သီရစ်သီလုပ်၍ တင်ဆက်ဖို့ ရိုက်ကူးသမှုကို လေ့လာကြသည်။

"ဟုတ်ကဲ့. . . ပြိုင်ပွဲဝင်အမှတ်စဉ်(၂)မကေသီဦး၊ အရင်ဆုံးပန်းဝင်ပါတယ်၊ စုစုပေါင်း ကြာမြင့်ချိန် ကိုးမိနစ်နဲ့ စက္ကန့်သုံးဆယ်ပါ၊ ဟုတ်ကဲ့အစ်မ. . ဈေးဝယ်ရတာ အဆင်ပြေရဲ့လား၊ တော်တော်များများ ဝယ်လာနိုင်ခဲ့လား"

"ဟုတ်ကဲ့ အကောင်းဆုံး ကြိုးစားခဲ့ပါတယ်"

"ဒါဆို ဝယ်လာတဲ့ ပစ္စည်းလေးတွေ စစ်ကြည့်လိုက်ရအောင်နော်"

ပရင်စင်တာက ခြင်းထဲမှပစ္စည်းတွေ တစ်ခုစီ ထုတ်ယူစစ်ဆေးသည်။

"အင်း. . ဒါက"



www.burmeseclassic.com

www.burmeseclassic.com



"ကော်ရက်ရှင်ပင်နိပါ"

"ကော်ရက်ရှင်ပင်နိ ဟုတ်ပါပြီ၊ ကကြီးနဲ့စတဲ့ ကုန်ပစ္စည်းတစ်ခုပါ မှန်ပါတယ်၊ ဒါက ကျွဲကောသီး၊ ဒါက ကတ်ကြေး၊ ဟုတ်ပါတယ် နောက်တစ်ခုက ကော်ဘူး၊ ဟုတ်ကဲ့ ကုလားပဲထုပ်၊ အင်း နောက်တစ်ခုက ကြောင်လျှာသီး၊ ဟား. . ဟား. . ဟား. . ဟုတ်ပါတယ်၊ သူလည်း ကကြီးနဲ့ စတာပါ၊ နောက်ထပ်ရော ဒါလေးတွေက. ."

"ကြယ်သီးပါ"

"ဟုတ်ကဲ့ ကြယ်သီးဆို ရပါတယ်၊ ဒါက ကြာဆံ မှန်ပါတယ်၊ နောက်တစ်မျိုးက ကာကာ ကော်ဖီထုပ်၊ မှန်ပါတယ်၊ အဲ. ဒါ. . ဒါက ရော"

"အဲဒါ ကော်ခွက်လေ"

"ဟောဗျာ၊ ဒါ ပလတ်စတစ်ခွက် မဟုတ်ဘူးလား"

"အင်း. . အဲ. . အတူတူပဲလေ၊ ကော်နဲ့ ပလတ်စတစ်က. ."

"အဲ. . ဟုတ်ပါတယ်၊ နောက်တာပါ အစ်မ. . . ရပါတယ် အစ်မ ဝယ်လာတာ မှန်ပါတယ်၊ နောက်ထပ် ဘာရှိသေးလဲ"

"ကျောက်ကျောထုပ်ပါ"

"ဟုတ်ကဲ့ ရပါတယ်၊ ဟောဗျာ ဒါက ဘာတုန်း"

"ကိုရီးယားကားလေ၊ DVD အခွေပေါ့"

"အဟဲ ဒီဟာတော့ မရပါဘူး၊ ဗီဒီယိုအခွေလို့ပဲ သတ်မှတ်တာပါ၊ တစ်မျိုးမှားသွားပါတယ်၊ ဒါကို ပယ်လိုက်ပါ့မယ်၊ နောက်ထပ် အဲ ကြက်ဟင်းခါးသီးနဲ့ ကြိမ်ခြင်း မှန်ပါတယ်ခင်ဗျာ၊ ကဲကဲ. . ဘယ်နှမျိုးရလဲ တစ်, နှစ်, သုံး, လေး. . ဟုတ်ကဲ့ ဆယ့်သုံးမျိုး ဝယ်လာနိုင်တယ်၊ ဂုဏ်ယူပါတယ်ခင်ဗျာ"

ပရင်စင်တာက ရယ်ရယ်မောမော ရွှင်ရွှင်မြူးမြူး ပြောဆိုတာ ပရိသတ် စိတ်ဝင်စားအောင် တင်ဆက်နေသည်။ နောက်တစ်ယောက်





ဝယ်လာသည်များကို အပ်မံစစ်ဆေးသည်။ ကြေးစည်နှင့် ကရင်အကျီ အပြင် ကုလားလေး မဆလာပါရအောင် ဝယ်လာသူလည်း ရှိသည်။ ကုလားလေး မဆလာကိုတော့ မအက္ခရာနှင့်စသည့် မဆလာဟုသာ သတ်မှတ်သောကြောင့် ပယ်လိုက်သည်။

ဘာပဲပြောပြော ပျော်စရာ ကြည်နူးစရာကောင်းသော အစီအစဉ်တစ်ခုပဲ ဖြစ်သည်။ အနိုင်ရသူအား 5 network receiver တစ်လုံးအပြင် ထိုပြိုင်ပွဲဝင်လာသည့် ပစ္စည်းများအား ဆုအဖြစ်ချီးမြှင့်လိုက်သည်။

နတ်,ကရာ ကြည့်မောနေကြသော ဒီဒီးတို့လည်း ရိုက်ကူးမှုပြီးဆုံးမှပဲ junction မော်တင်ထဲမှ ထွက်ခဲ့ကြသည်။ သူတို့တွေ၏ အားလပ်ရက်က အကျိုးရှိရှိ ကုန်ဆုံးသွားခဲ့သည်။

"ဒီဒီး. . သူသူ့ကို အိမ်လိုက်ပို့ရင်း အလည်လိုက်ခဲ့ပါလား"

"အဲ. . အဲ. . ဟိုဒင်း ညနေမှာ အမေ့ကို ဆေးခန်းပို့စရာ ရှိသေးလို့ပါ သူသူ. . နောက်ကြုံဦးမှာပေါ့"

အကြောင်းပြကောင်းကောင်းနှင့် အခင်မင်မပျက်အောင် ငြင်းဆိုတ်သော ဒီဒီးစကားကြောင့် သူသူလည်း အထွန့်မတက်တော့။ လမ်းကြောင်းတူသည့် ခိုင်ငြိမ်းစံနှင့်အတူ ကားစီး၍ ပြန်သွားသည်။

လိုင်းကားတွေ ကျပ်သိပ်နေသဖြင့် နူးညံ့က TAXI ငှားကာ ပြန်သွားတော့၏။ မှတ်တိုင်မှာ ဒီဒီးတို့သုံးယောက်သာ ကျန်ခဲ့၏။

"ကဲ ဘယ်လိုလဲ ဒီဒီး၊ ကော်င်မလေးတွေ သနားပါတယ်ကွာ၊ နှစ်ယောက်လုံးက ဝိုင်းပလူးနေကြတာ၊ ငါသာဆို အားနာတာနဲ့တင် အလေးနှစ်ယောက်လောက် ရနေပြီ"

"အဟင်း. . တော်တော် အားပါနေတယ်ပေါ့ ဟုတ်လား"

"ဟုတ်သားပဲ ဒီဒီးရာ၊ တစ်ယောက်ယောက်ကိုသာ စလိုက်နှုန်းရောကျွဲရော ဆယ့်ငါးမိနစ်ဆို မင်းအဖြေရပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါနဲ့ကွာ၊ ငါ ဝင်မရှုပ်ရင်. . သူတို့ လင်ကောင်းသား ကောင်းရမှာ"

"မင်းကွာ ပါးစပ်နားရောက်နေတဲ့ အစားတစ်လုတ်ကို လှမ်း ဟပ်လိုက်တာ မဟုတ်ဘူး"

"အေး. . လှမ်းဟပ်လိုက်ရင် ဟတ်ထိသွားမှာစိုးလို့ပေါ့"

"အဲဒါကြောင့် ပြောတာပေါ့၊ အသည်းထိအောင် ဆွဲစိလိုက်ပါ ဆိုတာကို"

"တော်ပါကွာ ဘော်ဒါရာ၊ ကြော်ငြာတာ ရပ်လိုက်တော့၊ ငါ့မှာ ဒါတွေ လုံးပန်းဖို့ အစီအစဉ်မရှိသေးပါဘူးကွာ"

"အောင်မလေးဟဲ့၊ လွှတ်တော်အမတ်တွေမေးတာကို ပြန်ဖြေ တဲ့ ဝန်ကြီးလေသံနဲ့. . အမြင်ကတ်ဖို့ ကောင်းလိုက်တာများကွာ"

ဒီဒီးကို ဘယ်လိုမှ တိုက်တွန်း၍ မရသဖြင့် နေဝင်းတို့ စိတ် ပါတ်ကျသွားကြသည်။

"အင်း. . မင်းက ကိုယ်တိုင်လည်း မီးမလောင်၊ မီးလောင်ခြင်း ကိုလည်း အားမပေးဘူးဆိုတော့၊ မင်း လိင်တူချင်း တပ်မက်နေတာပဲ ဖြစ်ရမယ်"

"သေချင်းဆိုးတွေ မင်းတို့သာ မာမီပါတီကို ဝင်ကြ၊ ငါက. . (၉၉. ၉၉)ပါစင့်ရှိတဲ့ ယောက်ျားအစစ်ကွ. . သိလား"

"သိပါတယ်. . ဝမ်းပါစင့် အခြောက်ကြီးရယ်"

ဒီဒီးတို့လည်း တသောသောရယ်ရင်း လမ်းခွဲကာ ပြန်လာကြ၏။ ဒီဒီးအကျီက ငပိနံ့သင်းနေဆဲဖြစ်သလို သူဆွဲလာသည့် ပလတ်စ တစ်အိတ်ထဲမှာလည်း ရှူးဖိနပ်တစ်ဖက် ပါလာခဲ့သည်လေ။







# အခန်း(၄)

ရွက်ဆုတ် ပြက္ခဒိန်လေးများ ခပ်ပါးပါးသာ ကျန်တော့သည့်အခါ တစ်နှစ်ကုန်ဖို့ နီးလာပြန်ပြီ ဖြစ်သည်။ ဒီဒီးတို့အုပ်စုလည်း စာတွေ့သင်တန်းများ ပြီးပြီမို့. . လက်တွေ့ရိုက်ကူးရေးသင်တန်းများ စတင်နေကြပြီ ဖြစ်သည်။

Junction Square မှာ သင်တန်းမတက်ရတော့ပဲ MRTV4 အသံလွှင့်ရုံဝင်းအတွင်းမှ စတူဒီယိုများဆီသို့ ရောက်လာခဲ့ကြပြီ ဖြစ် သည်။ တာဝန်ကျဝန်ထမ်းများ လုပ်ကိုင်နေပုံကိုကြည့်ရင်း အထင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



အားကျစိတ်တွေ ဖြစ်တည်လာရသည်။ ဒီဒီးတို့အုပ်စု MINUTE TO WIN IT , MYANMAR COOKING MASTER နှင့် BEFORE & AFTER အစီအစဉ်များ ရိုက်ကူးတည်းဖြတ် ထုတ်လုပ်မှုများကို လေ့လာကြည့်ရှုခွင့် ရခဲ့ပြီးဖြစ်သည်။

ဒီနေ့တော့ အားလုံး ကင်မရာအား စမ်းသပ်ကိုင်တွယ်ရိုက်ကူးခွင့် ရရှိခဲ့သည်။ ယောကျ်ားလေးအများစုက ကင်မရာကိုင်ကြပြီး မိန်းကလေးများက ဗီဒီယိုအရိုက်ခံကြသည်။

တစ်ယောက်တစ်လှည့်ဆိုသလို Lighting ပေးပုံပေးနည်းကိုလည်း လေ့ကျင့်ကြရသည်။ TROLLEY SHOT, CRANE SHOT များကိုလည်း လေ့လာသင်ယူကြရသည်။ FIGHTING, DIVING, STUNT, JUMP, KICK စသည့် ရိုက်ချက်များတွင် ကင်မရာ ဘယ်လိုယူရမည်ဆိုတာ လေ့လာရသည်။

တစ်နေကုန် လေ့ကျင့်သင်ကြားပြီးသော်လည်း တစ်နေ့တာသင်ခန်းစာက မပြီးသေး၊ မြန်မာ့အသံမှ ကားတစ်စီးနှင့် သုဝဏ္ဏကွင်းသို့ ရောက်ခဲ့ရပြန်သည်။ ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့် ရိုက်ကူးမှုကို လေ့လာကြဖို့ဖြစ်သည်။ မိန်းကလေးအုပ်စုက ပွစိပွစိ ဆူညံဆူညံဖြစ်နေ၏။ သူတို့မှ ဘောလုံးပွဲမကြိုက်ကြတာကိုး။ ယောကျ်ားလေးတွေကတော့ ပရီးမီးယားတို့ လာလီဂါတို့ မဟုတ်သော်လည်း စိတ်နှစ်ထားလို့ရသည်။

ကစားကြမှာကလည်း ရန်ကုန်နှင့် ရတနာပုံဆိုတော့ သည်းခံကြည့်ရှုနိုင်သည်။ MNL ဘောလုံးပွဲတွင် ကင်မရာသုံးလုံး အသုံးပြု၏။ လက်ဖြင့် အတင်အချ အနိမ့်အမြင့် ပြုလုပ်လို့ရသည့် ကရိန်း မောင်းတက်အငယ်စားတွင် ကင်မရာတစ်လုံး အသေတပ်ထားသည်။

အပေါ်စီးမြင်ကွင်းမှ ကင်မရာအသေတစ်လုံးနှင့် ဘောလုံးသွားရာသို့ Zoom in, Zoom out နှင့် အမြဲလိုက်နေသော ကင်မရာ





တစ်လုံးတို့ ရှိသည်။ ထိုကင်မရာများနှင့် ထုတ်လွှင့်ရေးယာဉ် ဆက်သွယ်ထားသည်။ ကင်မရာသုံးလုံးမှ ရိုက်ချက်များကို တိုက်ရိုက်တည်းဖြတ်ပေါင်းစပ်ကာ ပြန်လည်ထုတ်လွှင့်ခြင်း ဖြစ်သည်။

ရိုက်ကူးထုတ်လွှင့်ခြင်းအပြင် ကစားနေပုံကိုကြည့်ကာ တိုက်ရိုက်အသံဖြင့် တင်ဆက်ခြင်းကိုလည်း သဘောတကျ အားပေးခဲ့ရသည်။ ထိုသို့ကြည့်ပြီး မြင်သမျှ ပြောပြနေရတာ လွယ်သည့်ကိစ္စမဟုတ်၊ နှစ်ဖက်အသင်းမှ ကစားသမား အားလုံး၏ ကျောနံပါတ်ဘယ်လောက်ဆိုတာ အလွတ်ရနေဖို့လည်း လိုအပ်သည်။

ထို့ပြင် ဘောလုံးအားကစားနည်း၏ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေသများကိုလည်း တီးခေါက်မိဖို့ လိုအပ်သည်။ နှင်းဆီရင်ခွင်အငြိမ့်ထဲက ကျော်ကျော်ဗို ဘောလုံးပွဲ ကြေညာသလိုမျိုး ဂိုးသမားလက်နဲ့ ဘောလုံးထိသွားလို့ ပိုင်နယ်တီပေးလိုက်တယ်ဆိုတာမျိုး မဖြစ်ဖို့လိုသည်။

"မင်းတို့ရော ဘောလုံးနဲ့ ပတ်သက်ပြီး ကျွမ်းကျင်ရဲ့လား"

"လောင်းတဲ့နေရာမှာတော့ ကျွမ်းပါတယ် ဒီဒီးရာ"

"ကောင်းစားဦးမယ့်ကောင်ပဲ၊ ဒါနဲ့ ဘောသမားနာမည်တွေရော သိရဲ့လား"

"သိတာပေါ့. . ရွှန်းနီ၊ ဗန်ပါစီ၊ ရော်နယ်ဒို၊ ပတ်ဟောင်စွာ၊ ဇတ်ဂျီဆန်၊ မက်ဆီ၊ မာတာ၊ ပီတု၊ ဥပ္ပဌာန်၊ ပုတ္တဒါရဿ၊ သင်္ဂဟော၊ အဲ. . မဟုတ်ဘူးလား"

"ဟေ့ကောင် နေဝင်းအောင်. . မာတာထိတော့ ထားပါတော့၊ ပီတုတို့ ဥပ္ပဌာန်တို့က ဘယ်ကပါလာတာလဲ"

"ဟေ. . ဟုတ်လား. . အဲလိုပြောလိုက်လို့လား။ ဟဲ. . ဟဲ. . ဆောရီးကွာ. . ငါတို့မှာလည်း မာတာပြီးရင် ပီတုဆိုပြီး နားစွဲနေလို့ကိုးကွ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ဟုတ်တဲ့ကောင်ကွာ၊ နောက်ဆိုမှတ်ထား. . အော်ဗရာမိုဗစ်က သူ့ရဲ့ ချဲလ်စီးအသင်းမှာ မာတာကိုပဲ ဆက်ထားမယ်ဆိုပြီး ပီတုကို စံချိန်တင် အနိမ့်ဆုံးဈေးနဲ့ ရောင်းထုတ်လိုက်ပြီ"

"ဟီး. . ဟီး. . ဟီး. . အေး. . အေးပါကွာ၊ မှတ်ထားလိုက်ပါ့မယ်. . ဟဲ. . ဟဲ"

MNL ပွဲတို့ ထုံးစံအတိုင်း အထူးတန်း ပွဲကြည့်စင်၌သာ လူတွေ ပြောက်တိပြောက်ကျား ရှိနေ၏။ ပွဲကြည့်စင် လေးဘက်လေးတန် ပြည့်လျှံအောင် လာရောက်အားပေးသည့်နေ့သည် မြန်မာဘောလုံးလောက ပြန်လည်ရှင်သန်လာသည့်နေ့သာ ဖြစ်ပေလိမ့်မည်။

ပြောမယ့်သာ ပြောရတာ၊ အောက်ခြေကလူတွေအထိ လက်ဖက်ရည်ဆိုင်အားကိုးနဲ့ ကမ္ဘာ့ဘောလုံးပွဲမျိုးစုံကို ယဉ်ပါးနေကြပြီ ဖြစ်သည်။ ဒီတော့. . အသိအမြင် ဗဟုသုတတွေ ကြွယ်ဝလာကြ၏။ ထိုအခါ အရာရာကို နှိုင်းယှဉ်တတ်လာသည်။ မြန်မာ့ဘောလုံးက ကမ္ဘာ့ဘောလုံးလို ရင်ခုန်စရာမကောင်း. . ဘောလုံးပညာ၊ နည်းပရိယာယ်၊ ခွန်အားစိုက်ထုတ်မှု၊ လျင်မြန်တိကျမှု၊ ကျားကုတ်ကျားခဲ ကြိုးပမ်းမှုတို့တွင် အဘက်ဘက်က နိမ့်ပါးလျက်ရှိတာ သိသိသာသာ မြင်နေရသည်။

ဒီတော့လည်း ကွင်းထဲအရောက် အားပေးမှု၊ နိမ့်ကျလာတာ ဘာမှတော့မဆန်း၊ မြန်မာ့ဘောလုံးလောကမှာ နိုင်ငံခြား အားကစားသမားပါဝင်မှု မြင့်မားလာသလို ဂိုးသွင်းကောင်းတဲ့ကိုကိုတွေကလည်း နိုင်ငံခြားသားတွေသာ ဖြစ်လာကြသည်။ ဒါက. . . အလားအလာမကောင်းသော အချက်ပင်ဖြစ်သည်။

"အင်း. . မြန်မာပြည်မှာရော မက်ဆီလို ပုံတူ ရွှေခြေထောက် လုပ်လောက်တဲ့ ကစားသမား ရှိနေပြီလား ငြိမ်းချမ်း"

"အင်း. . ရွှေခြေထောက် လုပ်လောက်တဲ့သူဆိုလို့ ငါကလွဲပြီး မတွေ့မိပါဘူးကွာ"





ငြိမ်းချမ်းအပြောကြောင့် သူ့ကျောပြင် ဗျောအတင် ခံလိုက်ရသည်။ ဘာပဲဖြစ်ဖြစ် ဘောပွဲပြီးအောင် အားလုံးစောင့်ကြရ၏။ အိမ်ရှင်အသင်းဖြစ်သည့် ရန်ကုန်အသင်း နယ်ခံပရိသတ်ရှေ့မှာ အားကြိုးမာန်တက် ကစားသော်လည်း ထင်တိုင်းမပေါက်ဘဲ (2:1)တူးဝမ်းနှင့် ရှုံးသွားသည်။

ပွဲအပြီးမှာ သုဝဏ္ဏကွင်းကပဲ လမ်းခွဲကြသည်။

ဒီဒီး တစ်ယောက်တည်း မှတ်တိုင်မှာ ကားစောင့်သည်။ မှောင်ရီပျိုးနေပြီမို့ အလုပ်ပြန်သူများနှင့် ဘောပွဲအလွှတ် လူတွေပေါင်းပြီး မှတ်တိုင်မှာ လူတွေပုံနေသည်။ ထိုစဉ် သူ့လက်မောင်းကို တစ်ယောက်ယောက် ရိုက်လိုက်သည်မို့ လှည့်ကြည့်တော့. . .

"ဟင်. . သူသူ"

"ကားတွေ တအားကျပ်တယ် ဒီဒီးရယ်၊ တက္ကစီနဲ့ ပြန်မလားလို့ တစ်ယောက်တည်းလည်း မစီးရဲတာနဲ့"

စကားအသွားအလာ အခေါ်အပြောအရ မကူညီလျှင်လည်း မကောင်းသည့် အနေအထားမို့ ဒီဒီး စိုးထိတ်သွားသည်။

"သူသူ ဘယ်မှာနေတာလဲ"

"တောင်ဥက္ကလာ နန္ဒဝန်ဈေးနားမှာ. ."

"ကိုယ်က ဘေလီထိဆိုတော့ လမ်းတော့သင့်သားပဲ၊ ကားငှားလိုက်မယ် အတူတူပြန်တာပေါ့"

"အင်း. ."

တက္ကစီတစ်စီးငှားပြီး နောက်ခန်းမှာ အတူထိုင်ကာ ပြန်ခဲ့ကြသည်။

"ခင်တာမင်တာကြာလှပြီ၊ တစ်ခါမှ အိမ်အလည် မခေါ်ဘူးနော်"

"ဟင်. . အဲ. . အိမ်မှာ အလှူလေးဘာလေး လုပ်ရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်မှာပါ"

"မိသားစု ဘယ်နှယောက်လဲ"

"လေးယောက်၊ ညီမတစ်ယောက်ရှိတယ်၊ ဒဂုံမှာ ဒုတိယနှစ်"

"ဟုတ်လား သူသူကတော့ တစ်ယောက်တည်း၊ သင်တန်းပြီးမှ တောင်ငူကို အလည်ခေါ်ဦးမယ်၊ ဒီမှာက အဒေါ့်အိမ်မှာ နေတာလေ"

"ဪ. . အင်း"

သူသူမေးသမျှ မပွင့်တပွင့်ဖြေရင်း ဒီဒီး စိတ်ကျဉ်းကျပ်နေသည်။ သူ့ဘာသာပြန်လည်း ရလျှက်နှင့် လူစုကွဲမှ တစ်ယောက်တည်း ပြန်လာကာ အတူသွားဖို့ အဖော်စပ်တာ သိပ်တော့မရိုးသားဟု ထင်မိသည်။ ဒီလိုတွေးရတာလည်း ကိုယ့်ကိုယ်ကိုယ် မြှင့်တွက်ရာ ရောက်သည်မို့. . အေးလေ သူလည်း ယုံကြည်ရတဲ့သူမို့လို့ အကူအညီတောင်းတာဖြစ်မှာပါဟုသာ ဖြေတွေးတွေးနေရသည်။

ဘာပဲဖြစ်ဖြစ်. . ဒါက ရေလာအောင် မြောင်းပေးတဲ့သဘောဆိုတာ ဒီဒီးသိသည့်အတွက် စကားတွေ အစွန်းမထွက်အောင် ဆင်ခြင်ပြောဆိုရသည်။

"သင်တန်းပြီးတဲ့အခါ အတူတူ အလုပ်ရရင် ကောင်းမယ်နော် ဒီဒီး. ."

"အင်း. . မကြာခင်မှာ ဆီးဂိမ်း စတော့မှာလေ၊ သတင်းဌာနပေါင်းစုံ အဲဒီမှာ သတင်းသွားယူကြမှာ တို့တွေ ပွဲကြီးပွဲကောင်း လွတ်သွားပြီ"

"အင်းနော် နှမြောစရာကြီး"

"ဟုတ်တယ်. ငါ အဲလိုတာဝန်မျိုး သိပ်ယူချင်တာ၊ ဒါမျိုးတခဏခဏ ကြုံရတာမျိုး မဟုတ်ဘူးလေ"

"အင်း အားမလျှော့ပါနဲ့ဟာ၊ ဒီထက်ကောင်းတဲ့ အခွင့်အရေးကြုံဦးမှာပါ"





စကားတပြောပြောနှင့်ပင် နန္ဒဝန်ဈေးသို့ ရောက်လာသည်။ သူသူက တိုက်တစ်လုံးရှေ့တွင် ကားရပ်ခိုင်းပြီး ကားခထုတ်ပေး၏။

"နေပါစေသူသူ ငါ ရှင်းလိုက်ပါ့မယ်"

ဒီဒီးတားတာ ဘယ်လိုမှ လက်မခံပဲ ငါးထောင်တန်တစ်ရွက် ဒရိုင်ဘာကို အတင်းပေးပြီး ကားပေါ်မှ ဆင်းသွားသည်။

"ကဲ. . သွားတော့ ဒီဒီး မိုးချုပ်နေပြီ၊ အိမ်လည်း မှတ်ထားဦး"

"အေးပါ. . သွားပြီနော်"

တစ်ယောက်တည်း ခရီးဆက်ခွင့်ရမှ ဒီဒီး သက်ပြင်းချမိတော့သည်။ ဘေလီထိပ်တွင် ပြန်အမ်းငွေ နှစ်ထောင်ယူပြီး ကားပေါ်မှ ဆင်းခဲ့သည်။ ညကောင်းကင်မှာ ကြယ်တွေ မစုံသေးသော်လည်း. . ညကအရွယ်ရောက်နေပြီ ဖြစ်သည်။

❋❋ ❋❋ ❋❋

"ဟား. . ရည်းစားစာ အမိုက်စားပါလား၊ ဘယ်သူ့ကို ပေးဖို့လဲ"

"ချွန်မနေနဲ့ နေဝင်းအောင်၊ ဘယ်သူ့ကိုမှ ပေးဖို့မဟုတ်ဘူး ဇာတ်ဝင်ခန်းမှာသုံးဖို့ ရေးထားတာ၊ ဒါတောင် မကြိုက်သေးဘူး"

"ကောင်းပါတယ်ကွ၊ တော်ရုံမိန်းကလေးဆို မြွေသွားမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . ငါ မကြိုက်ဘူး၊ အဲဒီနှစ်စောင်လုံး မသုံးတော့ဘူး၊ ဒီမှာ အသစ်ရေးနေတာ ပြီးတော့မယ်"

ငြိမ်းချမ်းဝေနှင့် နေဝင်းအောင်တို့ . . တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ မျက်စပစ်လိုက်ကြသည်။ ဒီဒီးက ဘာမှမသိ။ ရေးလက်စ ရည်းစားစာကို လက်စသတ် အချောကိုင်နေလေသည်။

သင်တန်းသားတွေ အကုန်တင်ပြကြရမည့် နာရီဝက်စာ ဇာတ်လမ်းတိုနှင့် ဇာတ်ညွှန်းအတွက် ဒီဒီး ခေါင်းစားနေခြင်းဖြစ်သည်။ သူတို့ခြောက်ယောက်အုပ်စုအတွက် ဇာတ်လမ်းတိုတွေကို ဒီဒီးပဲ ဒိုင်ခံခေါင်းစားနေခြင်းဖြစ်သည်။

လူငယ်တွေဖန်တီးသည့် ဇာတ်လမ်းဆိုတော့ ရည်းစားစာပေးသည့်အခန်းက ဇာတ်လမ်းနှစ်ပုဒ်မှာ ပါနေသည်။ ထို့အတွက် ဇာတ်ဝင်ခန်းသုံး ရည်းစားစာတွေကို ဒီဒီး ဖန်တီးနေခြင်းဖြစ်သည်။

အချိန်အားရခိုက် လုံ့လစိုက်နေစဉ် ကိုဇင်အောင် အတန်းထဲသို့ ဝင်လာသည်။ သူက MMDC သင်တန်းကျောင်းအတွက် Idea များ စဉ်းစားလာခဲ့ကြရန် မှာကြားလိုက်သည်။ ထို့အတွက် အားလုံး ရင်ခုန်နေကြသည်။

"ကဲ . . သင်တန်းသားတွေ On Job Training အတွက် Idea တွေ စဉ်းစားခဲ့ကြတယ် မဟုတ်လား၊ နားထောင်ကြည့်ရအောင်"

တက်ကြွသော ကျောင်းသားတစ်ယောက် ထလာ၏။ တောင်ကြီးက လာတက်သည့် ရှမ်းတိုင်းရင်းသားလေး စပ်ကိုင်ဖ ဖြစ်သည်။ စကားသံ ဝဲဝဲလေးနှင့် သူ့ Project ကို ရှင်းပြသည်။

"ကျွန်တော် MMDC အတွက် Story လေးတစ်ခု စဉ်းစားထားပါတယ်၊ ကျွန်တော်တို့ MMDC သင်တန်းသားတွေ OUT-DOOR SHOTTING တစ်ခု ထွက်ကြပါတယ်၊ အဲဒီမှာ UFO တစ်စီး ကျွန်တော်တို့နားကို ပျက်ကျလာပါတယ်"





"ဟား . . ဟား . . ဟား . . UFO ကို ဘယ်လိုဆက်တင်လုပ်မလဲ"

"ပန်းကန်ပြားပျံကို နိုင်ငံခြားကားတွေထဲက ဖြတ်ညှပ်ကပ်လုပ်မှာ"

"ဟုတ်ပါပြီ စိတ်ဝင်စားစရာ ကောင်းပါတယ် ဆက်ပြောပါ"

အတန်းသားတွေ ယောက်ပြတာကို တားမြစ်ပြီး ကိုဇင်အောင်က ဆက်ပြောခိုင်းသည်။

"UFO အပျက်ထဲက အီးတီတစ်ကောင် ထွက်လာပါတယ်၊ သူက ကျွန်တော်တို့ အုပ်စုကို အကူအညီတောင်းတယ်၊ ကျွန်တော်တို့သည် MRTV ရဲ့ ဂြိုဟ်တုကတစ်ဆင့် စကြဝဠာထဲကို မက်ဆေ့ချ်ပို့ပြီး အကူအညီတောင်းတယ် . . "

စပ်ကိုင်ဖ၏ STORY ကို နားထောင်ရင်း သင်တန်းသားတွေ ဟားဟားရယ်ကြသည်။ စပ်ကိုင်ဖက လုံးဝအရေးမစိုက်ပဲ သူ့အစီအစဉ်ကို ပြီးဆုံးအောင် ဆက်ပြောသည်။

" MAY DAY နဲ့ S.O.S စစ်ဂနယ်တွေ အာကာသထဲကို ပို့ပြီးတဲ့အခါ အီးတီတို့ရဲ့ နောက်ထပ် UFO တစ်စီးနဲ့ ကွန်တက်ရပါတယ်၊ သူတို့ လာကယ်တဲ့အတွက် . . ကျွန်တော်တို့ဆီ ရောက်နေတဲ့ အီးတီလေး ဘေးကင်းစွာနဲ့ အိမ်ပြန်သွားနိုင်တယ်ဆိုတဲ့ Message ပေးထားပါတယ်"

စပ်ကိုင်ဖ ပြောပြီးသွားတော့ . . လက်ခုပ်သံတွေ တဖြောင်းဖြောင်း ထွက်လာသည်။ နောက်ထပ် သင်တန်းသူ သင်တန်းသားတွေ ကိုယ့်အိုင်ဒီယာကိုယ် တင်ပြကြသည်။ ဒီလိုနှင့် ဒီဒီးအလှည့် ရောက်လာ၏။

"ကျွန်တော်က ဟင်းချက်ပြိုင်ပွဲအတွက် Idea လေး စဉ်းစားထားပါတယ်၊ ခေတ်နောက်ပြန်ပြီး ရာဇဝင်ထဲက လူတွေနဲ့ ဝိုက်ကူးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါ"

ဒီဒီးက ဝန်ကြီးတစ်ပါး နောက်ပါများနှင့် မောင်းကြေးနင်း၍ ဟင်းချက်ဘုရင်မပြိုင်ပွဲ ကျင်းပပြီး မိဖုရားမြှောက်မည့်အကြောင်း ကြေညာပုံ ပြိုင်ပွဲဝင်လိုသူ အချောအလှများအပြင် ကစ်ကစ်တို့ ပွင့်လို ဝတုတ်ကြီးများလည်း လာပြိုင်ကြပုံ၊ ဟင်းချက်ကြပုံ၊ ဘုရင် ကိုယ်တိုင်မြည်းပြီး အကဲဖြတ်ပုံရွေးချယ်ခံရသူအား မိဖုရားအဖြစ်. . တော ကောက်လိုက်ပုံများအား စီကာပတ်ကုံး ပြောပြလိုက်သည်။

အားလုံး ပြောပြပြီးသည့်အခါ MMDC အတွက် တစ်ခုနှင့် ဟင်းချက်ပြိုင်ပွဲအတွက် တစ်ခုရွေးချယ်မည်။ STORY BOARD များ တင်ကြပါဟု ကိုဇင်အောင်က ညွှန်ကြားသည်။ အဖွဲ့နှင့် စိစစ်ရွေးချယ်ပြီး ညနေမှာ ရွေးချယ်ခံရသည့် STORY ကို ကြေညာပေးမည်ဖြစ်ကြောင်း အသိပေးသည်။ အားလုံး ရင်ခုန်သွားကြသည်။

"လက်စွမ်းပြခွင့်တော့ ရပြီဟေ့"

"ဟုတ်တယ် ငြိမ်းချမ်း ပျော်စရာကြီးကွာ"

"အစီအစဉ် ရိုက်ကူးမယ်ဆိုရင် သရုပ်ဆောင်တွေ ဘယ်လို ရွေးမှာလဲ"

"အဲဒါတော့ မပြောတတ်ဘူး၊ တို့သင်တန်းသားတွေပဲ အများဆုံး ပါရမယ်ထင်တယ်"

"အဟား. . ဟား. . ကောင်းလိုက်တာဟာ၊ ငါတို့တော့ ကြော်ငြာမင်းသမီး ဖြစ်ပြီ"

"ခိုင်ငြိမ်းစံ နင်က ဟင်းချက်ပြိုင်ပွဲမှာ အနိုင်ရမယ့် ပြိုင်ပွဲဝင် လုပ်. . ငါက ဘုရင်လုပ်မယ်၊ ဒါမှ ကြော်ငြာထဲမှာ နင်နဲ့ငါ ညားကြမှာ"

နေဝင်းအောင်၏ တောင်းဆိုမှုကို ခိုင်ငြိမ်းစံက လက်ဝါးတွေ လက်ဝါးစောင်းတွေနှင့် အဖြေပေးလိုက်၍ တဖုန်းဖုန်းတဖောင်းဖောင်း အသံတွေ ထွက်လာသည်။ ရယ်သံမောသံတွေလည်း စီစီညံသွားလေ





ထမင်းစားချိန်နောက်ပိုင်း လက်တွေ့သင်ခန်းစာတွေကို ဘယ်သူမှ စိတ်မပင်စားတော့၊ ဘယ်သူ့ Idea ရွေးချယ်ခံရမလဲဆိုတာကိုသာ စိတ်ဝင်တစား မျှော်လင့်နေကြသည်။

တကယ်ထုတ်ပြန် ကြေညာသည့်အချိန်မှာ ဉာဏ်ဦးနှင့် ဒီဒီးတို့၏ စတိုရီတို့ ရွေးချယ်ခံရသည်။

ကြော်ငြာရိုက်ကူးရန် ဟာသသရုပ်ဆောင်များကိုသာ ပြင်ပမှ ခေါ်ယူမည်ဖြစ်ပြီး သင်တန်းသားများနှင့်သာ အဓိက ရိုက်ကူးမည်ဟု သတ်မှတ်ပေးလိုက်၍ အားလုံး စိတ်ကူးတွေယဉ်ကာ ပျော်မဆုံး ဖြစ်သွားကြသည်။

သရုပ်ဆောင် ရုပ်ဦးကိုလည်း ဒီမိုကရေစီနည်းကျနစွာ အတန်းသားများကိုယ်တိုင် ရွေးချယ်ကြသည်။ ထိုအထဲတွင် ဒီဒီးနှင့် နွေးညဲ့တို့သာ နောက်ဆုံးအဆင့်ထိ ပါလာပြီး သူသူက ပြုတ်ကျကျန်ရစ်သည်။ သူသူ မျက်နှာမကောင်း။

သင်တန်းမှူးက ကြော်ငြာအတွက် Presentation ကောင်းကောင်းနှင့် Project ရေးဆွဲထားကြရန် အသိပေးပြီး တစ်ရက်တာ သင်တန်းနားလိုက်ကြသည်။

အပြန်ခရီးမှာ နေဝင်းအောင်က. . .

"အဟဲ. . ဒီဒီးတော့ မိုက်သွားပြီ၊ ကိုယ့်ဇာတ်ညွှန်းနဲ့ကိုယ်ဆိုတော့ မိဖုရားဖြစ်သွားတဲ့ ဟင်းချက်ဘုရင်မကို ဖက်တာတို့ လက်ဆွဲတာတို့ ပါအောင်ရေးကွာ၊ သိလား. . ဒီဒီး"

"အောင်မာ. . ဒီဒီးက နင့်လို အခွင့်အရေးသမားများ မှတ်နေလား. . နေဝင်းအောင်"

"ဟ. . ဒါ ရိုက်ကူးရေးပုံစံလေ၊ အနိုင်ရတဲ့ ဟင်းချက်ပြိုင်ပွဲဝင်ကို ဘုရင်က အနည်းဆုံး လက်ဆွဲပြီး ခေါ်ရမှာပဲ မဟုတ်လား. . ဒါကို မပြလို့မှ မဖြစ်တာ၊ ဖက်တာ မဖက်တာတော့ သူ့ဒေါသနဲ့သူပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နေဝင်းအောင် သူ့ထုံးစံအတိုင်း ဝက်အူတင်းအောင်ကြွပ်ရှ
နောက်ပြောင်နေခိုက် သူသူက တက္ကစီတစ်စီးတားကာ ဘယ်သူ့ကို
နှုတ်မဆက်ဘဲ ပြန်သွားနှင့်တော့သည်။







# အခန်း (၅)

သင်တန်းသားတွေအားလုံး ညီညွတ်စွာနှင့် ကြော်ငြာရိုက်ကူးရေးအတွက် ပြင်ဆင်လုံးပန်းနေကြသည်။ ဒီဒီးက အိုင်ဒီယာပိုင်ရှင်ဖြစ်၍ ပိုပြီး အားစိုက်နေရသည်။ ကြော်ငြာအတွက် cut by cut ခွဲကာ ဇာတ်ညွှန်းရေးသည်။ Location ရွေးသည်။ အဝတ်အစားများနှင့် ဆက်တင်ပြုလုပ်ရန် တိုင်ပင်ညှိနှိုင်းပြင်ဆင်သည်။

အားလုံး အလုပ်ရှုပ်နေစဉ်မှာ နေဝင်းအောင် ကျားချောင်းချောင်းနေသည်။ ဒီဒီး၏ဖိုင်ကို မွှေသည်။ မကြိုက်၍ မသုံးတော့ဟုဆို



www.burmeseclassic.com

www.burmeseclassic.com



သည့် ရည်းစားစာနှစ်စောင်ကို ဖြောင်သည်။ စာအိတ်လှလှလေးတွေထဲ တစ်စောင်စီ ထည့်သည်။

ပြီးတော့ အမှတ်ွဝင် ကြံရာပါ ငြိမ်းချမ်းဝေလက်ထဲ တစ်စောင် အပ်လိုက်သည်။ နေ့ကောင်းရက်သာ မင်္ဂလာအချိန် ရွေးစရာမလို၊ ပစ်မှတ် မိန်းကလေးကိုတွေ့လျှင် ချက်ချင်းပေးလိုက်ရန် ညွှန်ကြားသည်။ သူကိုယ်တိုင်လည်း စာတစ်စောင်ကို အသင့်ဆောင်ထားသည်။ အခြေအနေကိုကြည့်ပြီး သူသူ့နားသို့ နေဝင်းအောင် ကပ်လာသည်။

"မနေ့က နင် မပြောမဆိုနဲ့ ပြန်သွားလို့ ဟိုကောင်ကြီး မျက်နှာမကောင်း ဖြစ်နေတယ် သိလား"

"ဘယ်အကောင်ကြီးလဲဟဲ့"

"ဟာ နင်ကလည်း သိပ်ပိန်းတာပဲ၊ ဘယ်သူရှိရမလဲ ဒီဒီးပေါ့ သူလေ အောင့်မထားနိုင်တော့ဘူး ထင်တယ်ဟ"

"ဘာဖြစ်လို့လဲ ဝမ်းနုတ်ဆေး စားထားလို့လား"

"မနောက်ပါနဲ့ဟာ၊ ဒီကောင်ကြီး တကယ်ဟုတ်ထိသွားတာ နေမှာ. . မနက်ကပဲ ငါ့ကို အကူအညီတောင်းတယ်၊ နင့်ကို ဒီစာလေး ပေး,ပေးပါတဲ့"

နေဝင်းအောင်က စာအုပ်ကြားထဲ ညှပ်ထားသည့် စာအိတ်လှလေးနှင့်စာကို မသိမသာ လှန်ပြလိုက်သည်။ သူသူ့မျက်ဝန်းရော အရောင်လက်သွား၏။ ရေလာအောင် မြောင်းတူးအပြီးမှာပင် မိုးရွာလိုက်သလို အားလုံးကွက်တိ ဖြစ်သွားသည်။ စာကို လက်လွှဲရယူလိုက်ပြီး သူသူ ရင်တုန်ပန်းတုန် ဖြစ်နေလေတော့သည်။ တစ်ယောက်ဆော ဖြင့် ပြစ်မှုကြီးတစ်ခု အောင်မြင်စွာ ကျူးလွန်လိုက်ပြီ ဖြစ်သည်။

ထို့အတူ ငြိမ်းချမ်းဝေလည်း နူးညံ့နားမှာ ယောင်လည်ယ လုပ်နေလေသည်။ ထိုစဉ်မှာ နူးညံ့တစ်ယောက်တည်း အပြင်ထွက်သွားသည်။ အခြေအနေပေးပြီဟု တွက်ဆရင်း ငြိမ်းချမ်းဝေက တကော





ကောက်လိုက်သည်။ အတော်လေး လျှောက်လာပြီးမှ နူးညံ့ရေအိမ်သို့ သွားတာဖြစ်ကြောင်း သဘောပေါက်သွားသည်။

သို့သော် အခွင့်အရေးဆိုတာ မကြာခဏ မရတတ်၊ ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ဆိုသည့် ဆိုရိုးများအတိုင်း ငြိမ်းချမ်းဝေ လုံ့လစိုက်သည်။ နူးညံ့ ရေအိမ်ခန်းအတွင်း ဝင်လုလုမှာပင်. . .

"နူးညံ့. . နူးညံ့. . ပလိစ်"

ခေါ်သံကြောင့် နူးညံ့လှည့်ကြည့်သည်။ ငြိမ်းချမ်းကိုမြင်တော့ မျက်ခုံးပင့်ပြီး ဘာလဲဟုမေးကာ ရပ်စောင့်သည်။

"နင်. . ညက ခေါင်းကို ဆင်နင်းတယ်လို့ အိပ်မက်မမက်ဘူးလား"

"ရန်ကုန်မှာ အရပ်ထဲလျှောက်သွားနေတဲ့ဆင်မှ မရှိတာ၊ အိပ်မက်ထဲလည်း ဘယ်လိုလုပ် လာမှာလဲဟ"

"မထွေးနဲ့၊ မပွေးနဲ့၊ မပိန်းနဲ့၊ ရော့. . . ဒီမှာ နင့်ခေါင်းကို နင်းမယ့်ဆင်၊ ငါပေးတာမဟုတ်ဘူးနော်၊ ဒီဒီး ပေးခိုင်းတာ၊ သူကိုယ်တိုင် မပေးရဲလို့တဲ့"

"ဟင်. . ဒီဒီးက စာပေးတယ်ဟုတ်လား၊ ဘာစာလဲ"

"ဟာ နင်ကလည်းဟာ ဆယ်ပြားလိုနေတာလား၊ ကျပ်မပြည့်ဘူးလား၊ ယောကျ်ားလေးက မိန်းကလေးကို ပေးတာလေ၊ ဘာစာဖြစ်ဦးမှာလဲ၊ ထောက်ခံစာတို့ တိုင်စာတို့ နေမှာပေါ့၊ တကတည်းမှပဲ"

"ဟဲ. . ဟဲ. . သိသိနဲ့ ကလိရတာ အရသာ ရှိတယ်ဟ၊ ဒီဒီး ပေးတဲ့စာဆိုလည်း ပြီးတာပဲ၊ ကဲ. . လိုက်ဦးမလား"

"ဟမ်. ."

"ငါ တွိုင်းလက်ဝင်မလို့ လိုက်ဦးမလားလို့ မေးတာ"

"ထွီ. . ဒါ နင်ပေးတဲ့ အကျိုးဆောင်ခပေါ့. . ဟုတ်လား၊ အေး မှတ်ထားလိုက်၊ နင်တို့ မင်္ဂလာဆောင် ဖိတ်လို့ကတော့ ဆောရီး



www.burmeseclassic.com

www.burmeseclassic.com



ပဲ"

နူးညံ့ တဟားဟား အော်ရယ်ရင်း ရေအိမ်ထဲ ဝင်သွားတော့မှ ငြိမ်းချမ်းဝေ လှည့်ပြန်လာခဲ့သည်။ ဟိုကောင် နေဝင်းအောင် လုပ်ကြံတာရော အောင်မြင်ရဲ့လား မသိ၊ ကိုယ့်ဘက်ကတော့ဖြင့် အောင်မြင်ခဲ့ပြီ။ ဒီလောက် အခွင့်အရေး ပေးနေတာတောင် ပဲများနေသည့် ဒီဒီးကို နှစ်ယောက်စလုံးက ပြိုင်တူအဖြေပေးလိုက်လျှင် ဘယ်လောက်များ ကြည့်ကောင်းလိုက်မလဲ တွေးကာ ငြိမ်းချမ်း ပျော်နေမိ၏။

ထိုအချိန်တွင် နူးညံ့ ရေအိမ်ကမှတ်ပေါ် ထိုင်ရင်း ဒီဒီးပေးသည့် ရည်းစားစာကို ရင်ခုန်ခြင်း များစွာနှင့် ဖတ်ရှုနေသည်။ အိမ်သာနှင့် ရည်းစားစာ ဘယ်လိုမှ ဟာမိုနီ မဖြစ်သော်လည်း အိမ်သာဝင်ခါနီးမှာ လာပေးသွားတာဆိုတော့ သိချင်စိတ်ကို ထိန်းမရနိုင်သည့်အတွက် ခုလို ဖတ်ကြည့်မိခြင်း ဖြစ်သည်။

သခင်...

နေ့နေ့ညည မေ့မရဘူး

တစ်ရက်လွန် တစ်နေ့ကူးမှာ

ဆတစ်လူးခုန်နေတဲ့ အသည်း...ရင်ထဲကလှုပ်ရှားပြက်

အဲဒီ သခင့်အတွက်ပါ...ဓိတ္တိုလည်းမဆွဲ ဂေါ်ဝီလည်းမသွား

ဒီအတိုင်း ထားလို့လည်း မရတော့...ပါဆယ်နဲ့ပို့လိုက်မယ်

အိပ်ချစ်တယ်...လွယ်။

D.D

ဒီဒီး၏ လက်ရေးအစစ်နှင့် မော်ဒန်ကဗျာလိုလို ရည်းစားစာကို ဖတ်ရင်း တဒိတ်ဒိတ်ခုန်နေသည့် နှလုံးသား. . ကမှတ်ထဲ ပြုတ်ကျမသွားအောင် နူးညံ့ ထိန်းနေရသည်။ ကြည်နူးမှုအစုံနှင့် တုန်ရင်လှိုက်





မောရသည့် ရသကို ခံ့ခံ့မင်မင် ခံစားမိသည်။

နောက်ဆုံးတော့ ဒီဒီးသူ့ကို ချစ်ရေးဆိုလာခဲ့ပြီပေါ့။ မျှော်လင့်စောင့်စားနေသူအတွက် အားဆေးတစ်ခွက်လို စာကို ရင်ဘတ်ကြားသို့ သွင်းကာ အမြတ်တနိုး သိမ်းထားလိုက်သည်။ ဒီအခန်းကျဉ်းလေးထဲမှာ တစ်ချိန်တည်း တစ်ပြိုင်တည်းနှင့် အလုပ်သုံးမျိုးလောက် ပြီးသွားပြီမို့ ရေဆွဲသည့်ခလုတ်ကို နှိပ်လိုက်တော့၏။

"ဝေါ. . ."






www.burmeseclassic.com

www.burmeseclassic.com



နှင်းညှို့ရင်ခုန်နေချိန်မှာ သူသူလည်း စာအုပ်ကြားထဲ စာကိုထည့်ကာ ခိုး၍ ဖတ်နေရှာသည်။ မြင်းကမလှုပ်လျှင် ခုံလှုပ်တော့မည်၊ ယုန်ကမတိုးလျှင် ပိုက်ကတိုးတော့မည်ဟု ဆုံးဖြတ်မိတော့မည့် ဆဲဆဲမှာ ဒီဒီးက စာပေးလိုက်၍ သူသူ ထခုန်မိမတတ် ဝမ်းသာအားရ ဖြစ်နေသည်။ မိန်းမဈေးမပျက်ခင် ခုလိုဖွင့်ဟလာတော့ သိက္ခာတရားလည်း မပွန်းတော့ဘူး မဟုတ်လား။

ချစ်သူ
ကိုယ့်...ဘဝလက်တွဲဖော်အဖြစ် နေပေးနိုင်မလား...ဟင်
တစ်ခုတော့ရှိတယ်...ကိုယ့်မေးခွန်းကို ခေါင်းညိတ်အဖြေပေး
မယ်ဆိုရင်...စလိုးမိုးရှင်းလေးနဲ့ပဲ ညိတ်ပြပါနော်..
ကိုယ် ဝမ်းသာလုံးစို့ပြီး...သေသွားမှာ စိုးလို့ပါ...

D.D

"ကြည့်စမ်း. . ကြည့်စမ်း. . ဘာဖြစ်လို့ ခေါင်းညိတ်ပြရမှာလဲ၊ နား,နားကပ်ပြီး ချစ်တယ်လို့ တိုးတိုးလေး အဖြေပေးမှာ. . အဟိ"

သူသူလည်း စာဖတ်ပြီး ကြည်ကြည်နူးနူးနှင့် အရှူးထနေ၏။ တစ်ဆင့်ခံမဟုတ်ပဲ သူကိုယ်တိုင်သာ လာပေးပါက ချက်ချင်းပင် အဖြေပေးမိလေမည်လားမသိ။

နှင်းညှို့နှင့် သူသူတို့ ကိုယ်စီကြည်နူး ရွှင်မြူးနေချိန်မှာ ဒီဒီးကတော့ ဘာမှမသိဘဲ မနက်ဖြန်ရိုက်ကွင်းအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေသည်။ တကယ်ကို နေ့မအားညမနား ဆိုသည့်အတိုင်းပင်ဖြစ်၏။

သင်တန်းချိန် ကုန်ဆုံးသွားတာတောင်. . သူ့အလုပ်တွေက မပြတ်သေး။ စာပေးခံထားရသည့် နှင်းညှို့နှင့် သူသူတို့လည်း ဒီဒီးနားမှာ





ရစ်သီ. . ရစ်သီ။ ဘာမှ မသိရှာသည့် ဒီဒီးကတော့ ပုံမှန်အတိုင်းသာ ဆက်ဆံသည်။

"နှင်းညှို့ အိပ်ရေးမပျက်စေနဲ့နော်၊ မျက်နှာချောင်ကျနေဦးမယ်၊ မျက်နှာကိုလည်း ဘာမှလိမ်းမလာနဲ့၊ ဒီမှာ အဝတ်အစားရော မိတ်ကပ်ပါ ရှိပြီးသား"

"အင်းပါ ဒီဒီးရဲ့"

ချစ်စကား ဖွင့်ဟထားပြီမို့ သူ့ကို ဂရုစိုက်ရှာသည်ဟု နှင်းညှို့က ယူဆသည်။ ဒါကို သူသူတွေ့တော့ မနာလိုတိုရှည်ဖြစ်ပြီး အနားကပ်လာသည်။

"ဒီဒီး. . မပြန်သေးဘူးလား၊ လေးနာရီကျော်ပြီ"

"ဩော်. . သူသူ ကိုယ်မပြန်သေးဘူးကွာ၊ ကိုယ့်ဇာတ်ညွှန်းကို အစ်ကိုက Edit လုပ်ပေးမယ်လို့ ပြောတယ်၊ နည်းနည်း ညဦးနက်မှာ ဒီနေ့တော့ ပြန်နှင့်တော့နော်"

မကြုံစဖူး ချိုချိုသာသာ ပြောဆိုနေသည့် ဒီဒီးစကားကြောင့် သူသူ အတိုင်းမသိ ဝမ်းသာသွားသည်။

"မနက်ဖြန် သူသူက ဘယ်နေရာက ဝင်ပါရမှာလဲ"

"ဟင်းချက်ပြိုင်ပွဲဝင်အနေနဲ့ နောက်ဆုံးအဆင့်ထိရောက်လာတဲ့ သုံးယောက်ထဲက တစ်ယောက်ပေါ့"

"အိုကေ ဒါဆို သူသူ ပြန်ပြီနော်"

"အင်း. . အင်း"

ဟင်းချက်ဘုရင်မ ရိုက်ကွင်းအတွက် ဆက်တင်ကို ကိုယ်တိုင်ဝင်ဆောင်ရွက်ရင်း ပြီးပြီးရောသဘောနှင့် ပြောလိုက်သည့်. . ဒီဒီးစကားက သူသူ့အတွက် နှစ်တစ်ထောင်သက်တမ်းရှိ ဂျင်ဆင်းစိမ်. . ဆိုဂျူးသောက်လိုက်ရသလို လန်းဆန်းတက်ကြွသွားစေ၏။

နှင်းညှို့နှင့်သူသူ ကိုယ့်စိတ်ကူးနှင့်ကိုယ် တိတ်တခိုးရင်ခုန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တိတ်တဆိတ် ပြန်သွားကြသည်။ ဒီဒီးမှာတော့ နောက်တစ်နေ့ ရိုက်ကွင်းအတွက် ပြင်ဆင်ရင်း ဇာတ်ညွှန်းအချောသတ်ရင်းနှင့်ပင် ညခုနစ်နာရီလောက်မှ အိမ်ပြန်ဖြစ်သည်။ ကားပေါ်မှဆင်းပြီး မှတ်တိုင်မှ အိမ်အပြန်လမ်းတွင် ဖုန်းလာသည်။ သူသူထံမှဖြစ်၏။

"ဟဲလို. . ပြော သူသူ"

"ဒီဒီး ဘယ်မှာလဲ အိမ်ပြန်ရောက်ပြီလား"

"အိမ်နားရောက်တော့မယ်"

"နောက်ကျလိုက်တာ ဒီဒီးရယ်၊ ကြိုးစားတာလည်း တော်ရုံပေါ့၊ တော်ကြာ ပန်းဖျားဖျားနေပါဦးမယ်"

"အင်းပါ. . . မနက်စောစောလာခဲ့နော်၊ အလုပ်တွေများမှာ"

"အင်း. . စိတ်ချ၊ စောစောအိပ်နော်. . အိမ်မှာ အလုပ်တွေ ဆက်လုပ်မနေနဲ့ဦး"

"အိုကေ ဘိုင့်ဘိုင်"

ဒီဒီး စကားစဖြတ် နှုတ်ဆက်ပြီး ဖုန်းချလိုက်သည်။ ဖုန်းမဆက်စဖူး ဆက်လာသည့် သူသူ့ကြောင့် ဒီဒီး အံ့သြသွားသည်။ ဖုန်းကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်စဉ် ဖုန်းခေါ်သံ မြည်လာပြန်သည်။ ဒီဒီး ထုတ်ယူကြည့်လိုက်တော့ နှုးညံ့ထံမှ ဖြစ်တာသိရသည်။ ဒီဒီး ပိုပြီး အံ့သြသွား၏။ ဘာတွေဖြစ်နေတာလဲ၊ ဘာကြောင့် ဖုန်းတွေဆက်နေကြတာလဲဆိုတာ စဉ်းစားမရအောင် ဖြစ်ခဲ့သည်။

"ဟဲလို နှုးညံ့"

"ဒီဒီး အလုပ်တွေပြီးပြီလား၊ အခု ဘယ်မှာလဲ"

ဟော. . သံတူကြောင်းကွဲ မေးခွန်းတွေပါပဲလား၊ ဒီကောင်မလေးတွေ. . ဘာဖြစ်နေကြပါလိမ့်ဟု တွေးမိသည်။

"အိမ်ရောက်တော့မယ် နှုးညံ့"

"ဟုတ်လား နောက်ကျလိုက်တာ၊ ဘာတွေလုပ်နေလို့လဲ"





"မနက်ဖြန် ရှုတင်အတွက် ပြင်ဆင်နေတာပါ နှုးညံ့ရဲ့"

"ဟုတ်လား. . အားလုံး အိုကေပြီလား"

"အင်း. . အိုကေသလောက်ပါပဲ၊ ဒါနဲ့ နှုးညံ့အိပ်ရင် မှောက်ပြီး အိပ်နော်. . ဒါမှ မျက်နှာက ဖောင်းဖောင်းလေးဖြစ်နေမှာ"

ဒီဒီး၏ သတိပေးစကားကြောင့် နှုးညံ့အဆုံးစွန်အထိ ကျေနပ်ပီတိဖြစ်သွား၏။ ကြည်နူးခြင်းနှင့်အတူ ရှက်စိတ်လည်း ဝင်လာသည်။ ရည်းစားစာ ပေးထားသူထံ မဆင်မခြင် ဖုန်းဆက်မိ၍ ဖြစ်သည်။

ဒီတော့ စကားဖြတ်ဖို့ ကြိုးစားသည်။

"ဟုတ်ပြီလေ၊ ဒီဒီးလည်း ပင်ပန်းနေမှာ. . ခပ်မြန်မြန်ပြန်ပြီး နားလိုက်တော့နော်၊ စားပြီးတာနဲ့အိပ်. . အလုပ်လုပ်မနေနဲ့တော့"

"အင်းပါ ဒါပဲနော်"

"အင်း. . "

"ဟူး. . ဘယ်လိုတွေ ဖြစ်နေကြလဲ မသိဘူး၊ နှစ်ယောက်လုံး ဖုန်းလှမ်းဆက်တာ ထူးတော့ထူးတယ်. . ၊ ကြည့်ရတာ မနက်ဖြန်ရိုက်ကွင်းမှာ သူတို့အခန်းတွေ ပိုပိုသာသာလေး ထည့်ပေးအောင် ဖားကြတာပဲဖြစ်မယ်"

ဖြစ်နိုင်ခြေရှိတာကို မှန်းဆနိုင်လိုက်မှ ဒီဒီး ဘဝင်ကျသွားသည်။ သို့သော် ဘယ်သူ့ကိုမှ အခွင့်အရေး ပိုမပေးနိုင်ဟု ဒီဒီးဆုံးဖြတ်ထားတာကို သူတို့တွေသိလျှင်တော့ဟု တွေးမိသောအခါ. . . တစ်ယောက်တည်း ပြုံးစိစိ ဖြစ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဝန်မင်းအဖြစ် သရုပ်ဆောင်သော ငြိမ်းချမ်းဝေက အမိန့်စာကို ဟန်ပါပါနှင့် ဖတ်ပြသည်။ နောက်တော်ပါး မောင်းထမ်းသူတို့က မောင်းကို တဒူဒူထု၏။ ဟင်းချက်ပြိုင်ပွဲ ဝင်ကြရန်နှင့် အနိုင်ရသူ အမျိုးသမီးဖြစ်ပါက မိဖုရားမြှောက်၍၊ အမျိုးသားဖြစ်ခဲ့လျှင် တိုင်းပြည်တစ်ဝက် အပ်နှင်းမည်ဖြစ်ကြောင်း ကြေညာမောင်းခတ်မှုရိုက်ချက် ပြီးဆုံးသွားသည်။

ကြော်ငြာက အားလုံး နှစ်မိနစ်စာသာ ရှိမည်မို့ ရိုက်ချက်တွေ မအီအောင် မထပ်အောင် စကားပြောတာ ခပ်သွက်သွက်ဖြစ်အောင် အဓိကထား ရိုက်ကူးရသည်။ ထိုရှုတင်ကို IN DOOR မှာပဲ ရိုက်သည်။ နောက်ခံပိတ်ကားကြီးတွင် ပရိုဂျက်တာနှင့် နန်းမြို့ရိုးပုံ ကျေးတောရွာများပုံကို ထိုးပေးထားသည်။

မောင်းကြေးနင်းခတ် လှည့်လည်ကြေညာတာ ရိုက်ပြီးတော့ ကျေးတောသူ ပြိုင်ပွဲဝင်တွေ ဟင်းအချက်ပြိုင်သည့်အခန်းကို ရိုက်ကူးမည်ဖြစ်သည်။ ဟာသလည်းဖြစ်အောင် ရာဇဝင်လူသားများကို ဂက်(စ်)မီးဖိုတွေ၊ လက်ကိုင်ဒယ်အိုးအမည်းတွေ၊ ပေါင်းအိုးတွေ၊ ဘရင်ဒါ (ဖျော်





စက်၊ ကြိတ်စက်)တွေပါ အသုံးပြုထားသလို ဟာသသရုပ်ဆောင် ပွင့်ကိုလည်း သရုပ်ဆောင်စေသည်။

နောက်ဆုံးအဆင့် ချက်ပြုတ်သူများအဖြစ် ပွင့်၊ သူသူနှင့် နူးညံ့တို့ပါဝင်သည်။ ချွေးတစ်လုံးလုံးနှင့် ချက်ပြုတ်ပုံများကို long shot ရော close up များပါ စိတ်ကြိုက်ရိုက်ယူသည်။ ဆူပွက်နေသည့် ဟင်းအိုးများတိုလည်း Inter အနေနှင့် သီးသန့်ရိုက်ယူသည်။ ပြီးမှ Edit အခန်းတွင် ပေါင်းစပ်တည်းဖြတ်မည် ဖြစ်သည်။

ခဏတဖြုတ်နားကာ နောက်တစ်ကဒ်အတွက် ပြင်ဆင်ချိန်လေးမှာ ငပွေးဖြစ်သည့် နေဝင်းအောင် မှုပြန်သည်။ ဝန်မင်းအဝတ်အစားနှင့် ဝေတိက ကျေးတောသူ နူးညံ့နားသို့ကပ်၍. . .

"ဘယ်လိုလဲ မယ်မင်း၊ မယ်မင်းရဲ့ ဟင်းချက်လက်ရာကောင်းရင် ဘုရင်က ဆွဲစိမှာနော်၊ အဲလေ. . တော်ကောက်ပြီး မိဖုရားမြှောက်မှာနော် အဖြေရော ပေးပြီးပြီလား"

"ဟဲ့. . ဝန်ကြီး အစုတ်ပလုတ်၊ ဘာတွေ လာပြောနေတာလဲ"

"ဟဲ. . ဟဲ. . ဟဲ. . ရှက်ရွံ့မနေပါနဲ့ မယ်မင်းရယ်၊ ငယ်ကျွန်ကြီး ငြိမ်းချမ်းဝေပြောလို့ မယ်မင်းကို ဘုရင်ကောင်က စာချွန်တော်ဆက်သ. . အဲလေ. . ရည်းစားစာ ပေးထားတယ်ဆိုတာ သိပြီးသားပါ ဟဲ. . ဟဲ. . ဟဲ"

"အေး. . ငါတော့ အဖြေမပေးဘူး၊ နင့်နှမနဲ့သာ ပေးစားလိုက်"

နူးညံ့ ရှက်ရမ်းရမ်းပြီး ဘုတောသည်။

"အောင်မာ. . . ရာရာစစ အပါးဝလို့ နင်လိုကျေးတောသူမသူဆင်းရဲမကများ ထောင်သွင်း အကျဉ်းချလိုက်ရမလား"

ဝန်ကြီးက ကျေးတောသူမကို ပိတ်ဟောက်သည်။ မခံနိုင်တော့သော ကျေးတောသူမက ဝန်ကြီးကို ယောင်းမနှင့်ဆော်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖျောင်း. ."

"အား. . ."

ဝန်ကြီး တအားအားအော်ရင်း ဖိုးရိုးဖားရားအကျီကြီးနှင့် ထွက်သွားတော့ သူသူ့နား ရောက်သွားပြန်သည်။

"မိသူ နင်. . သိပ်ပဲများမနေနဲ့နော်၊ အဖြေပေးစရာရှိ မြန်မြန် ပေးလိုက်၊ ဟိုကောင် ဘုရင်ဖြစ်နေတဲ့အချိန် မိဖုရားတွေ အများကြီး မြှောက်လိုက်ရင် နင် ကျွန်ရစ်ဖြစ်သွားမယ်နော်"

"နေဝင်းအောင် နင် ဘာတွေလာပြောနေတာလဲ"

"ဘာပြောရမှာလဲ၊ ယောကျ်ားလေးက သူ့တာဝန်အတိုင်း ဖွင့် ဟာပြီးပြီ၊ မိန်းကလေးဘက်က အဖြေပေးရမယ့်တာဝန် ရှိတယ်လေ. . အဲဒါ. . လာသတိပေးတာ"

"ဟဲ့. . မနေ့က စာပေးတာကို ဒီနေ့အဖြေပေးရမယ် ဟုတ် လား၊ ဒါမျိုး နင့်ညီမကိုပဲ လုပ်ခိုင်း. . သိလား"

ဝမ္မြေထိုး၏ အမွေဇယား အနေအထား မိုက်နေစဉ်မှာပင် ဘုရင်မင်းမြတ် ကြွချီလာသည်။ ဘုရင်ကောင် ဒီဒီးပြင်ဆင်လာတာ အရမ်းကို သားနားနေသည်။

"ဟေ့ကောင် ဘုရင် ငါ့ကိုလည်း ဝန်ကြီးတစ်နေရာစာလောက် ပေးစမ်းပါ"

"နောက်မနေနဲ့ ငြိမ်းချမ်း၊ ရိုက်စရာတွေက အများကြီး. . လုပ် လုပ်. . ကင်မရာတွေ ဖရိန်ချတော့၊ ငါ ဟင်းတွေမြည်းတဲ့အခန်း ရိုက် မှာ"

"အိုကေပါ ဘုရင်ကောင်ရာ ဘာမှပူမနေနဲ့၊ ငါ အကုန်လုပ်ပြီး သား"

စားဖိုဆောင် ဆက်တင်ခန်းထဲတွင် ကင်မရာတွေ မီးတွေနှင့် ရှုပ်ယှက်ခတ်နေ၏။ Circle trolley ကိုလည်း အဆင်သင့်ပြင်ထား





သည်။ ရီဟာဇယ် တစ်ကြိမ်လုပ်ကြည့်ကြ၏။ သဘာကြီးဖြစ်သည့် ပွင့်အိုက်တင်က အကောင်းဆုံး၊ ပွင့်ကိုမီအောင် သူတို့ မနည်းလိုက် လုပ်ရသည်။

ရီဟာဇယ်ပိုင်နိုင်မှ စတင်ရိုက်ကူးကြသည်။ ဘုရင်ကြီး ဒီဒီး ကြွချီလာကာ ဟင်းပွဲတွေ တစ်ပွဲပြီးတစ်ပွဲ မြည်းသည်။ အရသာခံသည့် မျက်နှာအမူအရာကိုတော့ close up ဖောက်ယူသည်။

ကျေးတော်သူ နူးညံ့ချက်ထားသောဟင်းကို မြည်းပြီးနောက် ဘုရင်ကြီး မနေ့ခွေ့ကာ သဘောတွေ့သွား၏။ ဘုရင်ကြီးက နူးညံ့အား အနိုင်ပေးလိုက်တော့ ပွင့်နှင့်သူသူတို့ ငိုသွားကြသည်။ ပွင့်က အိုဟ အက်ရှင်နှင့် မျက်ရည်တောက်တောက်ကျအောင် ငိုသည်။ ပွင့်ငိုတာကို ကြည့်ပြီး ဘုရင်ကြီး ဒီဒီး အကြဲရသွားသည်။

Edit ခန်းရောက်မှ ကွန်ပျူတာနှင့် ပွင့်၏မျက်ရည်များကို. . ဘူးသီးလုံးလောက် လုပ်ပစ်လိုက်ဖို့ ဖြစ်သည်။ ဘုရင်က ကျေးတော်သူမ ကို လက်ဆွဲခေါ်သွားသည့် cut အား fade in, fade out နှင့် Change ပြီး မိဖုရားဖြစ်သွားပုံကို ပြသမည်ဖြစ်၍ အားလုံး ခဏနားပြီး နူးညံ့အား မိဖုရားအဖြစ် ဝတ်စားပြင်ဆင်ကာ မိတ်ကပ်လုပ်ရသေးသည်။ ထိုသို့ ခဏနားစဉ် ဘုရင်ကြီး Coke တစ်ဘူးသောက်သည်။

"ဟား. . မိုက်တယ်ကွာ၊ ငါသာ ဒါရိုက်တာဖြစ်ရင်. . Coke ကြော်ငြာကို ခုလိုပဲ ရာဇဝင်လူသားတွေနဲ့ ရိုက်မယ်၊ ငါ အိုင်ဒီယာရ သွားပြီ"

"နားစမ်းပါ ငြိမ်းချမ်းရာ၊ အားလုံး အဆင်သင့်လုပ်ထား၊ နူးညံ့ ပြင်ပြီးတာနဲ့ ဆက်ရိုက်မယ်၊ Last cut ပဲ"

"အေးပါကွာ၊ အင်း. . ကြော်ငြာနှစ်မိနစ်စာလေးရိုက်တာ တစ် နေကုန်တော့မယ်နော်"

"တို့က အနုပညာ ဖန်တီးနေတာလေ၊ ခုံဖိနပ် ခုတ်နေတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ၊ ဒီလောက်တော့ ကြာမှာပေါ့"

"အောင်မာ. . ထွားလိုက်တဲ့ လေလုံး၊ ပါးစပ်နဲ့ မဆန့်ဘဲ နေဦးမယ်"

ဒီဒီးတို့ ပေါက်ပေါက်ဖောက်နေစဉ် ကျေးတောသူတဖြစ်လဲ မိဖုရားနှုးညံ့ ကြွချီတော်မူ. . အဲ. . ရောက်လာသည်။ ရှုတင်မှာ ရှိသမျှ လူအားလုံး၏ အကြည့်က နှုးညံ့ထံသို့ ရောက်သွားသည်။ သူ့အလှမှာ တဒင်္ဂနစ်မျောကာ ငုတ်တုတ်မေ့နေကြ၏။

"ဟား. . လှလိုက်တာကွာ၊ အဲဒါ တို့ရဲ့နှုးညံ့ရော ဟုတ်ရဲ့လား"

"အေးနော် လှလိုက်တာ"

"ဒီလောက်ထိ ရုပ်ထွက်လာမယ်လို့ မထင်ဘူး"

ချီးကျူးသံတွေကြားမှာ နှုးညံ့ မနေတတ်မထိုင်တတ် ဖြစ်သွား၏။ ဒီဒီးလည်း နှုးညံ့ကိုကြည့်ပြီး မှင်တက်မိနေသဖြင့် ဘာမှ မညွှန်ကြားနိုင်အောင် ဖြစ်နေသည်။ ဒါကို သူသူ သတိပြုမိပြီး နှုတ်ခမ်းဆူသွားသည်။

"ဟိတ်. . ဒါရိုက်တာကြီး ဘာလုပ်မှာလဲ၊ ဆရာဝန်ကြီးလား၊ စစ်ဗိုလ်ကြီးလား၊ မင်းသမီး လင်လား"

ခပ်နောက်နောက် သင်တန်းသားတစ်ယောက်က လှမ်းအော်တော့မှ ဒီဒီး သတိဝင်လာကာ ခပ်ရှက်ရှက်နှင့်ပင် Camera angle ပြောင်းရန် အော်ပြောလိုက်ရသည်။

Camera အနေအထားကို စိတ်တိုင်းကျသွားတော့မှ စောစောက continuity အတိုင်း ဆက်လက်သရုပ်ဆောင်ကြသည်။ ဟင်းချက်တော်သူ ကျေးတောသူလေးက ဘုရင်ဆွဲခေါ်အပြီးတွင် မိဖုရားဖြစ်သွားသည့် cut ကို ရိုက်ကြသည်။

အားလုံးအပြီးတွင် ကြီးကြပ်သူ ကိုထွန်းနေစိုးက လှမ်းအော်ပြောသည်။





"ဒီဒီး နှုးညံ့ကို ဖက်လိုက်၊ ပြီးရင် နှစ်ယောက်လုံး လက်သီးဆုပ်ပြီး လက်တွေ ဆန့်တန်းလိုက်၊ အောင်ပွဲခံတဲ့ သဘောမျိုး"

ဆရာက ညွှန်ကြားတာ ဆိုတော့လည်း ဒီဒီးလိုက်နာပြီး နှုးညံ့ခါးကို သိုင်းဖက်လိုက်သည်။ တစ်ဆက်တည်းမှာပင် အားနေသော လက်များကို လက်သီးဆုပ်၍ ဆန့်တန်းလိုက်ကြသည်။ ဖက်ထားသည့် လက်များမှ အထိအတွေ့က ကျဉ်စက်နှင့် တို့သကဲ့သို့ ခံစားလိုက်ရသည်။ အထိအတွေ့၏ ဖမ်းစားမှုကြောင့်. . ဒီဒီး မိန်းမိန်းမူးမူး မေ့မေ့မောမော ဖြစ်သွားတော့၏။

"Okay...Cut"

ကိုထွန်းနေစိုး၏ Cut အသံကို ကြားမိသော်လည်း ဒီဒီး သတိလက်လွတ်ဖြစ်ပြီး ဖက်ထားသည့် လက်ကို မလွှတ်မိ၊ စက္ကန့်နှစ်ဆယ်လောက် အပိုဖက်ထားမိသည့် အခါမှာတော့ နှုးညံ့က လှုပ်ရှားရုန်းကန်ကာ ရှောင်ထွက်သွားသည်။ ထိုအခါမှ ဒီဒီးသတိဝင်ပြီး ရှက်သွား၏။ သို့နှင့် လူမကြားအောင် တီးတိုးတောင်းပန်ရသည်။

"ဆော. . ဆောရီးနော် နှုးညံ့ ကိုယ်ကြောင်သွားလို့ပါ"

"ဩော်. . အင်း. . ရ. . ရပါတယ်"

စာပေးပြီး ချစ်တယ်လို့ ဖွင့်ဟထားသူက စိတ်မထိန်းနိုင်ဟန်နှင့် ဖက်ထားခြင်းအပေါ် ရှက်မိသော်လည်း နားလည်စာနာစွာနှင့် ချက်ချင်းပင် ခွင့်လွှတ်မိသည်။

ထိုစဉ် အမှတ်တရ ဓါတ်ပုံရိုက်ကြရအောင်ဟု ဆော်ဩလာကြသဖြင့် ပါဝင်သူ သရုပ်ဆောင်အားလုံး အဝတ်အစားမလဲသေးဘဲ စုစည်းကာ ဓါတ်ပုံရိုက်ကြသည်။ ဓါတ်ပုံအရိုက်ခံဖို့ တန်းစီရာမှာ ဒီဒီး အားသို့ သူသူ အတင်းဝင်ကပ်သည်။ မိဖုရားအဝတ်အစားနှင့် နှုးညံ့ကလည်း လိုင်စင်ရထားသူ ပီသစွာ ဘုရင့်အနားမှ တစ်ဖဝါးမှမခွာ. . .

ဘုရင်ကြီး ဒီဒီး ထိုနှစ်ယောက်ကြားမှာ အနေခက်နေရှာသည်။

www.burmeseclassic.com



အခွက်ပြောင်သည့် နေဝင်းအောင် ပါးစပ်ကလည်း အငြိမ်နေသည် မဟုတ်၊ အမြီးမမြှောက်ဘဲ အီးပေါက်မြဲပေါက်လျက်. . .

"ဟွဲ့. . ငါလို ဝန်ကြီးနားကပ်ရင် စပွန်ဆာ မရဘူးလို့များ ထင်နေကြလား၊ အားအားရှိ ဘုရင်နားမှာပဲ ဝိုင်းနေရသလား"

"နေဝင်းအောင်နော်၊ နင့်အပေါက် ပိတ်ထား"

သူတို့တွေ နောက်ပြောင်လို့ကောင်းနေစဉ်မှာပင် မစုမွန်ထွေးက ဘုရင်နှင့် မိဖုရားနှစ်ယောက်တွဲပုံ သီးသန့်လိုချင်သည်ဟုဆိုကာ ဆွဲခေါ်၍ နှစ်ယောက်တွဲပုံများ တဖြတ်ဖြတ် ရိုက်ယူသည်။ ဒါကိုမြင်ရသည့် သူ့သူ့မျက်နှာထားက စုန်းမကြီးလို ဖြစ်နေပြီ။

ဒီဒီး ရင်ထဲမှာလည်း ဘုရားပွဲလှည့်နေသလိုလို ဒိုးပတ်ဝိုင်းပဲဝင်နေသလိုလို ခံစားနေရ၏။ သူ နှုးညံ့ကို စိတ်ဝင်စားသွားပြီလားမသိ၊ ရိုက်ကူးရေး အစီအစဉ်များပြီးသည့်အခါ ညနေငါးနာရီ ခွဲနေပြီ။







# အခန်း(၆)

ဒီဒီး ရေမိုးချိုး ပြင်ဆင်ပြီး အောက်ထပ်ဆင်းလာချိန်တွင် ညီမလေးက ထမင်းချိုင့် ပြင်ဆင်နေပြီ ဖြစ်သည်။ မနက်စာစာအဖြစ် မုန့်ဟင်းခါးနှင့် ကော်ဖီက အဆင်သင့်၊ ဒီဒီး ဝင်ထိုင်ရင်း တက်သုတ်ရိုက်စားသောက်လိုက်သည်။ မေမေက သူ့အရိပ်အကဲကို ကြည့်ရင်း. . .

"ပြောဖို့ မေ့သွားတယ်၊ မနေ့က သားအပြင်ထွက်သွားတော့ ကောင်မလေးတစ်ယောက် ရောက်လာပြီး သားကိုမေးတယ်"

"ဗျာ ဘယ်သူများပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်လည်းချောတယ် ပြောပုံဆိုပုံကလည်း ရည်ရည်မွန်မွန်နဲ့"

"ဟုတ်ပါပြီ နာမည်ဘယ်သူတဲ့လဲ မေမေ"

"သူသူတဲ့"

"ဗျာ. . ."

သူသူဆို၍ ဒီဒီး အထိတ်တလန့်ဖြစ်သွားသည်။ အိမ်လာလည် လောက်စရာ ပတ်သက်မှုမျိုးလည်းမရှိ၊ အကြောင်းကိစ္စလည်း မရှိ သည့်အတွက် အံ့လည်းအံ့သြနေမိသည်၊

"အဲ. . သူသူ ဘာလာလုပ်တာလဲ"

"လမ်းကြုံလို့ ဝင်လာတာပါတဲ့၊ သားနဲ့အတူတူ သင်တန်းတက် နေတာဆို"

"ဟုတ်. ."

"သားမရှိပေမယ့် အမေနဲ့ စကားလက်ဆုံကျနေတာ တစ်နာရီ လောက် ကြာတယ်၊ အဲဒါ သားကောင်မလေးလား"

"ဗျာ. . ဟာ မဟုတ်တာ မေမေရာ၊ သားမှာ ဘာကောင်မလေး မှ မရှိဘူး၊ အဲဒါ သူငယ်ချင်း. . မေးထူးခေါ်ပြော အဆင့်ပဲ"

"အမလေး ရှက်မနေပါနဲ့ကွယ်၊ မပတ်သက်ပဲ အလကားနေ ရင်း လာလည်ပါ့မလား"

"ဟာ. . ဒုက္ခပါပဲ မေမေရာ၊ သားဘဝက ဘာမှ ရေရာသေး တာ မဟုတ်ဘူး၊ အဲဒီအတွက် ဘာအလုပ်ပိုမှ မလုပ်ဘူး၊ အဲဒါတော့ မေမေယုံ၊ သားမှာ အစီအစဉ် ရှိနေပြီဆိုရင် အဲဒီလက်တွဲဖော်ကို ကိုယ် တိုင်ခေါ်လာပြီး မိတ်ဆက်ပေးမှာ"

နည်းလမ်းကျကျ ပြောဆိုရှင်းပြလိုက်သဖြင့် ဒေါ်သဇင် ဘာမှ ဆက်မပြောနိုင်တော့ပဲ ခေါင်းတညိတ်ညိတ် လုပ်လိုက်ရသည်။

"အလုပ်အကိုင် အတည်တကျရှိပြီး ပုံမှန်ဝင်ငွေ သေချာမှ. . ရည်းစားထားဖို့ စဉ်းစားမှာ၊ ကဲ နောက်ကျနေပြီ သားသွားတော့မယ်"





မှန်းချက်နှင့် နှမ်းထွက်မကိုက်၍လားမသိ၊ ဒေါ်သဇင် မရွှင် မပျနှင့် ကျန်ခဲ့သည်။ ဒီဒီးလည်း မှတ်တိုင်သို့ လျှောက်လာရင်း ဟိုတွေး ဒီတွေးနှင့် စိတ်ရှုပ်ထွေးလျက်ရှိသည်။ လက်တွေ့သင်တန်း တစ်လတာ အချိန်တွေ ကုန်ဆုံးလာသလို လေ့လာသင်ယူမှတ်သားရတာတွေ စီစဉ် တင်ဆက်ရတာတွေ များလှသဖြင့် နူးညံ့တို့ သူသူတို့နှင့် အေးအေးဆေး ဆေး မဆုံဖြစ်တာတောင် ကြာပြီ။

ကျောင်းမှာတွေ့နေတုန်း ဘာမှမပြောဘဲ အိမ်အလည်လာ တာ ဘာကိစ္စများလဲဟု တွေးမရအောင် ဖြစ်နေ၏။ ဒီတော့လည်း. . လမ်းကြုံလို့ ဝင်လာတာပါဆိုသည့် အကြောင်းပြချက်ကိုသာ အမှန်ဟု ယူဆထားလိုက်တော့သည်။

တကယ်တမ်းမှာတော့ ငြိမ်းချမ်းနှင့် နေဝင်းက ကြုံတိုင်းလော့ တာ အားတိုင်းယားတိုင်း အဖြေမပေးသေးဘူးလား၊ ဒီဒီးက မေးလှပြီဟု ပြောနေကြ၍သာ သူသူတို့ လှုပ်ရှားလာကြခြင်း ဖြစ်သည်။ သူတို့ စာ ပေးခဲ့တာပဲ တစ်လရှိနေပြီ မဟုတ်လား၊ သင်တန်းရောက်လာတော့ ငြိမ်းချမ်းက သူသူမင်းကို ရှာနေတယ်၊ ပြောစရာရှိနေလို့တဲ့ဟု သတင်း ပေးကာ သူသူရှိနေမည့် ဆိုင်ကိုညွှန်သည်။

အိမ်အလည်လာသည့်ကိစ္စ၊ အကျိုးအကြောင်း မေးချင်နေ ခိုက်မို့ ဒီဒီး သူသူရှိရာသို့ လိုက်လာခဲ့သည်။ ထုံးစံအတိုင်း ရှမ်းခေါက် ဆွဲစားနေသော သူသူက မမွှေမလျှော့ပင် အုန်းနို့ခေါက်ဆွဲ မှာပေး သည်။

"သူသူ မနေ့က အိမ်ကိုလာသွားတယ်ဆို"

"အင်း ဟုတ်တယ်၊ နောက်လည်း ပတ်သက်ဆက်နွယ်ရမှာဆို တော့ ရင်းနှီးထားရင် ကောင်းမယ်လို့တွေးပြီး လာလည်တာ"

သူသူရှင်းပြမှ ပိုရှုပ်သွားသည်။ ဒီဒီး ဘာမှနားမလည်တော့၊ သို့သော် ထူးခြားဖြစ်စဉ်တစ်ခုတော့ ဖြစ်ပေါ်နေပြီဟု သူတွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ သူသူ ပြောစရာရှိနေလို့ဆို"

"ဟုတ်တယ် ဒီဒီး"

"ပြောလေ ကိုယ်နားထောင်ချင်လှပြီ"

ဒီဒီးက သူသူ အိမ်လာလည်သည့်ကိစ္စနှင့် ပတ်သက်ပြီး ပိုမို ခိုင်လုံသည့် အကြောင်းပြချက်ကို မျှော်လင့်ပြီး ပြောလိုက်တာ ဖြစ်သော်လည်း သူသူ့အဖို့တော့ အဖြေတောင်းသည့်စကားဟု မှတ်ယူကာ မိန်းမပီသစွာ ရှက်နေလေ၏။ ဒီဒီးအား တစ်ချက်ခိုးကြည့်ရင်း သူသူခေါင်းငုံ့ကာ မပွင့်တပွင့် ပြောတော့သည်။

"သူသူလေ ဒီဒီးကို အရမ်းခင်တယ် သိလား၊ ပြောရမယ်ဆိုရင် မိန်းကလေးက စရမှာခက်လို့ မျှော်တလင့်လင့်ဖြစ်နေတုန်း ခုလို ပရိုပို့စ် လုပ်လာတော့ သူသူ ငြင်းစရာအကြောင်း မရှိပါဘူး၊ သူသူလည်း ဒီဒီးကို ချစ်ပါတယ်"

"ဟင်. . "

သူသူက ချစ်တယ်လို့ အဖြေပေးလိုက်တော့ ဒီဒီး တအားအံ့သြတုန်လှုပ်သွားသည်။ ဘာတွေ ဘယ်လိုဖြစ်ကုန်သလဲဆိုတာ မစဉ်းစားတတ်တော့၊ သေချာတာက သူ ပရိုပို့စ်လုပ်၍ သူသူ အဖြေပေးခြင်း ဖြစ်သည်။ သို့သော် သူ ပရိုပို့စ် လုပ်မထားတာကိုလည်း သူကိုယ်တိုင် သေချာသိနေ၍ အခက်တွေ့နေခြင်း ဖြစ်သည်။

မိန်းကလေးက အဖြေပေးနေပြီဆိုတော့ ခုမှ ဒီဒီး ငြင်းလိုက်လျှင်လည်း တမင် အရှက်ခွဲသလို ဖြစ်နေမှာမို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေရှာသည်။ ထိုစဉ်မှာ ကယ်တင်ရှင် ဝင်လာသည်။ စပ်ကိုင်ဖ ဖြစ်၏။

"ဒီဒီး မင်းကို ကိုထွန်းနေစိုး ရှာနေတယ်၊ ဟိုကြော်ငြာတွေ Edit လုပ်ပြီးသွားပြီ၊ ကြည့်ရအောင်တဲ့"

"ဩော်. . အေး. . အဲဒါအရေးကြီးတယ်၊ ကဲ. . လာ. . သူသူ သွားကြည့်ကြရအောင်"





ပိုက်ဆံရှင်းပြီး သုံးယောက်အတူ ထွက်လာခဲ့သည်။ သိပ်မရှင်းနိုးသည့် စပ်ကိုင်ဖ ပါလာသဖြင့် သူသူအဖြေပေးသည့်ကိစ္စ ဆက်မပြောဖြစ်ကြတော့။ သူသူက ဒီဒီးလက်မောင်းကို အတင်းတွဲကာ လိုက်လာသည်။ ထိုလက်ကို ဖြုတ်ပစ်လိုက်ဖို့အထိတော့ ဒီဒီး မလုပ်ရက်၊ မိန်းကလေး၏ အရှက်နှင့် သိက္ခာကို ထောက်ထားရမည်ဖြစ်သည်။ သို့သော် အခြေအနေ ကောင်းသွားသည်။ Junction အဆောက်အဦးဆီသို့ ဝင်လာသည့်အခါ သူသူ သူ့လက်ကို သူ့ဘာသာ ဖြုတ်သွားသည်။

ဒီဒီး သက်ပြင်းချမိ၏။ သူသူက သင်တန်းခန်းမကဖဲဝဲစောင့်မည် ပြောကာ ထွက်သွားသည်။ ဒီဒီးနှင့် စပ်ကိုင်ဖ Edit ခန်းမသို့ ရောက်လာကြသည်။ Myanmar Cooking Master ကြော်ငြာ အချောသတ်ထားတာကို ကြည့်ကြသည်။ အတော်နှစ်သက်ဖွယ်ကောင်းသော ကြော်ငြာလေးဖြစ်သည်။

ဝိုင်းအုံကြည့်နေသည့် လူအုပ်ထဲတွင် နှုးညှံ့ကိုလည်း တွေ့သည်။ ထိုကြော်ငြာကို မကြာခင် စတင်လွှင့်မည်ဟု တာဝန်ရှိသူများက ပြော၏။ အားလုံးက ဒီဒီးနှင့်နှုးညှံ့ နာမည်ကြီးတော့မည်ဟု ဝိုင်းပြောကြသည်။ သင်တန်းခန်းမသို့ အပြန်တွင် ဒီဒီး နှုးညှံ့အား ခဏရပ်စောင့်နေလိုက်သည်။

ဒီဒီး စောင့်နေတာမြင်တော့ နှုးညှံ့ ရင်ဖိုသွား၏။ စောစောကပဲ နေဝင်းအောင် ရောက်လာကာ အဖြေမပေးလျှင် အိမ်ကိုလိုက်၍ မိဘများထံမှာ တောင်းရမ်းမည်ဟု ဒီဒီးပြောနေကြောင်း သတင်းလာပေးသွားသေးသည်။ အခု ရပ်စောင့်နေသည်ဆိုတော့ အဖြေတောင်းဖို့ပဲဟု ယူဆကြည်ကာ ရင်ဖိုမိခြင်းဖြစ်သည်။ နှစ်ယောက် မျက်နှာချင်းဆိုင်မိတော့ ဒီဒီးက နှစ်လိုဖွယ်ပြုံးရင်း. . .

"ကြော်ငြာထဲမှာ နှုးညှံ့ အရမ်းလှတာပဲ၊ နန်းတွင်း အဆော်အစား



www.burmeseclassic.com

www.burmeseclassic.com



နဲ့ သိပ်လိုက်တာပဲ၊ အဲဒီကြော်ငြာရိုက်တဲ့နေ့က အဖြစ်ကို လုံးဝမမေ့ဘူး သိလား"

နူးညံ့ရှက်သော်လည်း ကြည်နူးသွားသည်မို့ မူမနေတော့ဘဲ အဖြေပေးလိုက်တော့မည်ဟု ဆုံးဖြတ်မိပြီး. . .

"ဒီဒီး ဘာလို့ဒီစကားတွေ ပြောနေလဲဆိုတာ နူးညံ့သိပါတယ်၊ တစ်ဖက်သား စိတ်ဆင်းရဲအောင် အချိန်ဆွဲမနေတော့ပါဘူး၊ ဒီဒီးနဲ့ နူးညံ့လက်တွဲပြီး အနာဂတ်ကို ထုဆစ်ပုံဖော်ကြမယ်လေနော်"

အနာဂတ်အတွက် လက်တွဲမည်ဆိုတော့ အလုပ်အကိုင်နှင့် ပတ်သက်ပြီး ပြောတာဖြစ်မည်ဟုတွေးကာ ကောင်းတာပေါ့ဟု ပြောမိသည်။

"နူးညံ့တို့ နှစ်ယောက်စလုံး အောင်မြင်မှုရဖို့ ကြိုးစားရင်းနဲ့ လက်ထပ်ဖို့ ပြင်ဆင်ကြမယ်လေ၊ ဒီလို ကတိစကား ရထားရင်. . ဒီဒီး ကျေနပ်တော့နော်"

"ဟင်. . "

ချစ်သူတွေ ဖြစ်သွားကြပြီ ဆိုပေမဲ့ ဒီမှာတော့ အနေအထိုင် ဆင်ခြင်မှ ဖြစ်မယ်နော်၊ လူ သိပ်မသိစေချင်သေးဘူး"

ဘုရားဘုရား. . နူးညံ့ကလည်း အဖြေပေးပြီး လက်ထပ်ဖို့အ ထိ မျှော်တွေးစကားတွေ ပြောလာပြန်ပြီ၊ ဒီဒီး အကြီးအကျယ် အံ့သြ ပြန်သည်။ သူ နူးညံ့အပေါ် စိတ်ဝင်စားမိသော်လည်း ကိုယ့်ဘက်က ခိုင်မာမှုတွေ မရှိသေးသည့်အတွက် ဖွင့်ဟပြောဖို့ သူ မတွေးမိသေး သို့သော်လည်း ချစ်အဖြေက ရနေပြီး ဘာကိုဘယ်လို နားလည်ရမှန်း မသိအောင် တအံ့တသြ ဖြစ်နေမိစဉ် သင်တန်းခန်းမသို့ ရောက်လာသ ဖြင့် စကားစ ပြတ်သွားကြသည်။

ထို့အတွက် တဒင်္ဂအားဖြင့် ဒီဒီး အသက်ရှူချောင်သွားရသည်။ သူသူနှင့် နူးညံ့အား မသိမသာ တစ်လှည့်စီ ခိုးကြည့်ရင်း ရင်ခုန်နေရပြီ





သည်။ နှစ်ယောက်စလုံး ပြိုင်တူလို အဖြေပေးခဲ့ကြသည့် မိန်းကလေး နှစ်ယောက်ကိုကြည့်ရင်း ရင်မောနေ၏။

ဒီကိစ္စ ကြားဝင်နှောင့်ယှက်သူရှိလို့သာ ဖြစ်ရမည်ဆိုတာတော့ သဘောပေါက်သည်။ ဘယ်သူဖြစ်နိုင်မလဲဆိုတာ ရှည်ရှည်ဝေးဝေး တွေးစားစရာ မလို၊ နေဝင်းအောင်နှင့် ငြိမ်းချမ်းဝေနှစ်ယောက်သာ ဖြစ်ရမည်ဟု တွေးထားပြီးသားဖြစ်သည်။ သူတို့နှစ်ယောက်ကို ကုပ်ဆွဲပြီး ဆုတ်ဖြဲပစ်ဖို့ ချောင်းကာမှ. . သင်တန်းမှူးတွေ တစ်ယောက်ပြီးတစ် ယောက်ဝင်ကာ လက်ချာတွဲပေးသလို စတူဒီယိုခန်း တစ်ခုပြီးတစ်ခု ဝင်၍ ရိုက်ကူးတင်ဆက်နေပုံများ လေ့လာရတာနှင့်ပင် မအားမလပ် ဖြစ်နေသည်။

ဒီလိုနှင့် ညနေစောင်းလာလေ ဒီဒီး နေမထိထိုင်မသာ ဖြစ် လာလေဖြစ်ပြီး သူတို့သဘောနှင့်သူတို့ အဖြေတွေ ပေးထားကြပြီဖြစ်၍ သင်တန်းအလွှတ်မှာ အတူပြန်မည်ဆိုပြီး နှစ်ယောက်စလုံး ကပ်လာကြ လျှင် ပြဿနာက တက်တော့မည်ဖြစ်သည်။

ဒီဒီး နောက်ဆုံးလေ့လာရသည့် ရိုက်ကွင်းမှာပင် ပြေးပေါက် ပြေးလမ်းကို ရှာရတော့သည်။ စိတ်ဝင်တစား လေ့လာကြည့်ရှုနေကြ သည့် လူအုပ်ထဲမှ လှစ်ခနဲထွက်ကာ ကိုယ်ယောင်ဖျောက်ရသည်။ အသံလွှင့်ရုံခန်းမကြီးအတွင်းမှ အမျိုးသားအိမ်သာသည် ဒီဒီးအတွက် လွတ်မြောက်နယ်မြေဖြစ်သည်။ ဖုန်းပိတ်ပြီး ရေအိမ်ထဲ ဝင်ထိုင်နေ လိုက်၏။ ဒီထဲမှာ အနည်းဆုံး တစ်နာရီတော့ အချိန်ဖြုန်း ရလိမ့်မည် ထင်သည်။ ဈေးအိမ်သာလို မဟုတ်၍သာ တော်တော့သည်။

ထိုအချိန်မှာ နူးညံ့တို့ အုပ်စုလည်း အစာမကြေ မြန်မာပြည် ဖြစ်လျက်ရှိသည်။ ပြန်ကြရမည်ဆိုတော့မှ ဒီဒီးကို ဘယ်လိုမှ ရှာမတွေ့၊ နူးညံ့နှင့်သူသူ ဒီဒီးဖုန်းကို အသီးသီးလှမ်းဆက်ကြသည်။

ယဉ်ယဉ်ကျေးကျေး အသံသာလေးနှင့် ကောင်မလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကသာ လူကြီးမင်း အစချီပြီး ဖုန်းပိတ်ထားပါတယ်ရှင်ဟုသာ ဖြေဆို၏။ ငမြွေထိုးနှင့် အမွှေဇယားနှစ်ကောင်လည်း သူတို့ရိုက်ချက် မကောင်းမှန်းသိကြသည်မို့ မျက်နှာပျက်ပျက်နှင့် နှုတ်ဆိတ်လျက်ရှိသည်။

"နင်တို့ကို ဘာမှပြောမသွားတာ တကယ်လား"

"ဩော် ဘာမှပြောမသွားပါဘူးဆိုမှ . . အရင်ဆို ကားဂိတ်ထိ တော့ အတူပြန်နေကျပဲလေ၊ နောက်ဆုံး . . စတူဒီယိုကို ဝင်တော့ပဲ ဖျတ်ခနဲ တွေ့လိုက်သေးတယ်"

"ဟုတ်ပါတယ်ဟာ ကြည့်ရတာ အိမ်က ကိစ္စတစ်ခုခု ခိုင်းလိုက် လို့ ပြန်လစ်သွားတာလား မသိဘူး"

နောက်ဆုံးတော့ စိတ်ပျက်အားလျော့စွာနှင့်ပဲ လမ်းခွဲခဲ့ကြ သည်။ သူသူနှင့် နူးညံ့တို့ အသီးသီး၏ ရင်ထဲမှာတော့ ဖွင့်ဟရှင်းမပြ သာသော မကျေနပ်မှု ကိုယ်စီနှင့်ပင် ဖြစ်သည်။ လူကြုံနှင့် မကြာခဏ အဖြေတောင်းလို့ မဖြစ်မနေ အဖြေပေးပြီး ချစ်သူရည်းစား ဖြစ်ခဲ့ကြ သည့်အခါကျမှ ချစ်သူက ပျောက်ချင်းမလှ ပျောက်နေသည်။

တကယ်ဆို ဒီနေ့လိုနေ့မျိုးက သက်ဆိုင်သူ ချစ်သူနှစ်ဦး ရွှင် ပျော်မြူးရမည့် နေ့ထူးနေ့မြတ် အခါသမယမဟုတ်လား၊ မိန်းကလေး နှစ်ယောက် စိတ်ထဲမတင်မကျနှင့်ပင် အိမ်ပြန်သွားကြသည်။

ညနေ ငါးနာရီခွဲလောက်မှာ ဒီဒီးလည်း အမိဌာန် ပြည့်သွားသ လို တဝဂူရေအိမ်ထဲမှ ထွက်လာ၏။ နိုက်ဂျူတီကျသည့် ဝန်ထမ်းများ ကလွှဲပြီး မြန်မာ့အသံ အဆောက်အအုံထဲမှာ လူရှင်းလို့ နေခဲ့ပြီ။ ဒီဒီး ရှေ့သို့ မျက်စိလျှင်လျှင်နှင့် မျှော်ကြည့်ကာ သူသူနှင့် နူးညံ့တို့ ရှိမရှိ ရှာဖွေကာ ခပ်သွက်သွက် ထွက်လာခဲ့သည်။

သင်တန်းသား ဘယ်သူ့ကိုမှ မတွေ့ရသည့်အတွက် စိတ်အေး လက်အေးနှင့် ကားဂိတ်သို့ ဒီဒီးလျှောက်လာသည်။ သူသူနှင့် နူးညံ့ ပြိုင်တူလို အဖြေပေးသည့်ကိစ္စ ဟိုနှစ်ကောင်လက်ချက် မကောင်းဘူးဆို





တာ အတပ်သိနေသည်မို့ နေဝင်းအောင် ဖုန်းကို လှမ်းခေါ်လိုက်သည်။ ချက်ချင်းဆိုသလိုပင် ဖုန်းကိုင်၏။

"ဟာ . . ဟော့ကောင် မင်း ဘယ်ရောက်သွားတာလဲ၊ ငါတို့ဖြင့် လူပျောက်တိုင်ရမလို ဖြစ်နေတာ"

"အပိုတွေ ပြောမနေနဲ့ နေဝင်းအောင်၊ ဒီနေ့ သူသူနဲ့ နူးညံ့ နှစ်ယောက်လုံး ငါ့ကို အဖြေပေးကြတယ်"

"ဟာ တယ်ဟုတ်ပါလား၊ ခြေလှမ်းတွေ အရမ်းသွက်နေတယ် ပေါ့၊ ဘယ်တုန်းက ဘယ်လို တော်ကီပွားလိုက်တာလဲ၊ ကစ်မယ့်ကစ် တော့လည်း ကော်နာရော၊ ဖရီးကစ်ရော တစ်ပြိုင်တည်းပါလား"

"ဟော့ကောင် ပေါတောတောတွေ ပြောမနေနဲ့၊ ဒီကိစ္စ မင်းတို့ လက်ချက်ဆိုတာ ငါ သိတယ်၊ ပြောစမ်း ဘာလုပ်လိုက်ကြတာလဲ"

"ဟာကွာ စွပ်စွပ်စွဲစွဲ၊ ငါတို့က ဘာလုပ်လို့ရမှာလဲ၊ မင်းဟာ ခင်း စန်းပွင့်တဲ့ကိစ္စ မဟုတ်ဘူးလား"

"အေး . . ငါ့အကြောင်း မင်းတို့ သိပါတယ်၊ ငါ ဘယ်သူ့ကိုမှ မစခဲ့ဘူး၊ ဘယ်သူ့ကိုမှ ပရိုပို့(စ်) မလုပ်ခဲ့ဘူး၊ ဒါနဲ့တောင် ဘာဖြစ်လို့ နှစ်ယောက်လုံးက ပြိုင်တူ အဖြေပေးရတာလဲ၊ မင်းတို့ မရှုပ်ရင် ဒီကိစ္စ ဖြစ်လာစရာ အကြောင်းမရှိဘူး"

"ဘုရားပေးပေး ကျမ်းပေးပေး ဘုရားစူးရပါစေ့ကွာ၊ ငါတော့ ဘာမှ မလုပ်ဘူး၊ ဟိုကောင် ငြိမ်းချမ်း မွှေထားသလား မသိဘူး၊ လှမ်း ဆက်ကြည့်ပါလား . . . ဒါပဲနော်"

နေဝင်းအောင် ခပ်သွက်သွက် ဖုန်းပိတ်သွားသည်။ ရင်ထဲ မကျေမလည်နှင့်ပင် ငြိမ်းချမ်းဝေကို ထပ်ခေါ်မိပြန်သည်။

"ဟဲလို ဒီဒီး တော်သေးတာပေါ့၊ မင်း ဒီကမ္ဘာမှာ ရှိနေသေးလို့"

"ဒီမယ် ငြိမ်းချမ်း သူသူ၊ နူးညံ့တို့နဲ့ပတ်သက်ပြီး ငါ့မှာ အကြီး ကြီး ကွိုင်တက်နေပြီ၊ အဲဒါ မင်းလက်ချက်ဆိုတာ ငါသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ဘာတွေ လာပြောနေတာလဲကွာ၊ သူတို့နှစ်ယောက်လည်း မင်းကိုလိုက်ရှာနေကြတာ တွေ့ပြီးပြီလား"

"တွေ့ရင် ပြဿနာတွေ ရှုပ်သွားမှာပေါ့၊ လုံးဝကို အတွေ့မခံရဲတာ"

"ဘာဖြစ်လို့လဲ"

"မင်းကပဲ ပြန်မေးနေရသေးလား၊ မင်းတို့ ပတ်မွှေထားလို့ နှစ်ယောက်လုံးက ငါ့ကို အဖြေပေးနေကြပြီ၊ နှစ်ယောက်လုံးကို ငါ ဘာမှ ပြောမထားဘဲနဲ့ သူတို့က ချစ်တယ်တဲ့"

"ဟေ. . ဟုတ်လား၊ ဒါဆို မင်း ဇာတာ တက်နေပြီပေါ့"

"ဟော့ကောင် နောက်မနေနဲ့၊ မင်းတို့ ပြဿနာ မင်းတို့ ရှင်းပေး"

"ဟာကွာ. . ဒီကိစ္စ. . ငါနဲ့ မဆိုင်ပါဘူး၊ ဟိုကောင် နေဝင်းမွှေတာပဲ ဖြစ်မယ်"

"သေချာလား"

"သေချာတယ် မင်း စုံစမ်းကြည့်လိုက်"

ဒီကောင်လည်း ဦးစွာ အဆက်အသွယ် ဖြတ်သွားပြန်သည်။ နှစ်ကောင်လုံးကတော့ ဘူးခံ ငြင်းနေကြသည်။ သို့သော်. . သူတို့ မမွှေလျှင်လည်း ဒီကိစ္စက ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ သိနေတော့ ခက်သည်။ မနက်ဖြန်ဆိုလျှင်တော့ သူ ရှောင်လို့တိမ်းလို့ရမှာ မဟုတ်တာ သေချာနေပြီ။ ဒါကို ဘယ်လိုရှင်းရမည်မှန်း မသိ၍ စိတ်ပျက်လက်ပျက်နှင့်ပင် အိမ်ပြန်လာခဲ့သည်။

အိမ်ရောက်တော့ ခဏနားကာ ရေမိုးချိုးလိုက်သည်။ ခေါင်းလောင်းပြီး ရေချိုးတာတောင် ဦးနှောက်က အေးမသွား၊ မနက်ဖြန် သုံးယောက်ဆုံလျှင် ဘာတွေ ဘယ်လိုဖြစ်လာနိုင်သလဲဆိုတာ ကြိုတွေးပြီး ဇာတ်ညွှန်းရေးကြည့်သည်။ ရလဒ်ကမကောင်း၊ ဘယ်လိုပဲဖြစ်ဖြစ်





ထိခိုက်နစ်နာမှုကတော့ ကြီးမားမည်ဖြစ်သည်။

အဖြေရှာမရဘဲ ရေချိုးခန်းထဲမှ အထွက်တွင် ဖုန်းပြောရင်း အိမ်ပေါ်မှ ဆင်းလာသည့် မေမေဒေါ်သဇင်ကို တွေ့လိုက်သည်။

"ဟုတ်လား သမီး ကောင်းတာပေါ့ကွယ်. . ၊ ဟောဒီမှာ ဒီဒီး ရေချိုးခန်းထဲက ထွက်လာပြီး သားနဲ့ ပြောလိုက်ဦးနော်"

မေမေ ဖုန်းလှမ်းပေး၍ ဒီဒီးယူပြီး နားထောင်လိုက်သည်။ မေမေ့ကို သူသူ ဘာတွေပြောသွားမှန်း မသိ၍ ဒီဒီး ရင်တုန်ရသေးသည်။

"ဟလို ဒီဒီးပါ"

"ကိုဒီး သိပ်ဆိုးတာပဲ၊ ညနေက ဘယ်ပျောက်သွားတာလဲ ရှာလိုက်ရတာဆိုတာ"

"အဲ. . ဟိုဒင်း၊ ဖေဖေမှာလိုက်တဲ့ဆေး လိုက်ရှာဝယ်နေတာနဲ့လေ. . "

"ဟုတ်လို့လား၊ ဖုန်းရော ဘာလို့ပိတ်ထားတာလဲ"

"အင်း. . ဟိုလေ၊ ကားပေါ်နဲ့ ဈေးထဲမှာက ဆူညံနေတာပဲ၊ အဲဒါကြောင့်"

"ဟွန်း. . အလျှောက်ကောင်းလို့ သက်သာတယ်မှတ်၊ အခု သူသူနဲ့ကိုဒီး ပတ်သက်မှုတွေ စကြပြီလေ၊ ဒီတော့ မနက်ကျရင် သူသူ့ကို အိမ်လာခေါ် အဒေါ်နဲ့လည်း မိတ်ဆက်ပေးမယ်၊ အတူတူသင်တန်းသွားမယ်လေ"

သူသူ့စကားကြောင့် ဒီဒီးမှာ ခေါင်းကို ဂေါ်ဇီလာနင်းပြီး ဖင်ကိုဟင်းကောင်ဆောင့်ကန်သလို ခံစားလိုက်ရသည်။ ဘယ်လိုဂျက်စီဂျိမ်းလုပ်ရမလဲဆိုတာ အပြေးအလွှားစဉ်းစားရသည်။ သူသူ့ဆန္ဒကို လိုက်လျှောပေးလို့ မဖြစ်သည်မို့. . .

"အဲ. . ဆောရီးပဲ သူသူရယ် စိတ်မကောင်းလိုက်တာ၊ မနက်



www.burmeseclassic.com

www.burmeseclassic.com



ကျရင်လေ ရပ်ကွက်ထဲက သူငယ်ချင်းတစ်ယောက်ရဲ့ နာရေးရက်လည် သွားရမှာ နာရေးဆိုတော့ ငြင်းလို့ မကောင်းဘူးလေ. . အဲ့ဒါကြောင့်ပါ။ သင်တန်းတောင် နောက်ကျမလားမသိဘူး"

"ကိုဒီးကလည်းကွာ"

"တောင်းပန်ပါတယ် သူသူရယ်၊ သန်ဘက်ခါကစပြီး သူသူ့အတွက် ဖြစ်စေရမယ် ဟုတ်ပြီလား"

"ကတိနော်. ."

"အင်း. . အင်း"

တစ်ဖက်က ကြည်ကြည်သာသာ ဖုန်းချသွား၍ ဒီဒီး သက်ပြင်း အရှိုက်မှာပင် မေမေ့အကြည့်ကို ရင်ဆိုင်လိုက်ရပြန်သည်။

"သားတို့ တစ်နေကုန် မတွေ့ကြလို့လား"

"တွေ့ပါတယ်မေမေ အပြန်မှာ မဆုံလို့ ဖုန်းဆက်တာပါ"

"ကောင်မလေး သနားပါတယ်ကွယ်၊ လိုက်လိုက်လျောလျော ဆက်ဆံပါ"

"ဗျာ. . ဟုတ်. . ဟုတ်ကဲ့"

ဒီလောက်ပဲပြောပြီး ဒီဒီး အဝတ်အစားဝတ်ဖို့ အိမ်ပေါ်တက် ခဲ့၏။ အတွေးထဲမှာတော့ မနက်ဖြန်အတွက် ရင်လေးလျက်ရှိသည်။ ဆံပင်တွေ ရေခြောက်အောင်သုတ်ပြီး တီရှပ်တစ်ထည် ကောက်စွပ်၍ အောက်ထပ်ပြန်ဆင်းခဲ့သည်။ ထမင်းစားခန်း အရောက်မှာပဲ. . .

"ကိုကြီး ဒီမှာဖုန်း၊ ကောင်မလေးတစ်ယောက်အသံပဲ နူးညံ့ တဲ့"

"ဟင်. . ."

ဒီဒီး မျက်လုံးပြူးရပြန်ပြီ။ မီးမီးလှမ်းပေးသည့် ဖုန်းကိုယူပြီး အိမ်ရှေ့မှ ထွက်ခဲ့သည်။ သူ့နောက်သို့ မျက်လုံးခြောက်လုံး ကပ်ပါလာ မည်ဆိုတာ ဒီဒီး လှည့်မကြည့်ဘဲ သိသည်။ မတတ်နိုင်တော့. . .။





"ဒီဒီး ဘယ်လိုလဲ. . . အဖြေပေးတဲ့နေ့မှာ ပျောက်ချင်းမလှ ပျောက်သွားပါလား၊ အံ့ဖွယ်သူတပဲနော်"

"တောင်းပန်ပါတယ် နူးညံ့ရယ်၊ ဘိုးတော်လေ. . ဖုန်းဆက်ပြီး လှမ်းပွမ်နေလို့. . သူ့သောက်ဆေးကုန်လို့မှာတာ သုံးရက်ရှိပြီ၊ ကိုယ် တလည်း မေ့မေ့နေတာ၊ အဲဒါကြောင့် မြို့ထဲ ဆေးထွက်ဝယ်နေရလို့ ပါ"

"အင်း. . ယုံစေချင်ရင် ယုံပေးပါ့မယ်လေ"

"ဩော်. . တကယ်ပါဆို နူးညံ့ရယ်"

"ဟုတ်ပြီလေ၊ အဲဒီကိစ္စ ထားလိုက်ပါတော့၊ မနက်ဖြန်မနက် ရှစ်နာရီလောက် နူးညံ့တို့ လမ်းထိပ်က မှတ်တိုင်မှာ လာစောင့်ပေးဦး၊ လိုက်စကားပြောတဲ့သူတစ်ယောက်ကို တွဲပြလိုက်မလို့"

"ဟင်. ."

"ဟယ်. . ဘာဖြစ်သွားတာလဲ"

"ဘာမှ. . ဘာမှ. . မဖြစ်ပါဘူး၊ နူးညံ့ကချိန်းတော့ ဝမ်း. . ဝမ်း. . သာသွားလို့ပါ"

"အဟင်း သေချာတယ်နော်"

"သေချာပါတယ် နူးညံ့ရယ်"

"ကောင်းပြီလေ. . လာရင်လာ၊ မလာရင် အန္တဲ့တိုက်ပြီး အဲဒီ တောင်ကို အဖြေပေးလိုက်မှာ"

"ဟိတ်. . အဲလိုမလုပ်ရဘူးလေ၊ ငရဲရော ငအုံပါ ကြီးလိမ့်မယ်၊ ခုတ်ချ ရှစ်နာရီအတိ ရောက်နေမယ်"

"အင်း. . ဟင်း. . ဒါဆိုပြီးတာပဲ၊ ဘိုင့်ဘိုင် ဆီးယူ တူမောရိုး"

"အိုကေ. ."

ဖုန်းပိတ်ပြီးတော့ ဒီဒီး ခေါင်းတယမ်းယမ်း ဖြစ်သွားသည်။ နှစ်ယောက်လုံးနှင့် စကားပြောကြည့်ပြီးမှ နူးညံ့နှင့် ပြောဆိုရတာ



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး ဖီလင်လာနေသည့် ကိုယ့်စိတ်ကိုယ် ဆန်းစစ်မိသည်။ သူ နူးညံ့အပေါ် စိတ်ယိုင်နေတာ သေချာပြီထင်၏။ သူ အိမ်ထဲဝင်လာတော့ မိသားစုအားလုံး ထမင်းစားစောင့်နေတာတွေ့သည်။ အားလုံးကို မျက်လုံးဆိုင်ပြီး မကြည့်ရဲဘဲ သူ့ခုံမှာ ဝင်ထိုင်လိုက်သည်။

"ဘယ်လိုလဲ ငါ့သား . . ဖုန်းတွေ လာလှချည်လား"

"ဟုတ် . ."

"အားလုံး ကောင်မလေးတွေ ဖေဖေ"

"ဟေ . . ဟုတ်သလား၊ ဟင်း . . ဟင်း ခုတော့ ငါ့သား အဖေ့ခြေရာ နင်းပြီပေါ့"

အငေါ်တူးတာလား၊ နောက်တာလား၊ မကွဲပြားသော်လည်း မေမေ့မျက်စောင်းကို အပိုဆုအဖြစ်ရသွားတာတော့ သေချာသည်။

"စလာပြီ၊ စကားကောင်းကောင်း ဘယ်တော့မှမပြောဘူး"

"အသာနေစမ်းပါ မိန်းမရာ၊ ကိုင်း ပြောစမ်း ဒီဒီ၊ အရေးအခင်း စပြီလား"

"ဟာ . . မဟုတ်တာ အဖေကလည်း သူငယ်ချင်းတွေပါ"

"သေချာတယ်နော်"

"သေချာတယ် ဖေဖေ"

"ကဲ . . ကဲ . . သေချာတာ မသေချာတာတွေ အပထား . . ထမင်းစားကြဦး"

မေမေက စကားဖြတ်ပြီး ထမင်းစားဖို့ပြောသည်။ ဒီဒီး စက်ရုပ်လို လှုပ်ရှားလိုက်သည်။ မိဘများကို ဦးချပြီး သူ့ပန်းကန်ထဲ ဟင်းထည့်သည်။ ခပ်သွက်သွက် နယ်ဖတ်ပြီး ပြိုင်ပွဲဝင်သလို အမြန်စားလိုက်သည်။ တောင်တောင်အီအီတွေ မေးမြန်းစပ်စုမှာစိုး၍ မြန်မြန် လက်စသတ်ပြီး ထမင်းဝိုင်းမှ ထသည်။

"ဟ . . တော်ပြီလား မြန်လိုက်တာ"





"တော်ပြီ ဖေဖေ . . အလုပ်လေးတွေ ပါလာလို့"

နောက်ထပ် မေးခွန်းတွေ မလာခင်၊ ဒီဒီး အိမ်ပေါ် အမြန်တက်ပြေးသည်။ အခန်းထဲဝင်ကာ တံခါးပိတ်၍ နားလိုက်၏။ တစ်နေ့ကုန် စိတ်မောလူမောနှင့်ဆိုတော့ ကျောချခွင့်ရတာ သိပ်ကို အရသာရှိနေသည်။

မနက်ဖြန်အတွက် လုပ်ရမည့်အစီအစဉ်ကို အကွက်ချ ကြည့်မိသည်။ နူးညံ့ထံသို့ မဖြစ်မနေ အရောက်သွားရမည်ကတော့ ဖျက်ကွက်လို့ မဖြစ်၊ နူးညံ့အကြောင်း တွေးမိသည်နှင့် ရင်ထဲမှာ ကြည်နူးမှုတို့ ဝေစီလာသည်။ ချော်လဲရောထိုင်ဆိုသလို နူးညံ့ချစ်သူအဖြစ် တရားဝင်လိုင်စင် ယူလိုက်ရကောင်းမလားဟုပင် တွေးမိသေးသည်။

ထိုအတွေးကြောင့် ပြုံးပျော်မိသလို ဖြစ်သွားခိုက် သူသူ့ကို သတိရမိပြန်သည်။ သူသူ့အလှက ပိုပြီး ပေါ်လွင်သလို ပိုပြီး သွက်လက်၍ စရိုက်ကလည်း ပိုပြီးကြမ်းတမ်းသည်မို့ ဒီဒီး လန့်သွားရပြန်သည်။ သူသူက ငါးစိမ်းသည်လို ရိုင်းစိုင်းကြမ်းတမ်းတာ မဟုတ်သော်လည်း နူးညံ့လောက် မနူးညံ့တာတော့ သေချာသည်။ ဘာမဆို ဟောဟော ဒိုင်းဒိုင်း ပွင့်ပွင့်လင်းလင်းနှင့် ဖြစ်ချင်တာကို ဇွတ်လုပ်တတ်တာ သိသာသည်။

နူးညံ့က ပညာတတ်ပိုဆန်ပြီး ထိန်းသိမ်းနိုင်စွမ်းရှိသည်။ ယှဉ်ထိုးတွက်ချက်ကြည့်တိုင်း သူ့အကြိုက်တွေ နူးညံ့ထံမှာ စုပုံနေတာ . . ပိုသတိပြုမိသည်။ ရှောင်ဖယ်ထွက်ပြေးလို့ မရတော့ဘူးဆိုလျှင်လည်း နူးညံ့၏ ရင်ခွင်အရပ်မှာပဲ သူ ကျဆုံးလိုက်ချင်သည်။

မရှုနိုင်မကယ်နိုင်အောင် ခေါင်းစားရင်း အဖြေမရသည့်အဆုံး စိတ်ပမ်းကိုယ်နွမ်းဖြင့် အိပ်ပျော်သွားမှပင် ဒီဒီး အနားရသွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



**မြောက်**ဥက္ကလာ သန္တာလမ်းထိပ်မှတ်တိုင်သို့ ဒီဒီးရောက်တော့ ရှစ်နာရီထိုးဖို့ ဆယ်မိနစ်လိုသေးသည်။ မှတ်တိုင်အပင်ရိပ် ကွမ်းယာဆိုင်ဘေးမှာ ကပ်၍ရပ်ရင်း ပတ်ဝန်းကျင်ကို လေ့လာသုံးသပ်သည်။ နူးညံ့အပြောအရ သူ့ကို လိုက်နှောင့်ယှက်သူ ရှိသည်တဲ့၊ အဲဒါ တကယ်ပဲလား၊ လုပ်ကြံပြောတာလားဆိုတာ ဒီဒီး သိချင်နေသည်။

နူးညံ့တို့ လမ်းထိပ်သို့ လှမ်းမျှော်ကြည့်သည်။ ရှစ်နာရီ ထိုးလုလုတွင် နူးညံ့ထွက်လာတာတွေ့သည်။ သူ့နောက်က ပါလာသူတွေကိုလည်း အကဲခတ်မိသည်။ ကိုရင်လေးတစ်ပါး၊ လေးဆယ်ကျော်ခန့် အမျိုးသမီးလေး တစ်ဦးတို့အပြင် ရက်ပ်ပါစတိုင်နှင့် ငနဲတစ်ကောင်ကိုလည်း တွေ့ရသည်။ ဒီဒီး ကြည့်နေခိုက်မှာပင် ရက်ပ်ပါကောင်က ကိုရင်နှင့် မိန်းမကြီးကို ကျော်တက်ကာ နူးညံ့နှင့် ဘေးချင်းယှဉ်လိုက်လာတာ လှမ်းမြင်ရသည်။

နူးညံ့လှည့်ကြည့်ပြီး ထိုအကောင်ကို မြင်သည်နှင့် ခြေစုံရပ်လိုက်သည်။ ထိုလူ အရှိန်လွန်ပြီး ခြေနှစ်လှမ်းလောက် ကျွံသွားသည်။ နူးညံ့က တစ်ယောက်ယောက်ကို စောင့်မျှော်သလိုမျိုး နောက်လှည့်လှမ်းကြည့်နေ၍ ရက်ပ်ပါငနဲလည်း အနားကပ်ဖို့ မကပ်ဖို့ တွေဝေရင်း





ကြံရာမရ ဖြစ်နေဟန်ရှိသည်။

နူးညံ့က လက်မှနာရီကိုကြည့်ရင်း ဆုံးဖြတ်လိုက်ဟန်နှင့် ရှေ့တိုးကာ မှတ်တိုင်သို့ ဦးတည်လိုက်သည်။ ထိုငနဲလည်း ကပ်လိုက်လာပြန်၏။ နူးညံ့အရှိန်လျှော့လျှင် လျှော့သလို မြန်လျှင်မြန်သလို ကပ်လိုက်နေပုံက ဣန္ဒြေသိက္ခာကို ထိပါးရာရောက်နေသည်။ မြင်လို့မကောင်းတော့။

ဒီဒီး သူ့အနေအထားသူ မေ့သွားကာ ကွမ်းယာဆိုင်အကွယ်မှထွက်၍ ရင်ကော့လျက် နူးညံ့ထံ ချီတက်သွားသည်။ သူ့ကို မြင်လိုက်၍ နူးညံ့မျက်နှာမှာ အားတက်ဝမ်းသာမှုတွေ ဖုံးသွားတာ မြင်ရတော့ နူးညံ့နှင့်သူ တကယ့်ချစ်သူတွေဟု ဒီဒီး ထင်ယောင်ထင်မှား ဖြစ်သွားသည်။

"နူးညံ့ကလည်းကွာ. . ဖုန်းလှမ်းဆက်လိုက်တာ မဟုတ်ဘူး၊ ကိုယ် အိမ်ထိလာကြိုမှာပေါ့"

ပြောလည်းပြော နူးညံ့လက်ထဲမှ ချိုင့်ကိုလည်း လှမ်းယူလိုက်ရင်း ပတ်သက်ဆက်နွယ်မှုကို အလံထူပြလိုက်သည်။ ရက်ပ်ပါငနဲ ကြောင်တောင်တောင် ဖြစ်သွားသည်။ နူးညံ့လည်း ကျေနပ်စွာပြုံးရင်း ချိုင့်ကိုလှမ်းပေးသည့်အပြင် ဒီဒီးလက်ကိုပါ ဖက်တွယ်လိုက်သဖြင့် ရက်ပါငနဲမှာ နှမြောတသ သုံးကြိမ်ရွတ်ဆိုရင်း ခါတ်လိုက်ခံရသလို တုန်တုန်ယင်ယင် ဖြစ်သွားရှာသည်။

နူးညံ့နှင့် ဒီဒီးတို့၏ ဖက်လဲတကင်း ရင်းရင်းနှီးနှီး ဆက်ဆံရေးကို ယုံကြည်လက်ခံသွားဟန်နှင့် တပ်ခေါက်ပြန်ဆုတ်သွား၏။ ထိုငနဲကို ကြည့်ကြည့်လိုက်ရင်း နူးညံ့အပိုတွေပြောတာမဟုတ်ကြောင်း သဘောပေါက်မိသလို သူနှင့်လည်း ဘာမှမပတ်သက်သည့်အချက်ကို သတိရသွားသည်။

အခုနေ သမီးရည်းစားလို ဆက်ဆံနိုင်သည် ဆိုလျှင်တောင်မှ



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းရောက်၍ သူသူနှင့်ဆုံလျှင် အားလုံး ဖျက်ပြယ်သွားမည် ဖြစ်သည်။ ဒီလိုတွေးမိတော့ ဒီဒီး ရွံ့တွန့်တွန့် ဖြစ်သွားကာ ကိုယ်ရှိန်သတ်သွားသည်။ စောစောက ဝီကက်ကြွမှုတွေ ကြက်ပျောက်ငှက်ပျောက်ဖြစ်ပြီး အေးစက်စက်ဖြစ်လာသည်။

"ကို ဘာဖြစ်နေတာလဲ"

"ဟင်. . အဲ. . ဟို. . ဟိုဒင်း. . စောစောကပုဂ္ဂိုလ် လူစုပြီး နောက်တစ်ခါ ရောက်လာဦးမလားလို့ တွေးမိလို့. . အဟင်း"

"ဒါများ ကိုရယ်. . လာတော့လည်း ချလိုက်ပေါ့၊ သိုင်းတတ်တယ်မို့လား"

"တတ်တော့တတ်တယ် ဒါပေမယ့် ရုပ်ရှင်ဖိုက်တင်ပဲ တတ်တာ၊ ထိအောင်မထိုးတတ်ဘူး နူးညံ့ရဲ့"

နူးညံ့ အသံလွင်လွင်လေးနှင့် ရယ်သည်။ ဒီဒီးလည်း ကြည်နူးသည်။ (၁၀၂)ကားပေါ် ရောက်တော့လည်း နူးညံ့က သမီးရည်းစားတွေလိုပဲ ရင်းရင်းနှီးနှီး ဆက်ဆံကာ ကားကျပ်သည့်အရှိန်နှင့် ရင်ခွင်ထဲထိ ရောက်လာသည်။ နူးညံ့က ပေါ့ပါးလွတ်လပ်နေသလောက် ဒီဒီး စိတ်ကျဉ်းကျပ်ပြီး တစ်ကိုယ်လုံး တောင့်တင်းနေသည်။

တကယ်ပဲ နှစ်ကိုယ်တူ ချစ်ရည်လူးခွင့်ရှိသည့် ချစ်သူစုံတွဲတွေ ဖြစ်လိုက်ပါတော့ဟုလည်း တောင့်တမိသည်။ ကားပေါ်မှာ ရင်တွင်းဖြစ် ရသစုံကို ခံစားရင်း စိတ်ကိုချုပ်တီးလာခဲ့ရတာ ဒီဒီး အသက်ထွက်မတတ် စိတ်ပင်ပန်းခဲ့ရ၏။

စိုက်ပျိုးရေးမှတ်တိုင်မှာ ဆင်းကြတော့လည်း ဒီဒီး စက်ရုပ်တစ်ရုပ်လို ဖြစ်နေသည်။ သူသူနှင့် မျက်နှာချင်းဆိုင် ဆုံတွေ့ရတော့မည်မို့ ထွက်ပြေးချင်စိတ်အား မနည်းချုပ်တီးနေရသည်။ ထိုအခိုက်မှာ ဒီဒီးဖုန်းမှ ခေါ်သံထွက်လာသည်။ ထင်ထားသည့်အတိုင်း သူသူဆက်တာ ဖြစ်နေသည်။





ဒီဒီး အားတုံ့အားနာနှင့် နူးညံ့မျက်နှာကို ခိုးကြည့်မိသေးသည်။ မတတ်သာစွာ ဖုန်းကိုင်လိုက်ရသည်။ နူးညံ့က မစပ်စု၍ တော်သေးသည်။

"ဟလို. ."

"ကိုဒီး လာနေပြီလား"

"အင်း. . ရောက်တော့မယ်"

"သူသူ မြန်မာ့အသံဝင်း အဝင်ဝက စောင့်နေတယ်၊ မြန်မြန်လာခဲ့၊ ကိုဒီးအတွက် မုန့်တွေကော်ဖီတွေ ယူလာတယ် သိလား"

"အင်း. . အင်း. . လာနေပြီ ဒါပဲနော်"

ဖုန်းပိတ်ရင်း ရုတ်တရက် ကိုယ်ပျောက်သွားပါစေဟုသာ ဆုတောင်းမိတော့၏။ မဖြစ်မနေ လျှောက်လှမ်းနေရသည့် ခြေလှမ်းများကြောင့် သူသူနှင့် တဖြည်းဖြည်းပိုနီးလာနေပြီဖြစ်ကြောင်း သိနေရတာ ပင်ပန်းလွန်းလှသည်။

"ဘယ်သူ့ဆီက ဖုန်းလဲ"

"ဟို. . ဟိုဒင်း. . သူသူ့ဆီက"

"သူသူ့ဆီက ဟုတ်လား၊ အင်း. . တစ်ခုတော့ ကြိုပြောထားမယ်နော်၊ သူသူက နူးညံ့ရဲ့ ပြိုင်ဘက်၊ နူးညံ့အမြင်ရှင်းအောင်တော့ ဒီဒီး အနေအထိုင်ဆင်ခြင်မှ ဖြစ်မယ်"

"ဟင်. . အင်း. . အင်းပါ နူးညံ့ရယ်"

ရင်တုန်တုန် မောပန်းမှုအပြင် ဒူးတုန်တုန် ခြေလှမ်းများနှင့် ဒီဒီး. . . ရပ်စောင့်နေသည့် သူသူ့ကို လှမ်းမြင်လိုက်ရသည့် အခါမှာတော့ နောက်ကြောင်းပြန်လှည့်ပြေးချင်စိတ်ပင် ပေါက်လာ၏။

စက္ကန့်တို့ လျှင်မြန်စွာ သေဆုံးသွားသည့်အချိန်မှာ သုံးယောက်ဆုံမိကြသည်။ သူသူ့မျက်ဝန်းမှာ ဒေါသအရိပ်အငွေ့တို့ ယှက်သန်းနေမှန်းသိတော့ စိချွမ်ငလျင် ရင်ထဲတိုးဝင်လာသလို ခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညော် ရည်းစားကို စောင့်ခိုင်းပြီး နောက်တစ်ယောက်နဲ့ အတူ တွဲလာရဲတယ်ပေါ့၊ ဟုတ်လား. . . ကိုဒီး"

"သူသူ. . ဟို. . ဟိုလေ"

"ဘာမှ ဟိုမနေနဲ့. . ဒီမယ် နူးညံ့ ကိုဒီးဟာ သူသူ့ရည်းစား သူသူ့လူနော်၊ နောက်ကို အနေအထိုင် ဆင်ခြင်ပါ"

"ဘာ. . ဘာပြောတယ်၊ ဒီဒီးကို ငါ မနေ့ကပဲ အဖြေပေးလိုက်တာ. . သူက ငါ့ချစ်သူ၊ ဒီနေ့တောင် အိမ်ကိုလာခေါ်လို့ ဒီထိ အတူလာခဲ့ကြတာ သိရဲ့လား"

"ဟင်. . နင်. . နင်. . မဟုတ်တာတွေ လျှောက်မပြောနဲ့နော် ကိုဒီး သူပြောတာ ဟုတ်လား၊ ပြော. . ပြောလေ. . ပြောဆို"

သူသူက သူ့စတိုင်လ်အတိုင်း ခပ်ရမ်းရမ်းပင် ဒီဒီးကို ဆောင့်ဆွဲကိုင်လှုပ်ကာ မေးတော့သည်။ နူးညံ့ကလည်း မယုံသင်္ကာ မျက်ဝန်းများနှင့် ဒီဒီးကို ရှိုးလာသည်။ ပြဿနာကို မဖြေရှင်းဘဲ နေ၍မရတော့တာကို သဘောပေါက်သွားသည်မို့. . .

"ကဲ. . နူးညံ့နဲ့သူသူ ဘယ်လိုမှတော့ မအောက်မေ့နဲ့၊ ငါ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ နင်တို့ နှစ်ယောက်လုံးကို ငါ လုံးဝပရိုပို့စ် မလုပ်ခဲ့ဘူး၊ ငါလည်း တအားအံ့သြပြီး အလိုက်အထိုက် ဆက်ဆံနေရတာ၊ မနေ့ကဆို ဘယ်လိုမှ ရှင်းလို့ထိမှာ မဟုတ်တဲ့အတွက် ငါတစ်နာရီတိတိ အိမ်သာထဲမှာ ပုန်းနေခဲ့ရတာ သိရဲ့လား"

"ဘာ. . ဘာပြောတယ် ကိုဒီး သူသူတို့ကို ပရိုပို့စ် မလုပ်ခဲ့ဘူး ဟုတ်လား"

"ဟုတ်တယ် သူသူ"

ပွင့်ပွင့်လင်းလင်းနှင့် ခြေမြန်လက်မြန်ရှိလှသည့် သူသူက စလင်းဘက်ထဲမှ အဓိကသက်သေစာကို ထုတ်ပြသည်။ ဒီဒီး စာကိုဖတ်ကြည့်ပြီး ရေရေလည်လည် သဘောပေါက်သွား၏။ နူးညံ့ကလည်း





အားကျမခံ သူရထားသည့်စာကို ထုတ်ပြပြန်သည်။

စာနှစ်စောင်လုံးကိုကြည့်ကာ ဒီဒီး ခေါင်းတယမ်းယမ်း ဖြစ်နေသည်။ သူ့ကို နူးညံ့နှင့် သူသူတို့ မျက်ခြည်မပြတ် ကြည့်နေမှန်းလည်း ရိပ်မိသည်။

"ငါ သဘောပေါက်သွားပြီ၊ ဒါ ငါ့ဇာတ်လမ်း ဇာတ်ညွှန်းထဲက ဇာတ်ဝင်ခန်းထဲမှာ သုံးဖို့ ရေးထားတဲ့ ရည်းစားစာတွေဟာ၊ မကြိုက်လို့ မသုံးဘဲထားတာ၊ အဓိက တရားခံက နေဝင်းအောင်နဲ့ ငြိမ်းချမ်းဝေပဲ၊ မယုံရင် နင်တို့ ဒီကောင်တွေကိုမေးကြည့်"

ဒီဒီးက ဇာတ်ညွှန်းဖိုင်ကို ထုတ်ပြ၍ အခိုင်အမာ သက်သေပြကာ ရှင်းလင်းပြောဆိုသည်။ ကာယကံရှင်ကိုယ်တိုင်က ပရိုပို့စ်မလုပ်ကြောင်း ငြင်းဆိုခြင်းခံရသည့် မိန်းကလေးနှစ်ယောက် မျက်နှာကြီး နီရဲအောင် အရှက်သည်းသွားကြ၏။

"တောက်. . "

"မိုက်ရိုင်းလိုက်တဲ့ ကောင်တွေ"

နူးညံ့နှင့် သူသူ့ထံမှ မကျေမနပ် ရင်ဖွင့်သံတွေ ပွင့်ထွက်လာ၏။

"အဲဒီစာတွေ နင်တို့ကို ဘယ်သူလာပေးသလဲ"

"နေဝင်းအောင်"

"ငြိမ်းချမ်းဝေ"

"အဲဒါပဲ ဒီကိစ္စ ငါ လုံးဝမသိလိုက်ဘူး၊ အဲဒီအတွက်လည်း အနူးအညွတ် တောင်းပန်ပါတယ်ဟာ"

မခံချိမခံသာဖြစ်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း၊ ရှက်ရွံ့ခြင်း. . စသည့် ဝေဒနာများနှင့် မိန်းကလေးနှစ်ယောက် ရုပ်ပျက်ဆင်းပျက် ဖြစ်နေကြသည်။ ထိုအခိုက်မှာ သူသူ့မျက်ဝန်းတွေ အရောင်ဝင်းဝင်း တောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို. . ဟို. . မှာ ဟိုနှစ်ကောင်"

"ဟင်. . နေဝင်းအောင်နဲ့ ငြိမ်းချမ်းပေ"

"ဟိတ်ကောင်တွေ"

ဒီဒီးတို့ သုံးယောက်ထံမှ အသံမျိုးစုံ ထွက်လာသည်။ ဒီဒီး ဦးဆောင်ကာ ငမွေထိုးနှစ်ကောင်နောက်သို့ လိုက်ကြသည်။ ပြည်လမ်းမကြီးဘေး ပလက်ဖောင်းပေါ်မှာ ရုတ်ရုတ်သဲသဲ လူဖမ်းပွဲကြီး ဖြစ်ပေါ်လာတော့သည်။

"ဟေ့ကောင်တွေ. . ဟေ့ကောင်တွေ မပြေးနဲ့"

ဒီဒီးလည်း အော်မိအော်ရာအော်ရင်း ပြေးလိုက်သည်။ ဒါကို ခပ်လောင်လောင် ကျောင်းသားတစ်စု ကြားသွားကာ သီချင်းဆက်ဆိုကြ၏။

"ဗိုင်းညှောင့်. . သူကြီးက လိုက်တယ်၊ တစ်ရွာလုံးထက် ပိုပြီးမိုက်တယ်၊ မူရာတွေ မာယာတွေ မလိုပါ"

ဒီဒီး စလိုက်သည့် စကားတစ်ခွန်းက စိုင်းစိုင်း၏ နာမည်ကျော် အိုးကလေးလှုပ်ပါဟေ့၊ စာသားများပါသည့် တောဂေါ်လီသီချင်း ဖြစ်သွား၏။ လူငယ်တွေ တစ်အုပ်ကြီး ဗိုင်းလျှောင်တာခံရ၍ ရှက်သွားသော်လည်း ပြဿနာနှစ်ကောင်ကို အမိဖမ်းဖို့က အရေးကြီးနေသည်မို့ သူသူတို့လည်း ရှက်ရှက်နှင့် ဆက်ပြေးနေကြသည်။

နေဝင်းအောင်တို့က နောက်ကြောင်းပြန်ပြေးပြီး Junction Square ထဲ ဝင်သွားကြသည်။ ဒီဒီး ရှေ့မှဦးဆောင်ကာ အသည်းအသန်လိုက်၏။ Junction မြေညီထပ်သို့ ရောက်သောအခါ သုံးယောက်လုံး ဟောဟဲလိုက်နေကြပြီ ဖြစ်သည်။ သို့သော်. . . ဟိုကောင်တွေကို မတွေ့ တော့။

"ဟော. . ဘယ်. . ဟဲ. . ရောက်သွားပြီလဲဟ. . ဟောဟဲ"

သူသူက မောဟိုက်သံကြီးနှင့် မေးသည်။ သုံးယောက်ပေါင်း





ချက်လုံးခြောက်လုံးနှင့် ပြူးပြဲကာ ရှာကြသည်။ ဘယ်မှာမှ မတွေ့. . ။

"ဒီကောင်တွေ အပေါ်ထပ်တက်သွားပြီ ထင်တယ်"

အရင်က စာတွေသင်ကြားခဲ့ရသည့် တတိယထပ်ထိတက်၍ ရှာဖွေကြသည်။ အရိပ်အယောင်ပင် မတွေ့ရ။ ပြိုင်းသွားကြသည့် ဒီဒီးတို့သုံးယောက် တုံ့နှေးနှေးခြေလှမ်းတွေနှင့် လက်လျှော့လိုက်ကြရပြီ။

"မောလိုက်တာဟယ်၊ နေနှင့်ဦးပေါ့ အသေကောင်တွေ ဒီနေ့ရိုက်ကွင်းကိုတော့ လာကြမှာပဲ၊ အဲဒီတော့မှ အသေဖွဲ့မယ်"

"နေပါဦး ဒီဒီးလိုပဲ အိမ်သာထဲ ဝင်ပုန်းနေလားမှ မသိတာ၊ ဝင်ကြည့်လိုက်ပါလား"

"အေး. . ဟုတ်တယ်"

နှုးညံ့သတိပေး၍ ဒီဒီး အိမ်သာထဲ ဝင်ကြည့်သည်။ ထိုအချိန်မှာ နေဝင်းအောင်နှင့် ငြိမ်းချမ်းပေတို့ Junction ထဲမှ ပြန်ထွက်သွားကြပြီဖြစ်၏။

ဒီဒီးတို့ ဝင်လာစဉ်က ဖက်ရှင်စတိုးဆိုင်ကြီးများရှေ့မှ မော်ဒယ်လ်အရုပ်များကြား ဝင်ရပ်ပြီး အသက်အောင့်ကာ အသေကောင်လိုပုန်းနေခဲ့၍ လတ်တလော အန္တရာယ်မှ လွတ်ကင်းခဲ့ခြင်း ဖြစ်သည်။ သို့သော် မရဏဂြိုဟ်အိပ်သည့် ရာသီခွင်အတွင်းမှာ ရှိနေသေးသဖြင့် ရင်တထိတ်ထိတ် ဖြစ်ကြရသေးသည်။

ဒီဒီး သူသူနှင့် နှုးညံ့တို့ မြန်မာ့အသံဝင်းအတွင်းသို့ ဖြည်းဖြည်းချင်း လမ်းလျှောက်ပြန်လာခဲ့ကြ၏။ အပြန်လမ်းတစ်လျှောက်လုံး ဒီဒီးက တတွတ်တွတ် တောင်းပန်လာခဲ့သည်။

"ငါ့ကို နင်တို့ အဖြေလာပေးကြတော့ အံ့လည်းအံ့သြတယ်၊ အားလည်းနာတယ်၊ နှမချင်းလည်း ကိုယ်ချင်းစာတယ်၊ နင်တို့သိက္ခာကိုလည်း မထိခိုက်စေချင်ဘူး၊ ဒါကြောင့် မနေ့ညနေက ငါရှောင်နေခဲ့တာ"

"အေးပါဟယ်၊ တော်ပါတော့ ရှက်လွန်းလို့ပါ၊ မပြောပါနဲ့တော့"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့က တောင်းပန်သည်။ သူသူကတော့ တုံဏှိဘာဝေ တိတ်တိတ်နေရင်း မျက်နှာကြီး သုန်မှုန်နေသည်။ သူတို့လေးတွေ ရှက်သည်ဆို၍ ဒီဒီးလည်း ဘာမှဆက်မပြောတော့၊ ဒီပြစ်မှုထဲမှ ကင်းကင်းရှင်းရှင်း လွတ်ခဲ့ပြီမို့ ဝမ်းသာကျေနပ်နေသည်။

ထိုနေ့က Sunday Talk အစီအစဉ် ရိုက်ကူးတင်ဆက်မှုကို လေ့လာကြရသည်။ ဦးမျိုးမြတ်သူနှင့် ဦးကိုကိုလှိုင်တို့ မြောက်ကိုရီးယား အရေးကိစ္စ ဆွေးနွေးတင်ဆက်မှုကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသည်။

ထိပ်တန်းတင်ဆက်သူများ ဖြစ်သည့်အပြင် ဦးကိုကိုလှိုင်၏ ဘာသာရပ်အပေါ် ကျွမ်းကျင်ပိုင်နိုင်မှုကြောင့် စာရွက်မကြည့်ဘဲ ပြောကြတာများ အထင်ကြီး အတုယူဖို့ အလွန်ကောင်းသည်။

နေ့ခင်း ထမင်းစားနားချိန်မှာတော့ ဝရမ်းပြေးနှစ်ကောင် ရှောင်နေလို့မရတော့၊ မျက်နှာငယ်လေးတွေနှင့် သူသူ့ခုံရုံးမှာ ဖြောင့်ချက်ပေး ဝန်ခံကြသည်။ နူးညံ့က အပြောနှင့်အပြစ်တင်ရုံသာ တင်ခဲ့သော်လည်း သူသူက တဖုန်းဖုန်းရိုက်နှက်သည်။ ပယ်ပယ်နယ်နယ် ပြောဆိုသည်။

"နင်တို့မှာ နှမတွေ အစ်မတွေ မရှိဘူးလား၊ နင့်နှမဆို အဲလို လုပ်မလား"

"ငါ. . ငါ တောင်းပန်ပါတယ်ဟာ၊ ငါတို့နောက်တယ်ဆိုတာ အမြန်ဆုံး သိလိမ့်မယ် ထင်လို့ပါ"

"ဘယ်လိုလုပ် သိမလဲ၊ ဒီဒီးလက်ရေး အစစ်နဲ့လေ၊ ငါတို့မှာ တကယ်မှတ်လို့ မိန်းမသားဘဝအတွက် အားကိုးရာရပြီ၊ လက်တွဲဖော်ရပြီဆိုပြီး အဖြေပေးခဲ့တာ"

"ဟုတ်ပါတယ်ဟာ၊ အဲဒီအတွက် ငါ အနူးအညွတ်တောင်းပန်ပါတယ်၊ ဘယ်လိုမှ ပြန်လျော်ပေးလို့မရတဲ့ နစ်နာမှုကြီးဖြစ်အောင်





နောက်မိတဲ့အတွက် နောင်တရလို့ မဆုံးပါဘူး၊ ဖြစ်နိုင်ရင် ခွင့်လွှတ်ပေးပါဟာ"

နေဝင်းအောင်က ဒူးထောက်မတတ် တောင်းပန်နေသည်မို့ သူသူလည်း ဒေါသလျှော့ကာ ဘာမှဆက်မပြောဖြစ်တော့၊ မိန်းကလေးနှစ်ယောက် ငြိမ်အသွားမှာ ဒီဒီးကပါ ထပ်၍တောင်းပန်သည်။

"ကဲပါဟာ သူငယ်ချင်းတွေပဲဟာ၊ ဒီလောက်တောင်းပန်နေမှတော့ ခွင့်လွှတ်ပေးလိုက်ကြပါ၊ မင်းတို့ကလည်း ဘယ်သူ့ကိုမှ နစ်နစ်နာနာဖြစ်အောင် မနောက်ကြပါနဲ့တော့"

"စိတ်ချပါ ဒီဒီးရာ၊ ငါ့ရဲ့ မကောင်းတဲ့ အဲ့ဒီသောက်ကျင့်ကြီးကို ငါ စွန့်လွှတ်လိုက်ပါတော့မယ်"

"စောစောစီးစီး သိလိုက်ရတာ ကံကောင်းလို့"

"ဟဲ့. . . ခိုင်ငြိမ်းစံ. . နင် သီချင်းဆိုနေတာလား"

"မဟုတ်ပါဘူးဟာ နေဝင်းအောင်လိုလူမျိုးကို သူငယ်ချင်းအဖြစ်တောင် မပေါင်းသင့်ဘူးဆိုတာ သိရလို့ ငါ အမြတ်ထွက်တယ်လို့ ပြောချင်တာ"

ထိုစကားကြောင့် နေဝင်းအောင်၏ မျက်နှာမှာ လေလျှော့ခံရသည့် ပူဖောင်းလို ရှုံ့တွသွားသည်။

"ဟား. . သွားပြီကွာ၊ စောစောကအထိတော့ ရှုံးရုံပဲ ရှုံးတာ၊ အခုတော့ အရင်းထဲကပါ ပါသွားပြီကွ၊ ခိုင်ငြိမ်းစံရဲ့ အချစ်ကို ငါ လုံးဝ ရနိုင်တော့ဘူး. . ဟီး. . ဟီး"

တစ်သက်လုံး မနောက်တော့ပါဘူး ဆိုသည့်ကောင်၊ အကြောဆောင်လာပြန်သည်မို့ အားလုံးဝိုင်း၍ နားရင်းအုပ်လိုက်ကြတော့၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)

MMDC သင်တန်းသားများ ငါးယောက်တစ်ဖွဲ့ဖွဲ့ပြီး . . MINUTE TO WIN IT အစီအစဉ်တွင် ဝင်ပြိုင်ကြသည်။ ဒါကလည်း ရိုက်ကူးရေးပိုင်းအပြင် သရုပ်ဆောင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန် စီစဉ်ပေးခြင်း ဖြစ်သည်။

ဒီဒီးတို့ အလှည့်တွင် ပရင်စင်တာ ကိုဖြိုးဇော်လင်းက သူ့စတိတ်ပေါ်မှာ အားလုံးကို ပရိသတ်နှင့် မိတ်ဆက်ခိုင်းသည်။

“အဖွဲ့နာမည်လေး ပြောပြပါဦး”





“ရွှေဘိုမြင်းပါ”

“ဘယ်လို . . ဘယ်လို”

“ရွှေဘိုမြင်း”

“ဘာအဓိပ္ပါယ်လဲဗျ”

“ဂမ်းနမ်းစတိုင်က ကမ္ဘာကျော်တယ်လေ၊ သူ့အကက မြင်းစီးအကပဲ၊ အဲဒါကို မြန်မာတွေပါ လိုက်ခိုးချနေတာ ကြည့်မကောင်းဘူးဗျ၊ ဒါကြောင့် မြန်မာ့ရိုးရာ ရွှေဘိုမြင်းအကကို ပြန်လည်ဖော်ထုတ်တဲ့အနေနဲ့ ရွှေဘိုမြင်းလို့ နာမည်ပေးထားတာပါ”

“ဟား . . ကောင်းလိုက်တာဗျာ၊ ဒါဆို စုပေါင်းအင်အားလေး ပြပါဦး”

ဒီဒီးတို့ငါးယောက် မြင်းစီးဟန်ပြုလုပ်ကာ သီချင်းဆိုရင်း . . မြင်းစီးအက ကပြကြသည်။

“ရွှေဘိုမြင်းရယ်လေ၊ ခွာသံနှာသံ ပြင်းတယ်လေ . . လေ”

သီချင်းတစ်ပိုဒ်နှင့် အကတစ်ချီပြီးသွားသောအခါ ပရိသတ်ထဲမှ လက်ခုပ်တီး အားပေးသံများ ကြားရသည်။

“ဟုတ်ကဲ့ MMDC သင်တန်းသားတွေနော်၊ အဖွဲ့နာမည်ကိုက အဓိပ္ပါယ်ရှိပါတယ်၊ တစ်ယောက်ချင်း မိတ်ဆက်ပါဦး”

ဒီဒီး၊ နေဝင်းအောင်၊ ငြိမ်းချမ်းဝေ၊ သူသူ၊ နှုးညံ့တို့ မိတ်ဆက်ပေးအပြီးမှာ လယ်ဗယ်ဝမ်း ပြိုင်ပွဲဝင်ဖို့ ကစားနည်းကို ကွန်ပျူတာက ရွေးချယ်ပေးသည်။

ဂျပ်ဘူးထဲ ပိန်ပေါင်ဘောလုံးရှစ်လုံးထည့်ပြီး ခါးတွင်ချိတ်ကာ ခါထုတ်ရသော ကစားနည်းဖြစ်သည်။

ဒါကို သူသူ ကစားမည်ဖြစ်၏။

အချက်ပေးသံစသည်နှင့် သူသူခုန်ပေါက်သည်။

ခါယမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



တွန့်လိမ်သည်။

ဒီဒီးတို့ လေးယောက်က ထွက်ကျလာသော ပိန်ပေါင်များကို ရေတွက်ကြသည်။

အော်ဟစ်အားပေးပြီး ဘယ်လိုခုန် ဘယ်လိုခါဟု အကြံပေးကြသည်။

သူသူခုန်ပေါက်ခါထုတ်နေပုံက သွက်လက်လှပပြီး ကြည့်လို့ကောင်းနေသည်။

တူညီဝတ်စုံ အဝါရောင်စပို့ရှပ်နှင့် အနက်ရောင်ဘောင်းဘီကြောင့် ခန္ဓာကိုယ်အလှကလည်း ပေါ်လွင်ထင်ရှားနေသည်မို့ ကြည့်မိသည့် ဒီဒီးပင် ရင်တလှပ်လှပ် ဖြစ်ရသည်။

သူသူ (၄၅)စက္ကန့်နှင့်ပင် လယ်ဗယ်ဝမ်းကို အောင်မြင်သွား၏။

အားပေးသံတွေက ဝက်ဝက်ကွဲ. . .

"ပြိုင်ပွဲဝင်သွားတာ တအားကြည့်လို့ ကောင်းပါတယ်၊ လှလှပပ ကနေသလိုပါပဲ၊ ဟုတ်ကဲ့. . ဆုငွေတစ်သောင်းက ခိုင်မာသေချာသွားပါပြီ"

လယ်ဗယ်တူးအဖြစ်၊ နဖူးတွင် ရေတွက်စက်တပ်ပြီး ခေါင်းညိတ်ရသည့်ပြိုင်ပွဲကို ဒီဒီး ဝင်ပြိုင်သည်။

ဝိုင်းဝန်းအားပေးကြသည့် အဖွဲ့ဝင်ထဲတွင် သူသူ့အသံက အကျယ်ဆုံး၊ ဒီဒီး ခေါင်းတညိတ်ညိတ် လုပ်နေပုံက နတ်ကတော် နတ်ဝင်နေသလိုမျိုး. . ကြည့်နေသူတွေထံမှ ရယ်သံတွေ တသောသောထွက်လာသည်။

လယ်ဗယ်တူးမှာလည်း အသက်မကုန်ပဲနှင့် အနိုင်ရသည်။

ဒီဒီး၏ ခေါင်းညိတ်စွမ်းရည်က တစ်မိနစ်အတွင်း (၂၅၀)ဆိုတော့ တအားခေါင်းညိတ်နိုင်သည့် လွှတ်တော်အမတ်တချို့ထက် သာနေသေးသည်။







လယ်ဗယ်သရီးတွင် ရာဘာပူဖေါင်းကို လေမှုတ်၍ စက္ကူဖော့ခွက် ခြောက်လုံးစီကို ပူဖေါင်းထဲကလေနှင့်တွန်း၍ ပြုတ်ကျအောင် လုပ်ရသည်။ နှစ်ယောက်တွဲ ကစားရသည့်ပွဲမို့ နေဝင်းနှင့် ငြိမ်းချမ်း နှစ်ယောက်တွဲ ကစားသည်။ ယောက်ျားပီပီ မှုတ်အားကောင်းကောင်းနှင့် ပူဖေါင်းဖောင်းဖောင်းကြီးတွေလုပ်ပြီး ဖော့ခွက်တွေကို လေအားနှင့် တွန်းချကြသည်။

နောက်ပြောပြီး သူများကို ချောက်ချဖို့ အမြဲကြံစည်နေတတ်သည့် နေဝင်းအောင် လက်တွေ့သော ကစားနည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် စက္ကန့်လေးဆယ်နှင့် အောင်ပွဲဆင်ခဲ့၏။ အ ခွက်ပြောင်နှစ်ကောင် အောင်ပွဲခံသည့်အနေနှင့် ရွှေဘိုမြင်းရယ် ဂမ်းနမ် မြင်းရယ်ပေါင်းကာ ကပြတော့ ပရိတ်သတ် ပွဲကျသွားသည်။

လယ်ဗယ်ဖိုးကတော့ မီးတောင်ပေါက်ပြီး ချော်ရည်တွေ စီး ဆင်းလာသလိုမျိုး ကိုယ့်အရပ် အမြင့်လောက်မှ အောက်ခြေတွင် ချ ထားသည့် ကိုလာပုလင်းထဲ ရေဆူဆေးပြား ပစ်ထည့်ရသည့် ကစား နည်းဖြစ်သည်။ ဘာမှ ဝင်မကစားရသေးသော နူးညံ့နှင့် ဒီဒီးတွဲ၍ ကစားမည်ဟု ဆုံးဖြတ်၏။

ထိုကစားနည်းအတွက် အသင့်ပြင်ထားသည့် စင်ပေါ် ဒီဒီးနှင့် နူးညံ့တက်ရပ်သည်။ အချက်ပေးသံ မြည်သည်နှင့် အောက်မှပုလင်းကို ငုံကြည့်ပြီး ဆေးပြားလေးများ ပစ်ထည့်သည်။ တစ်ပြား၊ နှစ်ပြား၊ သုံး ပြား. . လုံးဝ မဝင်သေး။ သူသူတို့လည်း ဘယ်ဘက်နည်းနည်းရွှေ့ ညာဘက်နည်းနည်းရွှေ့နှင့် လမ်းညွှန်ကြသည်။ နှစ်ယောက်အပြိုင် ကြိုး စားသော်လည်း တစ်မိနစ်အတွင်း တစ်ပြားမှဝင်အောင် မတည့်နိုင်သ ဖြင့် လယ်ဗယ်ဖိုး ကျရှုံးသည်။

LIVE တစ်သက် ဆုံးရှုံးသွားခဲ့ပြီ၊ နူးညံ့အား ဝိုင်းဝန်းအားပေး ကြရသည်။ နောက်တစ်ကြိမ် ထပ်ကြိုးစားရန် တိုက်တွန်းသည်။ ဒီဒီးနှင့် နူးညံ့ လက်ဝါးချင်းရိုက်လိုက်သည်။ အထိအတွေ့ကြောင့် ဒီဒီး ဓါတ် လိုက်ခံရသလို ထွန့်ထွန့်လူးသွားသည်။

နူးညံ့တို့ နောက်တစ်ကြိမ် ကြိုးစားကြည့်သည်။ နူးညံ့ ကြိုးစား ကြိုးစားထားဟု အသံဝင်လုမတတ် အော်ဟစ်အားပေးသည်။ အားလုံး ၏ အားပေးမှုကြောင့် လားမသိ၊ နူးညံ့ပစ်ချသည့် ဒုတိယဆေးပြား လေးဝင်သွားကာ ပုလင်းထဲမှ အမြှုပ်တွေ ဆူပွက်စီးကျလာသည်။ ဒီဒီးပဲ ကျန်တော့သည်။ စိတ်ကို တည်ငြိမ်အောင် စုစည်းထိန်းချုပ်၍ တတိယ မြောက် ဆေးပြားလေးကို လွှတ်ချလိုက်သည်။





စွပ်ခနဲ အသံနှင့်အတူ အမြှုပ်တွေ တစီစီ လျှံတက်စီးကျလာ သည်။ လက်ခုပ်သံတွေ တဖြောင်းဖြောင်းထွက်လာ၏။ ဒီဒီးလည်း ဝမ်း သာအားရ ထခုန်လိုက်သည်။ နူးညံ့လည်း ပျော်သွားပြီး လက်နှစ်ဖက် မြှောက်ကာ ဒီဒီးနှင့် လက်ဝါးချင်း ရိုက်လိုက်သည်။ လက်ဝါးချင်း ရိုက်မိ နဲ့မက လက်ချောင်းကြားထဲ ပါဝင်သွားပြီး လက်တွေ ပတ္တာချိတ်ဆက် သလို အံဝင်ခွင်ကျ ဖြစ်သွားသည်။

ထိုသို့ လက်ချင်းမြဲမြဲထိသွားတာ ငါးစက္ကန့်လောက်သာ ရှိမည် ဖြစ်သော်လည်း ဒီဒီးအတွက်တော့ ငါးသန်းနှင့် ကမ္ဘာတစ်သိန်းမက တန်ဖိုးရှိသွားသည်။ မျက်ဝန်းချင်းအဆုံးတွင် စွဲလမ်းတပ်မက်မှု စွမ်းအင် များ ပို့လွှတ်လိုက်မိသည်။ ဒီဒီး၏အကြည့်ကို နူးညံ့မခံနိုင်တော့ဘဲ မျက်လွှာချသွားသည်။

ထိုငါးစက္ကန့်စာအဖြစ်ကို မြွေမြွေချင်း ခြေမြင်ဆိုသလို သူသူ မြင်တွေ့ပြီး နှုတ်ခမ်းစူသွား၏။ တစ်နိုင်ငံလုံး ဝိုင်းကြည့်နေကြသည်မို့ ဒီဒီး စိတ်ထိန်းပြီးနောက် လယ်ဗယ်အတွက် အာရုံစိုက်သည်။

ဂရန်ဒီ လယ်ဗယ်ဖြစ်သည့် လယ်ဗယ်ဖိုက်က ဆုကြေး တစ် သိန်းဖြစ်သည်။ အသက်နှစ်သက် ကျန်သေးသည်မို့ အားတက်သရော ဖြစ်နေကြသည်။ ဂိမ်းက ဆပ်ပြာပူဖောင်းမှုတ်၍ ပူဖောင်းတစ်ခုကို ဆယ်ပေခန့်အကွာမှ စက်ဝိုင်းကွင်းထဲအရောက် ပါးစပ်နှင့် လေမှုတ်၍ အရောက်ပို့ပေးရမည် ဖြစ်သည်။ သိပ်တော့ မလွယ်လှ။

ဒီပွဲကို အမှုတ်ကောင်းသော နေဝင်းအောင်ပဲ ယှဉ်ပြိုင်သည်။ ဆပ်ပြာပူဖောင်း များများရအောင်မှုတ်ပြီး ပူဖောင်းတစ်လုံးကို ရွေး၍ နေဝင်းအောင် လေမှုတ်ပြီး သယ်သွားသည်။ ပထမတစ်လုံးက စက်ဝိုင်း ကွင်းနားအရောက်မှာ ဖျတ်ခနဲ ပေါက်ထွက်သွား၏။

အောင်မြင်လုလု လက်မတင်လေးမို့ ဟာခနဲ ဟင်ခနဲ အသံ များ ထွက်လာသည်။ နေဝင်းအောင် ထပ်မှုတ်ပြန်သည်။ အစလျှော



www.burmeseclassic.com

www.burmeseclassic.com



ပြင်းသလား မမေးနှင့် ပူဖေါင်းတွေအများကြီး ထွက်လာသည်။ အဆေ ဆုံးရောက်သွားသည့် ပူဖေါင်းကို လေမှုတ်ပြီး ဆက်သယ်သွားသည်။

ပန်းတိုင်နီးလာလေ ရင်ခုန်သံပြင်းလာလေ ဖြစ်ရသည်။ နောက်ဆုံးတော့ နေဝင်းအောင် အောင်မြင်သွားသည်။ ဆုကြေးတစ် သိန်း ပိုက်မိပြီဖြစ်၍ အားလုံး ပျော်မဆုံးမော်မဆုံး ဖြစ်သွားကြ၏။ လယ်ဗယ်ဆစ်(ခ်)တွင် ရေထဲစိမ်ထားသည့် ဖန်ခွက်များထဲသို့ အဖျော် စေ့ဝင်အောင် ပစ်ထည့်ကစားရသည်။ ထိုပွဲကို သူတာဝန်ယူ ယှဉ်ပြိုင် သည်။

နောက်ထပ် အသက်တစ်သက် ဆုံးရှုံးပြီးမှ လယ်ဗယ်(စ်)တိုး နိုင်သည်။ ကျန်သည့် အသက်တစ်သက်နှင့် လယ်ဗယ်တင်း(န်)ထိ ရောက်မှာမဟုတ်သည့်အတွက် အားလုံးတိုင်ပင်ပြီး ပြိုင်ပွဲရပ်နားကာ ဆုကြေးနှစ်သိန်းကိုသာ ရယူလိုက်တော့၏။

တစ်ယောက်လေးသောင်း ပိုင်ဆိုင်ခွင့်ရသည့် သူတို့အုပ်စု စား သောက်ဆိုင်ဝင်ကာ ဟော့ပေါ့(တ်)မှာစားကြသည်။ သောင်းခြောက် ထောင်ကျသင့်သည့် အစားကောင်းအသောက်ကောင်းအတွက် ပြိုင်ပွဲ မှာ မပါသည့် ခိုင်ငြိမ်းစံကိုပါ ခေါ်လာပြီး ကျွေးမွေးသည်။

"အစားကောင်း အသောက်ကောင်းစားရတဲ့အခါ ချစ်သူကို သတိရကြတယ်တဲ့. . မင်းတို့ ဘယ်သူ့ကို သတိရလဲ ပြောကြစမ်း"

"ငါတော့ ဗိုလ်ချုပ်အောင်ဆန်းကိုပဲ သတိရတယ်"

ရယ်သံတွေ သောသောညံသွားသည်။

"ဟုတ်တယ်လေ ပဲပြုတ်နဲ့နံပြားကိုပဲ အစားကောင်းလုပ်စား သွားရတဲ့ တို့ဗိုလ်ချုပ် ဘယ်လောက်သနားစရာ ကောင်းလဲ၊ အဲဒါ ကြောင့် ငါကောင်းကောင်းစားရရင် ဗိုလ်ချုပ်ကိုပဲ သတိရတယ်"

ငြိမ်းချမ်းဝေ၏ အလေးအနက်စကားကို အားလုံးထောက်ခံ ကြသည်။ တစ်ခုခုငြိအောင် ခွင်ဆင်ပြီး စကားအစထုတ်ခဲ့သည့် နေဝင်း





အောင် လိုရင်းမရောက်သည့်အတွက် အလိုမကျဟန်နှင့်. . .

"မင်းဟာက သိပ်ကြီးကျယ်သွားပြီ၊ ငါတော့သူ့ကိုပဲ သတိရ တယ်"

နေဝင်းအောင်က စကားဖြင့်မပြောဘဲ အများသိအောင် အ ကြည့်နှင့် ခိုင်ငြိမ်းစံအား ညွှန်ပြသည်။ ခိုင်ငြိမ်းစံက တူတစ်ဖက် ခက် ရင်းတစ်ဖက်ကိုင်ရင်း နေဝင်းအောင်အား ထောင်ပြလိုက်တော့ ဝိုင်း ရယ်ကြ၏။

"ကဲ နေဝင်းအောင်မင်းရဲ့ အမှုတ်ပညာ အစွမ်းပြပြီး ဝယ် ကျွေးတဲ့အစားကောင်းကို ခိုင်ငြိမ်းစံက မျှမကျဘူးတဲ့ မင်းထပ်ရှုံးပြန်ပြီ"

"အေးကွာ နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေသလားတောင် မသိပါဘူး"

"အေး ကျွန်းခံတဲ့သူနဲ့ အိုက်တင်ခံတဲ့သူတွေ့တော့ နှစ်ယောက် သုံး အငတ်ဘေးဆိုက်တော့တာပေါ့၊ ဒါနဲ့နေပါဦး မင်းကရော ဘယ်သူ့ ကို သတိရလဲ ဒီဒီး"

ငြိမ်းချမ်း၏ အမေးကြောင့် ဒီဒီး ခေတ္တခဏ ကြောင်သွားကာ သူသူနှင့်နူးညံ့ကို လှည့်ကြည့်မိ၏။ မိန်းကလေးနှစ်ယောက် လှုပ်လှုပ် ရှားရှား ဖြစ်သွားကြသည်။ ဒီဒီးက ဟော့ပေါ့(တ်)အရည်တစ်ဇွန်း ခပ် သောက်လိုက်ပြီး. . .

"အဟဲ အမှန်အတိုင်း ပြောရမလား"

"ပြောပေါ့"

"အမေ့ကို"

ဒီဒီး အဖြေကြောင့် အားလုံး ဟင်ခနဲ ဟာခနဲဖြစ်ပြီးလှောင် ပြောင်ကြတော့သည်။ တစ်ယောက်နှင့်တစ်ယောက် စနောက်ပြီး နောက်တတ်ရာရာ ပြောဆိုကြရင်း သင်တန်းဆင်းပွဲတွင် ရိုက်ကူးပြသ မည့် နာရီဝက်စာဇာတ်လမ်းအကြောင်း ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းဇာတ်ကွက် ပိုကောင်းအောင် ဝိုင်းဝန်းတိုင်ပင်ပံ့ပိုး အားဖြည့်ကြသည်။ သရုပ်ဆောင်ရွေးမည့် အခန်းကဏ္ဍရောက်တော့ အရင်လို မဲပေးရွေးသည့်စနစ်ပဲ ကျင့်သုံးရန် အဆိုပြုသည်။ ထိုအခါ သူသူနှင့် နူးညံ့တို့ အကြည့်ချင်းအားပြိုင်တာကို တွေ့လိုက်ကြရသည်။

အင်း. . . နဂါးနှင့်ဂဠုန်တော့ ပြန်ဆုံဦးမည်လားမသိ။

ဒီတစ်ခေါက် ဇာတ်လမ်းတိုအတွက် လူရွေးချယ်တော့လည်း နူးညံ့ကပင် မဲအသာရခဲ့ပြန်သည်။ သူသူက သူ့မကျေနပ်မှုကို ခန်းမထဲမှ ထွက်သွားခြင်းဖြင့် ပွင့်ပွင့်လင်းလင်း ဖော်ပြခဲ့သည်။ မင်းသားအပြိုင်နှစ်လက်အတွက် ဒီဒီးနှင့် ကုလားဆင်ရုပ်ထွက်သူ အာကာအောင်ဒင်ကို ရွေးချယ်ခဲ့၏။

ဆရာများ၏ ကြီးကြပ်မှုမပါဘဲ သင်တန်းသားများသာ အစစတာဝန်ယူရမည်မို့ အကြိမ်ကြိမ် လေ့ကျင့်ပြင်ဆင်ရသည်။ သုံးရက်လောက်နှင့် အပြီးရိုက်မည်ဟု ရည်ရွယ်ထားသည်။

ရှုတင်နှစ်ရက်မြောက်နေ့မှာ ဖိုက်တင်တစ်ဆင်း(န်) ရိုက်ကြသည်။ ဇာတ်လမ်းအရ အာကာအောင်ဒင်နှင့် သူငယ်ချင်းက ဒီဒီးအား





ရန်စကာ ထိုးကြကြိတ်ကြသည့်အခန်း ဖြစ်၏။ ဦးစွာ လက်ကွက်များကို ကျေကျေညက်ညက်ဖြစ်အောင် ဇာတ်တိုက်ရသည်။ ရီဟာဇယ်သုံးကြိမ်လောက်လုပ်အပြီးမှာ Camera မပါဘဲ အလွတ်တိုက်ခိုက်ကြသည်။

ဖိုက်တင်နှစ်မျိုးလောက်အထိ ဖြောင့်လို့ဖြူးလို့ အလဲအကွဲအဆင့်ရိုက်ကူးသည့်အခါမှ ပြဿနာကတက်တော့သည်။ Fighting ထိုးစံအတိုင်း ပြုတ်ကျမည့်နေရာတွင် ခဲတွေကျောက်တုံးတွေ ချွန်ထက်သည့်အရာတွေ မရှိအောင်ရှင်းလင်းရသည်။ ဘယ်လိုကျမလဲ ကျောနှင့်လားရင်ဘတ်နှင့်လား၊ မျက်နှာနှင့်လား. . ဆိုတာ တိုင်ပင်ကိုက်သည်။

ကန်ချက်ထိပြီးပြုတ်အကျတွင် အကျမနာအောင် ဖော့ထိုး၍ လေ့ကျင့်သည်။ အားလုံးစိတ်တိုင်းကျမှ ရိုက်ကူး၏။ လှုပ်နေသောအရုပ်ကို ရိုက်မည်မို့ ကင်မရာမင်းငြိမ်းချမ်းဝေက HD ကင်မရာကို ပခုံးထမ်း၍အဆင်သင့်၊ အကူတစ်ယောက်ကလည်း ကင်မရာမင်း၏ ခါးကိုဆုပ်ကိုင်ကာ ရှောင်တိမ်းနောက်ဆုတ်ရာတွင် ကူညီဖို့ အသင့်ဖြစ်နေပြီ။

"5, 4, 3, 2, 1.Action"

မှတ်တမ်းသမား၏ အော်သံအဆုံးမှာ ဖိုက်တင်စသည်။ ဒီဒီးက ဘယ်ညာတွဲလက်သီးများသုံး၍ တိုက်ခိုက်လိုက်ရာ အာကာအောင်ဒင် နောက်ဆုတ်ရှောင်သည်။ သို့နှင့် ခြေအမြောက်ကန်ချက်နှင့် လှမ်းအကစ်မှာ ထိသွားပြီး အာကာ လေထဲတစ်ပတ်လည်၍ လဲကျသွားသည်။

လေ့ကျင့်ထားသည့်အတိုင်း ဖေါ်ထိုးပြီး လက်ထောက်၍ မျက်နှာနှင့်ကျအောင် ကြိုးစားသည်။ တွက်ထားသည့်အတိုင်း ဖြစ်၏။

သို့သော် လက်အထောက်မှာ သစ်ရွက်တစ်ရွက်ကို ဖယ်ရှားလိုက်သလိုဖြစ်ပြီး ထိုဖက်ရွက်အောက်က ပစ္စည်းတွေနှင့် အာကာ့မျက်နှာ မိတ်ဆက်သွားသည်။ လုပ်ရမည့်အိုက်တင် မကုန်ခင်မှာပင်. .

"ဟာ. . . ဘာတွေလဲ၊ ဟင် ခွေးချေးတွေ. . ဝေ့. . ထွီး"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမှာပေပွနေတာတွေ လက်နှင့်ယူကြည့်ပြီး ပြောလိုက်သည့်အာကာ့စကားကြောင့် မြင်ရသူအပေါင်း မရယ်ဘဲမနေနိုင်ကြတော့ ဟားတိုက်ရယ်သံတွေ ပွက်လောညံသွားသည်။

"ရယ်မနေကြနဲ့လေ လုပ်ကြပါဦးဟ"

ခွေးချေးပေအာကာ၏ အကူအညီတောင်းသံကြောင့် ရယ်နေကြတဲ့သူတွေ အားနာပါးနာရပ်ပြီး ရေခပ်ပေးသူခပ်ပေး ဆပ်ပြာရှာသူရှာပေးနှင့် အလုပ်ရှုပ်သွားသည်။ ရှုံ့မဲ့ပြီး မျက်နှာသစ်နေသည့် အာကာ့ကိုကြည့်ရင်း မိတ်ကပ်မာမီဥာဏ်(ကျောက်ကုန်း)က. . .

"သူငယ်လေးရယ် မာမီ့မိတ်ကပ်ကောင်းလို့ အားလုံးက ဆွဲစားချင်နေကြတာ. . အဌာတိုလာ နိုမေနီနဲ့တူတယ် ဆိုပြီးတော့၊ အဲလေ ဟုတ်ပေါင် မီးသွေးနဲ့တူတယ်ဆိုပြီး ခိုက်နေကြတာ. . ဒါကိုမကျေနပ်လို့ ခွေးချေးမိတ်ကပ် ထပ်လိမ်းရတာလား"

"ဟား. . နံရတဲ့ကြားထဲ မာမီကတစ်မှောင့်"

အာကာတင်းသွားပြီး ခွေးချေးသန့်စင် မျက်နှာသစ်လက်စလက်ညစ်ပတ်ကြီးနှင့် မာမီ့ကိုလိုက်သုတ်၍ လှည့်ပတ်ရှောင်တိမ်းရင်း ရှုတင်မှာ အုန်းအုန်းထသွားပြန်သည်။ ထိုအဖြစ်ကြောင့် တော်တော်နှင့်ဈာန်ပြန်သွင်း၍မရဘဲ ရှုတင်တစ်နာရီလောက် နားလိုက်ရသည်။

ပြန်ရိုက်တော့ စောစောက ဖိုက်တင်ကိုဆက်သည်။ နေရာပြောင်း၍ အာကာပြုတ်ကျတာ ပြန်ရိုက်သည်။ အထိတွေ အကျတွေ INTER ပြန်ဖောက်သည်။ ပြီးတော့နောက် တစ်ချိုးဆက်ရိုက်သည်။

အာကာ့ဘော်ဒါ ဝင်းပိုင်က ခြေသုံးချက် ဆင့်ကန်သည်။ ဒီဒီး လက်နှင့်ကာ၍ ပုတ်၍ရှောင်၏။ ဒီအခါမှာလည်း အကြိမ်ကြိမ် ကျင့်ထားသည့်ကြားက ကန်တာကလွဲ ကာတာတလွဲဖြစ်ပြီး ဒီဒီးပေါင်ကြားကို ခြေထောက်ကတန်းဝင်လာ၏။ ဒီဒီး မရှုနိုင်မကယ်နိုင်ဖြစ်သွားကာ ဆီးစပ်ကိုနှိပ်ရင်း ကုန်းကုန်းကိုင်းကိုင်းကြီး ဖြစ်နေသည်။





"အမလေး လူညွှန့်တုံးပါပြီတော်"

လူကြားသူကြားထဲ အရှက်ကွဲရသည့်အထဲ မာမီ့စကားကြောင့် ဒီဒီးမျက်နှာကြီး မည်းသွားသည်။ ဒီဒီးအဖြစ်ကိုကြည့်ပြီး သူသူနှင့် နူးညံ့တို့ သတင်းမေး အားပေးချင်သော်လည်း 'ဘယ်နားနာသွားလဲ မေးရမှာလား'. . 'နေသာရဲ့လား' မေးရမလား မသိသဖြင့် စိတ်ပူပူနှင့်ပင် အကြည့်လွှဲထားကြရ၏။

ပျာပျာသလဲ ပြုစုကုသမည့်သူက မာမီဥာဏ်တစ်ယောက်သာရှိသည်။ အပြေးအလွှား အနားကပ်လာရင်း မျက်နှာပြောင်ပြောင်နှင့်ပင်. . .

"ဖြစ်တဲ့နေရာ နှိပ်ပေးရမလားဟင်"

"အား. . မာမီရာ မနောက်ပါနဲ့ ဒီမှာအသက်တောင် မရှုနိုင်ဘူး"

အတွေ့အကြုံများသူ တစ်ယောက်က ရေသန့်ရေခဲထုပ်တစ်ထုပ် ယူလာပြီး ရေခဲကပ်ထားရန် ပြောသည်။ မာမီက သူရေခဲ အုံ့ပေးမည်ဟု အတင်းဝင်ပြောနေ၍ ဒီဒီး ရေခဲထုပ်ယူပြီး ရေအိမ်ထဲ သွားထိုင်နေရသည်။

ဆယ့်ငါးမိနစ်လောက် ရေခဲကပ်ပြီးမှ အနေအထား မှန်သွားသည်။ ဒီဒီး ရေအိမ်ထဲက ထွက်လာတော့ အားလုံးက လက်ခုပ်တီး၍ သူရဲကောင်းတစ်ယောက်လို ကြိုဆိုသည်။ ဒီဒီးလည်း ရှက်မနေတော့ဘဲ သွားဖြဲပြကာ ဖိုက်တင်ဆက်ရိုက်ခဲ့ရသည်။



www.burmeseclassic.com

ဒီနေ့ ဒီဒီးတို့ ဇာတ်လမ်းတို့ ရှုတင်နောက်ဆုံးနေ့ ကောက်သင်းကောက်လက်ကျန်လေးများနှင့် Ending သာ ရိုက်စရာကျန်တော့သည်။ ကျန်ဖြတ်လေးများ ဖြတ်ပြီးသောအခါ Happy Ending ရိုက်ကူးရန် အင်းယားကန်ပေါင်သို့ ထွက်လာခဲ့ကြ၏။

သမီးရည်းစားတွေ ပြေလည်သွားပြီး ချစ်ခန်းကြိုက်ခန်း ရိုက်ရမည်ဆိုတော့ ဖက်တာတွေ ကြည်နူးရွှင်မြူးတာတွေ ပါလာမှာပဲဟု တွေးရင်း ဒီဒီးရင်ခုန်နေသည်။ အင်းယားကန်ပေါင်လို လူစည်သောနေရာမှာ ချစ်ရကြိုက်ရမည်ဆိုတော့ သရုပ်ဆောင်အစစ်မဟုတ်သည့် သူတွေ နည်းနည်းတော့ ရှိန်နေကြ၏။

Location ရှားပါးမှု၊ ကုန်ကျစရိတ် ချွေတာရမှုတို့ကြောင့် ဖြစ်သလိုရိုက်နေရသည့် ကာလမှာ ရှိတာနှင့်ဖြစ်အောင်ရိုက်ပြီး ရောင့်ရဲတတ်ဖို့ကိုလည်း အထူးလေ့ကျင့်စရာမလိုအောင် တတ်မြောက်ခဲ့ကြပြီ ဖြစ်သည်။

အစစအရာရာ ပြင်ဆင်ပြီးတော့ ဒီဒီးနှင့်နူးညံ့ လက်တွဲပြီး ကြည်ကြည်နူးနူး လမ်းလျှောက်ပုံကို Long Shot နှစ်ချိုးရိုက်သည်။

ဒါရိုက်တာ နေဝင်းအောင်က သဘောမကျ. . .

"ဟိတ်ကောင် ဒီဒီး မင်းဘယ်လိုဖြစ်နေတာလဲ၊ ကျရဇာတ်ရှိ





တို အပီအပြင်လုပ်လေ၊ မင်းတို့ သမီးရည်းစား တွဲလျှောက်တာ မပီပြင်ဘူး၊ ကြည်နူးစရာမကောင်းဘူး၊ ရည်းစားနဲ့လျှောက် လည်နေသလိုမျိုး မခံစားရဘူး၊ ရွာကအလည်လာတဲ့ ကြီးတော်ကြီးကို ဘုရားဖူး လိုက်ပို့နေသလိုပဲ"



နေဝင်းအောင်၏ ပျစ်ပျစ်နှစ်နှစ် အပြောကြောင့် ဒီဒီးတင်းရည့်အစား တဟားဟား အော်ရယ်မိသည်။ သူကလည်းသူကိုး နူးညံ့၏ အလှတရားမှာ စူးစိုက်ပျော်ဝင် ချစ်ကြည်ချင်သည့် စိတ်အခံ ရှိနေသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အခွင့်အရေးယူသူဟု ထင်သွားမှာစိုး၍ ထိန်းချုပ်နေရာမှ အိုတ်တင်တွေ လွဲကုန်တာပဲ ဖြစ်သည်။

"ပြန်ရိုက်မယ် Lighting က သိပ်မရှိတော့ဘူးနော် သေချာလုပ်"

"အေးပါ နေဝင်းအောင်ရာ၊ နူးညံ့ကို ငါချစ်သူ မင်းညီမအရင်လို သဘောထားပြီး ပီပြင်အောင် သရုပ်ဆောင်ပါ့မယ်"

"မင်းဟာမင်း ဘယ်လိုပဲ စိတ်သွင်းသွင်း သဘာဝကျဖို့ပဲ ရှိတယ်၊ အိုင်ကျူဗေးရှင်းမှာ မျက်မှန်လုပ်မယ့် အမေအိုကို တွဲခေါ်လာတာမျိုး မဖြစ်ရင် ပြီးတာပဲ"

ဝိသာလေးနှင့်ဘေးပစ်သည့် နေဝင်းအောင်၏ စကားကို သင်တန်းသားတွေ သဘောကျစွာ တဟားဟား ရယ်ကြသည်။ ဒီဒီးနှင့်နူးညံ့ အစက ပြန်စရသည်။ ဒီဒီး တောင်းပန်စကား ကြိုပြောမိ၏။

"ဒီကောင် မကြိုက်မချင်း မောင်းနေမှာ နူးညံ့တစ်ခါတည်း ပီပြင်အောင်လုပ်မှ အချိန်ကုန်သက်သာမှာ ဒါကြောင့်ဟိုလေ"

"သဘောပေါက်ပါတယ် ဒီဒီးရယ် တကယ့်ချစ်သူတွေလို စိတ်သွင်းပြီး အကောင်းဆုံး သရုပ်ဆောင်ပါ အားမနာနဲ့"

"အိုကေ"

ဒီဒီး ချစ်သူနှင့်တွဲပြီး လျှောက်လည်သလို စိတ်သွင်းကာ သရုပ်ဆောင်သည်။ နူးညံ့လက်ကိုဆွဲ၍ ပြုံးပျော်ရွှင်မြူးစွာ ပြေးသည်။ ချစ်သူ၏ ပါးဖောင်းဖောင်းလေးကို လက်ညှိုးနှင့် ထိုးကြည့်သည်။ အလှစိုက်ပန်းပင်မှ ပန်းတစ်ပွင့်ကို အလစ်တွင်ခူးကာ ချစ်သူကို ပန်ပေးသည်။

စိတ်မထိန်းနိုင်ဟန်နှင့် လှမ်းဖက်သည်။ နူးညံ့က လှပစွာရှောင်၍ ထွက်ပြေးသည်။ ဒီဒီး လိုက်ဖမ်း၏။

"Cut.....very good shot.."

နေဝင်းအောင်ထံမှ အော်သံကြီးထွက်လာမှပဲ သရုပ်ဆောင်





တာကို ရပ်လိုက်သည်။ နေဝင်းအောင်နှင့် မော်နီတာရှိရာသို့ လာခဲ့ကြ၏။ ရိုက်ခွေကို ပြန်ရစ်ပြီး ကြည့်သည်။ အားလုံးက ကောင်းတယ်တု ချီးကျူးသည်။ ဒါကိုကြည့်ပြီး အံ့ကြိတ်တောက်ခေါက်မိသူက သူသူ တစ်ယောက်ပဲ ရှိမည်ထင်သည်။

"ဟုတ်ပြီ ဆက်ရိုက်မယ် အတူတူလျှောက်လာပြီး ကမ်းစပ်က ခုံတန်းမှာ ဝင်ထိုင်မယ် ရေပြင်ကျယ်ကြီးကိုကြည့်ရင်း စကားတွေပြောမယ် Silent shot ပဲ ပြောချင်ရာပြော ပါးစပ်လှုပ်နေရင်ပြီးရော၊ နောက်ဆုံးမှာ နူးညံ့ကို မင်းရင်ခွင်ထဲ ဆွဲသွင်းမယ် ချစ်ရည်လူးတဲ့ အကြည့်တွေနဲ့ ရွှန်းရွှန်းစားစား ကြည့်မယ်၊ အဲဒီမှာ Zoom in မယ်. . Big Close အရုပ်ကြီးနဲ့ဆုံမယ်. . ဒါပဲ"

"အင်း. . ဒါပဲမို့လား၊ ရပြီလား. . နူးညံ့"

နူးညံ့ကိုခေါ်၍ ကန်စောင်းမှခုံတန်းသို့ လျှောက်လာခဲ့သည်။ Camera ဖရိန်ချတာ ခဏစောင့်ရင်း နူးညံ့မျက်နှာကို တို့ပတ်ရိုက်ပေးမိသည်။ ဒါကို သူသူ လှမ်းကြည့်နေတာမြင်မှ ဒီဒီး ဣန္ဒြေဆယ်ရ၏။ ကင်မရာနှင့် မှန်များချိန်ပြီးသောအခါ စောစောက လမ်းလျှောက်လာသည့်အရှိန်မှ စကာခုံတွင် ဝင်ထိုင်သည်အထိ တစ်ချိုးရိုက်ကူးသည်။

ခုံတန်းမှာထိုင်ပြီးတော့ Camera angle Change ပြီး Long shot မှ Slow zoom in သည်။ Bust ကိုယ်တစ်ပိုင်းလောက်တွင် Zoom in on ရပ်လိုက်သည်။ နေဝင်းအောင်မှာထားသမျှ ဒီဒီးတစ်ခုချင်း လုပ်သည်။ နူးညံ့က သူ့ကိုမော့ကြည့်သည်။ အနမ်းတစ်ပွင့် ငံ့လင့်နေသလိုမျိုး။

ဒီဒီး မလုပ်ရဲ၊ အကြည့်ချင်းတောင် မဆိုင်ရဲ၍ ရေပြင်ရှိရာ လှမ်းကြည့်ပြီး တောင့်တောင့်ကြီး ဖြစ်နေ၏။

"Ho...Ho...Cut"

နေဝင်းအောင် ဒေါ်နှင့်မောနှင့် ရောက်လာပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပယ်ပယ်နယ်နယ် ပြောပြန်၏။

"ဟော့ကောင် မင်း အတွဲချောင်းဖူးတယ်မို့လား"

"ဘာလဲကွာ ဘာတွေလာပြောနေတာလဲ"

"အတွဲတွေက မင်းလိုပဲလား ရွှန်းရွှန်းစားစား ကြည့်ပါဆိုတာ ရေကန်ကို လှမ်းကြည့်တယ်၊ ချစ်ရည်လူးတဲ့ အမူအရာ လုပ်ခိုင်းတာကို ချေးတွေလူးနေတဲ့ မျက်နှာနား ကပ်ခိုင်းတာ ကျနေတာပဲ တွန့်ဆုတ်တွန့်ဆုတ်နဲ့ ပြန်ရိုက်မယ်"

"5,4,3,2,1 Take one action"

ဒီဒီး နောက်တစ်ခါ သရုပ်ဆောင်ရပြန်သည်။ အပြောအဆို မခံနိုင်တော့သဖြင့် နူးညံ့ကို ကိုယ်ချစ်သူအဖြစ် သဘောထားပြီး ပီပီပြင်ပြင်လှုပ်ရှားသည်။ action ဆိုသည်နှင့် နူးညံ့ပခုံးကို ဖက်လိုက်သည်။ အမှန်တကယ် ငါ့ရည်းစားဖြစ်ရင် ကောင်းမှာပဲဆိုသည့် အတွေးနှင့် ကြည့်သည်။ ပခုံးပေါ် ဝဲကျနေသည့် ဆံနွယ်လေးများကို နမ်းရှိုက်လိုက်သေးသည်။

နေဝင်းအောင်ထံမှ ဘာသံမှထွက်မလာ။ ဒီဒီး ရှာန်ဝင်သွားပြီး နူးညံ့မျက်နှာကို ဂေါ်ရင်ဂျီအကောင်တစ်ရာအားနှင့် ရှိုးသည်။ မျက်နှာချင်း ထိလုမတတ်အထိ တိုးကပ်လိုက်သည့် အခါမှာတော့. . .

"Cut...Cut...Okay ရပြီ"

နေဝင်းအောင်၏ အသံပြကြီးကြောင့် ဒီဒီး ဆန့်တငန့်ငန့်ဖြစ်သွားသည်။ နူးညံ့လည်း ခုမှ ရင်တုန်တာပြေသွားဟန်နှင့် ထရပ်လိုက်သည်။

"အိမ်း. . ငါမကျွယ် သေဖွယ်ရာသာ ရှိတော့သကိုး"

"ဘာလဲကွာ ဘာလဲ ပြန်ရိုက်ဦးမလို့လား"

"No. . No. . မရိုက်ဘူး မင်းလုပ်သွားတာ ကွက်တိပဲ ပီပြင်တယ်၊ နောက်တစ်ခါထပ်ရိုက်ရင် မင်းတကယ်နမ်းတော့မှာ ငါသိတယ်





အဲဒါကြောင့် Cut လိုက်ရတာ. . မဟုတ်ရင် နူးညံ့ရေတိမ်နစ်ပြီ"

"မင်းကွာ လျှော့တော့လည်း လျှော့လို့. . ကောင်းတော့လည်း ကောင်းလို့နဲ့ သိပ်ချေးများတာပဲ"

"အဟီး. . မင်းက အရမ်းစိတ်ပါနေတာကိုးကွ ကိုနေတိုးကျနေတာပဲ"

သမီးရည်းစားခန်း အပီအပြင် သရုပ်ဆောင်နိုင်၍ အားလုံးက မလိုတမာ ချီးကျူးကြသည်။ ပီပြင်မှာပေါ့ ကောင်းမှာပေါ့. . ဒီဒီးတစ်ယောက် နူးညံ့ကို တကယ်ချစ်မိသွားပြီကိုး။ သူ့နှလုံးသားတစ်ခုလုံးလည်း အိမ်မြှောင်သားဖွားခန်း ဖြစ်သွားပြီလား မပြောတတ်၊ အိမ်မြှောင်ဥအပြည့်နှင့် နှလုံးသားက တဆတ်ဆတ်တုန်လို့. . ခုန်လို့. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၈)

သင်တန်းဆင်းပွဲတွင် သူတို့ရိုက်ကူးထားသော ဇာတ်လမ်းတိုလေးကို ပြသသည်။ သင်တန်းအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ချီးကျူးစကား ပြောသည်။ ယနေ့အချိန်ကာလလို မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေးနှင့် ဗုဒ္ဓဘာသာဝင်များ ကိုယ့်ဘာသာ သာသနာကို စောင့်ရှောက်ရန် အထူးလိုအပ်နေချိန်မှာ ဘာသာခြားကို စော်ကားတာမျိုး တစ်ကွက်မှမပါဘဲ အမျိုးစောင့်တရား ထွန်းကားရေးကို ဖော်ကျူးနိုင်ကြောင်းချီးမွမ်းကြသည်။ နောက်တစ်ပတ်တွင် အလုပ်





ခန့်မည့်သူများကို ကြေညာပေးမည်ဖြစ်ကြောင်း ပြောဆိုကာ သင်တန်းဆင်းပွဲကို နိဂုံးချုပ်ခဲ့သည်။

သင်တန်းဆယ်လ ပြီးဆုံးသွား၍ ဒီဒီးတို့အုပ်စုရင်ထဲ ဟာတာတာ ဖြစ်နေကြသည်။ နေ့စဉ်ရောက်တော့မှာ မဟုတ်သဖြင့်. . ညနေဆောင်းမှ ပြန်ကြရန် အဆိုတင်သူက တင်သည်။ ထောက်ခံသူကလည်းများ၍ သူတို့ခြောက်ယောက် စားသောက်ဆိုင် ထိုင်ဖြစ်ကြသည်။ စားရောတွေ စိတ်ကြိုက်မှာပြီးသည်နှင့်. . .

“အင်း ငါ့ဇာတ်လမ်းထဲကလို အပြင်မှာပါ မင်းတို့နှစ်ယောက် အိုကေသွားရင် ကောင်းမယ်”

“ဟာ. . . ဟေ့ကောင်”

“ငါ. . . အကောင်းပြောတာ မင်းတို့နှစ်ယောက် အရမ်းလိုက်ဖက်တယ်”

နေဝင်းအောင်က ဒီဒီးနှင့်နူးညံ့ကိုကြည့်ကာ တည်တည်တံ့တံ့ပြောနေသည်။ သူသူမသိမသာအံကြိတ်ထားသလို နူးညံ့ခေါင်းငုံ့နေ၏။

“ဟေ့ကောင် မင်းရဲ့နောက်ချင်ပြောင်ချင်တဲ့ သောက်ကျင့်ကို နှန့်လွှတ်လိုက်ပြီဆို”

“အခု ငါနောက်နေတာမှ မဟုတ်တာ၊ တကယ့်စိတ်ရင်းနဲ့ ပြောနေတာ”

တားကာမှ ပိုဆိုးနေသဖြင့် ဒီဒီး စကားလမ်းကြောင်း လွှဲလိုက်ရသည်။

“ကဲပါ အဲဒါအသာထား နောက်အပတ်ဆို အလုပ်ခန့်တဲ့စာရင်း ကြေညာမယ်တဲ့၊ ဒီတော့. . ပါရင် ဘာလုပ်မယ်၊ မပါရင် ဘာဆက်လုပ်မယ်ဆိုတာ ပြင်ဆင်ထားရင် မကောင်းဘူးလား”

“တော်ပါကွာ ရင်တုန်လွန်းလို့ ငွေကုန်ခံ အချိန်ကုန်ခံပြီး ပညာသင်ခဲ့ရတာ ဘာမှဖြစ်မလာရင် ကွဲပြီ အလုပ်ရမှ ဖြစ်မှာကွာ”



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ. . အဲဒါ လူတိုင်းရဲ့ ဆန္ဒပဲမဟုတ်လား ငြိမ်းချမ်း ဒါပေမဲ့ သင်တန်းသားတိုင်းတော့ အလုပ်မရနိုင်ဘူးလေ"

"အင်း. . . ကံဆိုးသူမောင်ရှင်ဖြစ်ရင် အိမ်ကနှင်ချမှာ"

"နင်တို့ကလေ ယောက်ျားဖြစ်ပြီး ညည်းလိုက်ကြတာလွန်ရော"

"ဟ. . ညည်းရတာပေါ့၊ တို့က ယောက်ျားတွေလေ အလုပ်မရှိ လို့ မဖြစ်ဘူး၊ ညည်းတို့ကတော့ ဘာပူစရာလိုမှာလဲ. . . အချိန်တန် ယောက်ျားလုပ်စာ ထိုင်စားရမယ့်ဟာ"

နေဝင်းအောင်က မိန်းကလေးအုပ်စုကို ဖွဲ့၏။

ခိုင်ငြိမ်းစံက ငြိမ်မခံ။

"သိပ်မဖေါနဲ့ နေဝင်းအောင်၊ ဒီခေတ်မှာ ယောက်ျား မိန်းမ ဒိုးတူပေါင်ဖက်ယှဉ်ပြီးလုပ်မှ ထမင်းဝတာ၊ မိန်းမတွေ လင်ယူပြီး ထိုင် စားရတဲ့ခေတ်ဆိုတာ မရှိတော့ဘူး"

"ဟဲ. . ဟဲ. . မှန်တယ် နေဝင်းအောင် မဟာပုရိသဝါဒဆို တာ မြောင်းထဲမှာ. . နင်တို့ သိပ်မာန်တက်မနေနဲ့"

"ဒီမယ်သူသူ နင်တို့ မြန်မာပြည်မှာ မိန်းမဖြစ်ရတာ အရမ်း ကောင်းတယ်နော်၊ တစ်ချို့နိုင်ငံတွေမှာဆို မိန်းမတွေ စာသင်ဖို့အခွင့် အရေးရအောင်တောင် မနည်းတောင်းဆိုရမှာ"

"မည်သို့ပင်ဖြစ်စေ သားကိုသခင် လင်ကိုဘုရားတဲ့၊ အဲဒီဆုံးမ စကားနဲ့အညီတော့ နင်တို့နေရမှာပဲ ဘာမှနှုတ်လှန်ထိုးမနေနဲ့"

"အောင်မာ. . အောင်မာ. . နင်တို့သာ မိန်းမရှိဦး သွားမကျိုး နေဖို့ကြိုးစား"

"ရှိဦးဖို့ မိန်းမမှရှိသေးဘူး ခိုင်ငြိမ်းစံ၊ နင့်ကိုငါကန်တော့ယူ ရမလားဟင်"

"အကောင်စုတ်"

ခိုင်ငြိမ်းစံက CoCaCola ဘူးလွတ်ဖြင့် နေဝင်းအောင်အား





ပစ်ပေါက်သည်။ အရှောင်ကောင်း၍သာ နဖူးရှောင် သက်သာသွားခြင်း ဖြစ်သည်။

"ကဲ. . ရန်ဖြစ်မနေနဲ့ ပြန်ချစ်လိုက်ကြ"

ငြိမ်းချမ်းအပြောကို ခိုင်ငြိမ်းစံက လက်ဝါးထောင်ပြခြင်းဖြင့် တုံ့ပြန်သည်။ ဒီဒီး ကြားဝင်ဖျန်ဖြေရ၏။

"ကဲကဲကဲ. . . တော်ကြပါတော့ အနာဂတ်ကိစ္စပဲ ခေါင်းထဲ ထည့်ကြကွာ၊ မိုးမပြိုဘူး ပြိုခဲ့သည်ရှိသော် ဆိုသလို၊ အလုပ်ရရင် ပြဿ နာမရှိဘူး မရရင်ဘာလုပ်မလဲဆိုတဲ့ ပလင်(န်)ချထားရမယ်၊ ဥပမာ အားလုံးစုပြီး ရိုက်ကူးရေးအဖွဲ့ထူထောင်ပြီး အလျှမ်းမင်္ဂလာဆောင် ရိုက် မလား၊ ကြော်ငြာလုပ်ငန်းတွေ လက်ခံမလားဆိုတာ စီစဉ်ထားရမယ်"

"အဲဒါက အပြောလွယ်သလောက် ငွေအင်အားတောင့်မှဖြစ် မှာ၊ နေစမ်းပါဦး ဒီဒီး မင်းဘာလို့ ဒီလောက် အားပါနေရတာလဲ မိန်းမ သူတော့မလို့လား"

"အဟင်း အလုပ်သာရခဲ့ရင် ရည်းစားထားဖို့ စဉ်းစားတော့ မယ်ကွာ"

ဒီဒီးက နူးညံ့ကို စေ့စေ့ကြည့်ရင်း ပြောလိုက်၍ နူးညံ့ခေါင်းငုံ့ သွားသလို သူသူလည်း မျက်စောင်းလှမ်းထိုးသည်။

"ဒါဆို နင်တို့မိန်းကလေးတွေ ဝင်ပြီးတန်းစီထားသင့်တယ် နော်. . ဒီဒီးက ရှယ်ကောင်"

"အောင်မာ. . ရှယ်ဆိုတော့ ဘာလုပ်ရမှာလဲ"

"ဟာ. . နင် ဒီကောင့်အရည်အချင်းကို မသိဘူးလားသူသူ. . တစ်မိနစ်အတွင်း အကြိမ်(၂၅၀)ခေါင်းညိတ်နိုင်တဲ့ကောင်နော်၊ မိန်းမ ရှေ့ရင်လည်း ဘာပြောပြော ခေါင်းညိတ်နေမှာ"

"အဲ. . ဟုတ်သားပဲ၊ အဲဒါကို မေ့နေလိုက်တာ ဒါဆို တကယ့် ရှယ်ယောက်ျားပေါ့၊ ဟုတ်ပြီ သူသူ တန်းစီမယ် လျှောက်လွှာတင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း. . ဘာလဲ ငါ့ကို ထောင့်ငါးရာတန်ဖုန်းလို သဘော ထားနေတာလား သူသူ"

ဒီဒီး ဟာသဖောက်လိုက်၍ ထိုစကားက ပေါ့ပေါ့ပါးပါးနှင့်ပြီး ပြတ်သွား၏။ လောကကြီးကို ရင်ဆိုင်ဖို့ အတတ်ပညာ အသင့်အတင့် ရှိတော့လည်း. . ထိုပညာကို အသုံးချပြီး အလုပ်ရဖို့ မသေချာသည်က ပြဿနာ. . . အဲဒါကမှ တကယ့်ပြဿနာ။

**တစ်**ပတ်ဆိုသည့်ကာလက ဖင်လှည့်ခေါင်းလှည့်နှင့် ပြီးသွားသည်။ ဒီဒီးတို့အုပ်စု MRTV 4 မှာ အလုပ်ရခဲ့ကြပြီ၊ မျှော်လင့်ချက်များ ပြည့်ဝခဲ့ရသဖြင့် ပျော်မဆုံး ဖြစ်ကြရ၏။ သို့သော် ခိုင်ငြိမ်းစံက သူတို့ အုပ်စုနှင့် ကွဲပြီး SKY NET သို့ ပါသွားသည်။ သူတို့သင်တန်း အ ပတ်စဉ်မှ(၁၀)ယောက် အလုပ်ဝင်ခွင့် ရခဲ့ကြ၏။

ခုတော့ဖြင့် MRTV, MRTV 4 တို့အပြင် တခြားဆက်စပ် ရုပ်သံလိုင်းများဖြစ်သော FOR CHANNEL တို့တွင် သတင်းကြေငြာ သူ၊ အစီအစဉ်တင်ဆက်သူ၊ အင်တာဗျူးမေးမြန်းသူများအဖြစ် တာဝန် ယူခဲ့ရပြီဖြစ်သည်။ အနာဂတ်ဘဝက လမ်းစ ရေးတေးတေး ပေါ်လာပြီ ဖြစ်၍ နှလုံးသားဖွံ့ဖြိုးမှု ကော်မရှင်ဖွဲ့ရန် စိတ်ကူးယဉ်နေမိတော့သည်။





လမ်းထိပ်ထိလာကြိုသော MRTV 4 စာတန်းပါ MINI BUS ပေါ် ဝှဲကြွားစွာ တက်လိုက်သည်။ နူးညံ့က ကားပေါ်မှာပါလာပြီးဖြစ်သည့် စီနီယာမမ တစ်ယောက်နှင့် အတူတွဲထိုင်နေသည့်အတွက် ဒီဒီး အနား ကပ်လို့မရတော့။

ဒီဒီး နေရာလွတ်တွင် ဝင်ထိုင်ကာ ဖုန်းထုတ်လိုက်သည်။ သူ၏ htc ဖုန်းမှ ပီတာချူးခေါ် ဝင်းသန်း၏ နည်းပညာများကိုသုံး၍ နူးညံ့ထံ မက်ဆေ့ချ်ပို့လိုက်သည်။ "နေဝင်းအောင် ပြောခဲ့သလိုပဲ ပြောတော့မယ် ကိုယ့်သွားတွေ သိပ်မကောင်းဘူး အရွယ်မတိုင်ခင် သွားမကျိုးအောင် နူးညံ့ကို ရှိခိုးချင်တယ်" စာတိုပို့သည် ဆိုသော်လည်း စာက မဆိုစ လောက် ရှည်သွားသည်။

သူစိတ်ရှည်ရှည်နှင့် ပြန်စာကိုစောင့်သည်။ (၁၀)မိနစ်လောက် ကြာမှ သူ့ဖုန်းမှ အလန်း(မ်) မြည်လာ၏။ အဆောတလျင် ဖတ်ကြည့် လိုက်သည်။ စာက တကယ့်တိုတိုကလေးမှ တိုတိုလေး. . "သေလိုက်" တဲ့. . ဒီဒီး ခွီးခနဲ ရယ်မိသည်။ နူးညံ့ရှိရာ လှမ်းကြည့်မိရာ မျက်စောင်း လှလှကို ကံစမ်းမဲအဖြစ် ရလိုက်၏။

ဒီဒီး သဘောကျစွာ ရယ်မိသည်။ ထိုစဉ် ကားရပ်သွား၏။ ကားပေါ်သို့ သူသူ တက်လာသည်။ ဒီဒီးဘေးမှာ နေရာလွတ်နေတာမြင် တော့ ခပ်သွက်သွက်လျှောက်လာပြီး ဝင်ထိုင်၏။ ဒီဒီးအနည်းငယ် စိတ် လေသွားသည်။ သို့သော် လုပ်ဖော်ကိုင်ဘက်များမို့ မကောင်းတတ်၍ ပြုံးပြလိုက်သည်။

"ကိုဒီး ဘာစားပြီးပြီလဲ"

"အင်း. . . ထမင်းကြော် ကြက်ဥကြော်နဲ့ ကော်ဖီ"

"ဟင်း. . ကိုဒီးကလည်း ဒီလိုဆို ဘယ်လိုလုပ် ထပ်စားနိုင် တော့မှာလဲ သူသူက မုန့်တွေထည့်လာတာ"

"အမလေး. . ရုံးမှာ အငတ်တွေအများကြီး၊ ငြိမ်းချမ်းတို့ နေ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းတို့"

"တော်ပါ. . ခွေးပဲ ကျွေးလိုက်တော့မယ်"

သူသူ စိတ်ကောက်သွား၏။ မတတ်နိုင် သူနှလုံးသား ကျန်းမာရေးအတွက် လိုအပ်သောအာဟာရမှာ နှုးညံ့သာဖြစ်သည်။ နှုးညံ့အား ပွင့်လင်းစွာ ချစ်ရေးဆိုတော့မည်ဟု ဆုံးဖြတ်ပြီးကာမှ သူသူ့ကို ဘယ်လို ဖယ်ထုတ်ရမှန်းမသိ ဖြစ်နေသည်။ သို့နှင့် သူသူ စိတ်ကောက်နေခိုက်မှာ ဒီဒီး မျက်လုံးမှိတ်၍ အိပ်ချင်ယောင်ဆောင်နေလိုက်၏။

စတေရှင်ရောက်သည်အထိ စကားမပြောဖြစ်ကြတော့။ ကားပေါ်က ဆင်းသည်နှင့် နေဝင်းအောင်တို့ စောင့်နေတာ တွေ့သည်။ သူ့ကို ဆွဲခေါ်သွားကြ၏။ လုပ်ငန်းခွင် အခက်အခဲတစ်ခုကို ကူညီဖြေရှင်းပေးရသည်။

"အင်း. . မင်း စီစဉ်လိုက်တော့လည်း လွယ်လွယ်လေးပါလား ငါတို့ခေါင်းခဲနေတာ"

"အဲဒါ. . စဉ်းစားတတ်တဲ့ အလေ့အကျင့်ကိုမွေးရင် လွယ်ပါတယ်ကွာ၊ ဘယ်ပြဿနာမဆို ဖြေရှင်းဖို့ နည်းလမ်းသုံးခု စဉ်းစားလိုက် အဲဒီထဲကမှ အကောင်းဆုံးတစ်ခုရွေး ဒါပဲလေ"

"ဟုတ်ပြီ. . ဟုတ်ပြီ၊ ဒါဆို မင်းအတွက် အကောင်းဆုံးတစ်ခု ရောရွေးပြီးပြီလား ဒီဒီး"

"ဘာကိုလဲ"

"သူသူလား. . နှုးညံ့လား"

"အဟင်း အဲဒါလည်း ငါသေချာ ရွေးပြီးသွားပြီ၊ နှုးညံ့ပဲ. . . ငါ့နှလုံးသားကို နှုးညံ့အောင် ပြုစားနိုင်တဲ့ နှုးညံ့ကိုပဲ ရွေးလိုက်ပြီကွာ"

"ဟာ ဒါဆို သူသူလက်မဲ့ဖြစ်သွားပြီပေါ့၊ သနားလိုက်တာကွာ လူစားဝင်လို့ရရင် ဝင်ပေးလိုက်ချင်တယ်"

"ဟဲဟဲဟဲ. . . သုက်ဆိုင်သူလက်ခံရင် ဝင်လိုက်ပေါ့"





တကယ်တန်း ဆုံးဖြတ်ချက်ချပြီး အကောင်အထည် ဖော်တော့မှ နှုးညံ့က တမင်ရှောင်တိမ်းနေတော့သည်။ မရှောင်သာဘဲ ပက်ပင်းဆုံသည့် အခါမှာလည်း ဘာစကားမှ မစရသေးခင် ထသွားလေ့ရှိသည်။ ကြာတော့ ဒီဒီး မချင့်မရဲ ဖြစ်လာ၏။ မအောင့်အည်းနိုင်သည့် အဆုံး ဖုန်းဆက်ကြည့်သည်။

"နှုးညံ့ ကိုယ့်ကို ဘာလို့ရှောင်နေတာလဲ"

"မရှောင်ပါဘူး၊ စိတ်ထင်လို့ပါ"

"မဟုတ်ဘူး ကိုယ်သိနေတယ်၊ မျက်နှာချင်းဆိုင်ပြီး ပြောခွင့်မရရင် ဖုန်းနဲ့ပဲ ပြောရမလား"

"ဘာကိစ္စလဲ"

"နှုးညံ့နဲ့ လက်တွဲပြီး အနာဂတ်ပလင်(န်) ဆွဲဖို့ပေါ့"

"အယ်. . . မေမေခေါ်နေတယ် နောက်မှပဲ ဆက်လိုက်နော် ဒီဒီး"

ကမန်းကတန်း အဆက်အသွယ်ဖြတ်ပြီး ဖုန်းပါပိတ်သွား၍ ဒီဒီး ဟတ်ကော့ကြီး ဖြစ်သွားရသည်။ ဖွင့်ဟခွင့်မရသည့် ရက်များစွာကို စိတ်မရှည်စွာ ဖြတ်သန်းခဲ့ပြီးနောက် ဒီဒီး မဟာဗျူဟာ ပြောင်းလိုက်သည်။ ရှောင်တိမ်းနေသူကို အမိဖမ်း၍ ထိပ်တိုက်ရင်ဆိုင်လိုက်သည်။ စတူဒီယိုများသို့ ကူးသန်းသည့် ကော်ရစ်ဒါထောင့်ချိုး တစ်နေရာတွင် စစ်မျက်နှာ ဖွင့်လိုက်သည်။

"နှုးညံ့ ကိုယ်ပြောစရာရှိလို့"

"မအားဘူး သတင်းကောက်နုတ်ချက်တွေ ရေးရဦးမယ်"

"ငါးမိနစ်ပဲနှုးညံ့"

မတတ်သာတော့ဟန်နှင့် နှုးညံ့ ခေါင်းညိတ်သည်။

"ငါးမိနစ်ပဲဆိုတော့ အချိန်သိပ်မရလို့ ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောတော့ဘူးနော် ကိုယ်နှုးညံ့ကို မြတ်မြတ်နိုးနိုး ချစ်တယ်၊ လက်ထပ်ဖို့အထိ



www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ပြီး ချစ်နေမိတာ"

နူးညံ့ လျှောင်သလိုပြုံးသည်။

"ဒီတစ်ခါရော တကယ်လား ဒီဒီး"

"ကာယကံရှင်ကိုယ်တိုင် အလေးအနက် ဖွင့်ဟခွင့်ပန်နေတာလေ၊ လူကြုံပါးတာလည်း မဟုတ်ဘူး၊ ကြားလူက စာပေးတာလည်း မဟုတ်ဘူး၊ ကိုယ့်နှလုံးသားကိုယ် တာဝန်ယူပြီး ပြောတာပါ နူးညံ့. .၊ တကယ့်အစစ်ကြီးရယ်"

နူးညံ့က ဒီဒီးမျက်ဝန်းများကို ဖတ်သည်။ ကော်ရက်ရှင် ကိုင်ပြီး အမှားရှာသလို ဖတ်ရှုပြီးမှ. . .

"သူတစ်ပါးပယောဂ မပါဘူးဆိုရင်တော့ နူးညံ့စဉ်းစားပေးပါ့မယ်"

ထိုစဉ် အခန်းတစ်ခုထဲမှ သူသူ ထွက်လာ၏။ အရေးကောင်း ဒိန်းဒေါင်းဖျက်တော့မည်မို့ လက်ကျန်စကားကို အပြတ်ဖြတ်ရသည်။

"စဉ်းစားပေးမယ်ဟုတ်လား၊ ဝမ်းသာလိုက်တာ၊ နူးညံ့ရယ် ကိုယ်မျှော်လင့်နေမယ်နော်"

နူးညံ့ ခေါင်းညိတ်ပြသည်။ ပေ့ါပါးသွားသည့် ရင်အစုံနှင့်အတူ ဒီဒီး ရိုက်ကူးရေးခန်းမထဲသို့ ဝင်သွားတော့၏။ အနားရောက်နေပြီဖြစ်သည့် သူသူက အားမနာပါးမနာ စပ်စုသည်။

"ဘာတွေ လာရှေ့သွားပြန်ပြီလဲ"

"အဟင်း. . ဘာရယ် မဟုတ်ပါဘူး"

"ကြားလိုက်ပါတယ်နော် ကိုယ်မျှော်လင့်နေမယ် ဆိုလားပဲ"

နူးညံ့ သူသူ့ကို တအံ့တသြ ကြည့်လိုက်သည်။ မြွေမြွေချင်း ခြေမြင်သလို မိန်းမချင်းလည်း မနာလိုဝန်တိုမှုကို ပက်ပင်း မြင်ရ၏။ သူလည်း ဒီဒီးကို စိတ်ကစားနေမှန်း သိသလို နေဝင်းတို့နှောက်ခဲ့စဉ်တာ ပြိုင်တူ အဖြေပေးခဲ့တာကိုလည်း အမှတ်ရသည်။ ဒီဒီးအတွက် အဖြေ





တို့ ဒုတိယအကြိမ် မစဉ်းစားရသေးခင်မှာ ပွင့်လင်းမှုရှိဖို့ လိုနေတာ သဘောပေါက်သွား၍. . .

"အဟင်း. . ဟုတ်တယ် သူသူ ဒီဒီးက ကိုယ့်ကို ပရိုပို့စ်လုပ်တာလေ၊ ဒီတစ်ခါတော့ သူကိုယ်တိုင် တရားဝင်ဆိုပါတော့"

မှန်းဆမိသော်လည်း ပွင့်လင်းစွာ ဝန်ခံတာကို ကြားရတော့ သူသူ့ရင်ခွင်တစ်ခုလုံး မနာလိုမှုနှင့် လောင်မြိုက်သွားသည်။ ဖြစ်သည့်နည်းနှင့် တားဆီးမည်ဟု ဆုံးဖြတ်ပြီး. . .

"စဉ်းစားနော်နူးညံ့ ပြီးခဲ့တဲ့ကိစ္စမှာ တို့တွေ ဘယ်လောက်ထိ သိက္ခာကျခဲ့ရလဲ၊ ဒီကောင်က သူ့ကိုယ်သူ ရုပ်ဖြောင့်တယ်၊ အပြောကောင်းတယ်၊ လုပ်ငန်းမှာ ဦးဆောင်မှုပေးနိုင်တယ်ဆိုပြီး အသားလွတ်မြှောက်နေတာ"

"အင်း ကိုယ်လည်းသိပါတယ်"

"ပြီးတော့ ရုပ်ဖြောင့် အပြောကောင်းလို့လည်း တစ်သက်လုံး စိတ်အေးရမှာ မဟုတ်ဘူး"

"ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်၊ ကိုယ်လည်း အချိန်ယူပြီး သေချာစဉ်းစားမှာပါ"

"စဉ်းစားရမယ် နူးညံ့ရေ. . စဉ်းစားရမယ်၊ လောကမှာ. . ယောကျ်ားပေါပြီး ခင်ပွန်းကောင်းက တအားရှားတာ"

အတွင်းကောက်စိတ်တွေကို ဖုံးကွယ်ရင်း အပြန်အလှန် ဆွေးနွေးမှုက တာဝန်ဝတ္တရားများကြောင့် အချိန်တိုအတွင်းမှာ ပြီးစီးသွားသည်။ နှစ်ယောက်လုံး အတွေးထဲမှာတော့ အကြံအစည်တွေ ဉာဏ်နီဉာဏ်နက်တွေ ခြေပုန်းခုတ်အစီအစဉ်တွေနှင့် ရှုပ်ထွေးလျက်ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . တကယ်မလွယ်ပါလား၊ မင်းရဲ့ စိန်းပွင့်ချက်တလည်း လန်ထွက်နေတာပဲ"

ဂျူတီအော့(ဖ်)ရသည့် တစ်ရက်မှာ နေဝင်းနှင့် ငြိမ်းချမ်း ဒီဒီး အိမ်သို့ လာလည်၏။ သူတို့ထက် ကြိုရောက်နေသော သူသူက ဒီဒီး ညီမ မီးမီးနှင့်အတူ အပြင်ထွက်သွားတာတွေ့တော့ အံ့ဩသွားကြသည်။ ဒီဒီး ပြောပြထားသဖြင့် နူးညံ့ကို ချစ်ရေးဆိုသည့်ကိစ္စအား သိထားကြသည်မို့လည်း ပိုပြီး အံ့အားသင့်မိကြရသည်။

"ဒီအနေအထားမှာ အိမ်ကိုအလည်လာတာ မင်း အသိုင်းအဝိုင်းကို ဝင်ပူးတာပဲပေါ့"

"သေချာတယ်လေ ငါ့ညီမ စပီကင်တက်ချင်တာသိတော့ သူလိုက်အပ်ပေးမယ်ဆိုပြီး အတင်းခေါ်သွားတာသာကြည့်"

"အင်း သူ့ပရောဂျက်က မင်းအတွက် အန္တရာယ်ရှိတယ်နော် ဒီဒီး"

"ဟုတ်တယ်ဒီဒီး မင်းခိုက်နေတာ သူသူဆိုရင် ပြဿနာ မရှိဘူး၊ မင်း သူ့ကို ဘယ်လိုခေါက်ထားခဲ့မှာလဲ"

"မသိတော့ဘူးကွာ ငါ့ရင်ထဲမှာ နူးညံ့ကလွဲပြီး ဘယ်သူမှ မရှိ





ဘာတော့ သေချာတယ်"

စကားကုန်သွားပြီမို့ အေးစက်စက် လက်ဖက်ရည်ကို ငြိမ်တူလို သောက်မော့လိုက်ကြသည်။ မီးမီးနှင့် သူသူထွက်သွားပြီးမှ သူတို့လက်ဖက်ရည်ဆိုင်ထွက်လာခဲ့ခြင်းဖြစ်သည်။ သူသူ၏ထင်မှတ်မထားသော တုံ့ပြန်တိုက်စစ်ကို ခုခံရန် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနေကြခြင်း ဖြစ်၏

"ဒီကိစ္စ အားနာနေလို့ မရဘူးနော် မင်းပြတ်သားမှရမှာ"

"ငါက ပြတ်သလားမမေးနဲ့ သူသူနဲ့ဆုံမှာစိုးလို့ ဖယ်ရီတောင် နေ့တိုင်းမစီးတော့ဘူး"

"မဟုတ်ဘူးလေ၊ နူးညံ့ဆီက အဖြေရအောင်တောင်းပြီး ပေါ်တင်တွဲပစ်လိုက်"

"ငါလည်း Try again ကိုသက်စေ့ရွတ်ပြီး လုံးပန်းနေတာပဲ ခက်တာက ရှုံးမှာရှောင်နေတယ်၊ ညကျတော့ ဖုန်းပိတ်ထားတယ်၊ ကဲ ငါဘာဆက်လုပ်ရမလဲ"

သူတို့၏ အလုပ်ရုံဆွေးနွေးပွဲက သောင်မတင်ရေမကျ အဖြေရသည့်ပုံစံနှင့် အဆုံးသတ်သွားသည်။ ဒီဒီး၏ နှလုံးသားအရေးအခင်းက အစ္စရေးနှင့် ပါလက်စတိုင်းပြဿနာလို အချိန်တွေကြာပြီး ရေရာသေချာသော ဆုံးဖြတ်ချက်ချမရသည့် ကိစ္စတစ်ရပ် ဖြစ်လာသည်။

ဒီကြားထဲ မိသားစုဝင်တွေကတစ်မျိုး. . .

"သားတို့ ဘယ်တော့လောက် လက်ထပ်ကြမှာလဲ"

"ဗျာ. . လက်ထပ်ရမယ် ဘယ်သူနဲ့လဲ"

"ဟော်တော်. . သူသူက သားရဲ့ချစ်သူ မဟုတ်ဘူးလား၊ ဒါကြောင့် အိမ်ကိုခဏခဏ လာလည်နေတာလေ မမေတို့ သူ့ကိုသဘောကျပါတယ်"

"ဟုတ်တယ် မီးမီးအတွက်လည်း ယောင်းမကောင်းလေး ဖြစ်မယ်၊ သူတို့က တောင်ငူမှာ တော်တော်ပိုက်ဆံရှိတာတဲ့ ညီမလေးကို



www.burmeseclassic.com

www.burmeseclassic.com



သူ့မိသားစုအကြောင်း ပြောပြဖူးတယ်၊ ပြီးတော့လည်း တစ်ဦးတည်းသောသမီးတဲ့. . "

သူသူ၏ မာယာတွေက လိုက်မမီအောင် မြန်ဆန်ပြီး ရှေ့ရောက်လွန်းနေသည်။ သူတောင်မသိသည့် အကြောင်းအရာတွေ မိသားစုက သိနေကြပြီ၊ ဒီကိစ္စ လွှတ်ပေးထားလို့ မဖြစ်တော့မှန်း ဒီဒီး သဘောပေါက်သွား၏။

"မေမေ သားနဲ့သူသူ ဘာမှ မပတ်သက်ဘူး သူ့ဘက်က ပတ်သက်ချင်နေတာ ဒါကိုသားလည်း ဘယ်လိုမှ မလိုက်လျောနိုင်ဘူး သားသူ့ကို သဘောမကျဘူး. . မချစ်ဘူး မေမေ"

ဒီဒီး၏ ယတိပြတ်စကားကြောင့် မေမေနှင့်မီးမီး နားမလည်နိုင်သလို ဖြစ်သွားကြသည်။ သူ့ဘက်က စကားကုန်ပြောပြီးပြီမို့ ဒီဒီး အဝတ်အစားလဲသည်။

"ဒီနေ့ ဂျူတီအော့(ဖ်)မဟုတ်လား ဘယ်သွားမလို့လဲသား အလှူလား"

"မှန်တာပြောရရင် ဘယ်မှ သွားစရာမရှိဘူး သူသူလာမှာ သေချာလို့ ရှောင်ဖို့ အပြင်ထွက်တာ"

ဒီဒီး မနက်ရှစ်နာရီလောက်မှာပင် အပြင်ထွက်ခဲ့သည်။ အိမ်သို့ သူသူ ချောင်းပေါက်မတတ် လာနေတာကို မခံစားနိုင်တော့သည့်အဆုံး ဒီဒီး သူ့ဟောလီးဒေးအား အင်တာနက်ဆိုင် ရုပ်ရှင်ရုံနှင့် ကစားကွင်းများမှာသာ ဖြုန်းတီးပစ်ခဲ့ရတာ အတော်ကြာပြီဖြစ်သည်။

ရတာမလို လိုတာမရ လူ့ဘဝဆိုသည့်စကားက မှန်လွန်းလှသည်။ သူက နှုးညံ့ကိုချစ်ပြီး သူသူက သူ့ကိုချစ်နေတာ၊ တစ်ယောက်နောက်တစ်ယောက်လိုက်ရင်း မဆုံနိုင်အောင် ဝေးနေကြသည်။ အားလုံးအတွက် ဆန္ဒတွေက လိုက်လေဝေးလေ ဖြစ်နေကြသည်။ ပျော့ကြည့်တော့ မသာကောင်နေဝင်းအောင်နှင့် ငြိမ်းချမ်းဝေကိုသာ အပြ





တင်ချင်နေမိသည်။ ဒီကောင်တွေသာ မမွေးခဲ့လျှင် သူသူနှင့်နှုးညံ့ကလည်း သူ့ကိုအဖြေမပေးခဲ့လျှင် အခုရင်ဆိုင်နေရသော အကျပ်အတည်းတွေ ဖြစ်လာစရာ အကြောင်းမရှိ။ သူကလည်း တစ်ယောက်တည်းကိုသာ ပရိုပို့စ်လုပ်မည်ဖြစ်ပြီး ထိုတစ်ယောက်ကလည်း အဖြူအမည်းကွဲအောင် အဖြေပေးမည်သာ ဖြစ်သည်။

ဒီဒီး ရုပ်ရှင်ကြည့်ရင်း ရင်ရှုပ်နေသည်။ ကြည့်နေရင်းနှင့်ပင် ဘာမှမမြင်မသိဖြစ်နေသည်။ သူ့အတွေးထဲမှာ နှုးညံ့ထံမှ အဖြေရဖို့ အရေးကိုသာ စဉ်းစားအကြံထုတ်နေမိ၏။

မနက်စောစောမှာပင် မြောက်ဥက္ကလာ သန္တာရပ်ကွက်သို့ ဒီဒီး ရောက်နေပြီ။ ညက နှုးညံ့ထံ ဖုန်းဆက်၏။ ဖုန်းပိတ်မထားသော်လည်း လုံးဝမကိုင်သဖြင့် စကားမပြောလိုက်ရ၊ ဒီဒီးသည်းခံနိုင်စွမ်း မရှိတော့သဖြင့် စိတ်အလိုလိုက်ပြီး ရောက်လာခဲ့ခြင်းဖြစ်သည်။ အလွတ်ရနေသော နှုးညံ့လိပ်စာမှ အိမ်နံပါတ်ကိုရှာရင်း ဟိုကြည့်ဒီကြည့်နှင့် လမ်းထဲသို့ ဝင်လာခဲ့သည်။

အိမ်နံပါတ်(၅၀၄)ကို တွေ့သည့်အခါ အိမ်ရှေ့မှာရပ်ရင်း ချီတုံချတုံ ဖြစ်နေသေးသည်။ သပ်သပ်ရပ်ရပ် ပျဉ်ထောင်သွပ်မိုး တစ်ထပ်အိမ်ကလေးရှေ့မှာ သစ်ခွတွေ နှင်းဆီတွေ စံပယ်ချုံတွေနှင့် ဝေဆာနေ၏။ စက္ကန့်နှစ်ဆယ်လောက် ရပ်ကြည့်အပြီးမှာ ဘာကိုမဆို ရင်ဆိုင်မည်ဟု ရဲဆေးတင်ပြီး ခြံထဲဝင်၍ အိမ်တံခါးဝမှ လူခေါ်ဘဲ(လ်)ကို နှိပ်လိုက်သည်။ ခဏအကြာတွင် သွားပွတ်တံကိုက်ထားသော ဆယ်ကျော်သက်အရွယ် ကောင်လေးတစ်ယောက် ပြေးထွက်လာသည်။ သံတံခါးကြားမှ ဒီဒီးကို စိုက်ကြည့်ရင်း. . .

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ"

"နှုးညံ့နဲ့ တွေ့ချင်လို့"

"ဟင်. . ဟာ. . ခင်ဗျား. . ခင်ဗျား၊ မမရေ. . မမ. . ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



မမတို့ရုံးက သတင်းကြေညာတဲ့လူကြီး ရောက်နေတယ်"

နှုးညှို့၏ မောင်ဖြစ်ဟန်တူသည့်ချာတိတ်က ဒီဒီးမျက်နှာကို မှတ်မိသွားပြီး ဝမ်းသာအားရ လှမ်းအော်ကာ တံခါးဖွင့်ပေးသည်။

"ထိုင်ပါဦး မမရှိတယ်"

နေရာပေး၍ အိမ်ထဲ ပြေးဝင်သွားသည်။ ဒီဒီး ကျွန်းသားဆက်တီတွင် ဝင်ထိုင်ရင်း အိမ်ကိုအကဲခတ်မိသလိုနောက်ဖေးမှ စကားသံများကိုလည်း နားစွင့်မိသည်။ ခဏအကြာတွင် နှုးညှို့ထွက်လာသည်။ ဒီဒီးကိုမြင်တော့ မယုံနိုင်သလို အံ့သြမှင်တက်မိဟန်နှင့် ကြောင်စီစီ ရပ်နေ၏။

"ဟော့. . နှုးညှို့ ဘာမှမပြင်ဆင်ရသေးဘူးလား အလုပ်သွားဖို့ ဝင်ခေါ်တာ"

"ဩော်. . . အင်း. . အဲ. . ထိုင်. . ခဏထိုင်ဦးနော်၊ ဟိုဒင်း ရေတောင် မချိုးရသေးဘူး"

"ရပါတယ် အေးဆေးလုပ်"

ထိုစဉ် အမျိုးသမီးကြီး တစ်ယောက်ထွက်လာသည်။ နှုးညှို့က မဝံ့မရဲ မိတ်ဆက်ပေး၏။

"မေမေ သူက ဒီဒီးတဲ့ သမီးတို့အလုပ်ထဲကပဲ"

"ဟုတ်လား TV မှာ ခဏခဏ တွေ့ဖူးလို့ မှတ်မိပါတယ်၊ တဲ့ သမီး ရေသွားချိုးတော့လေ စောင့်နေရမှာ အားနာစရာကြီး"

"ဟုတ်. . ဟုတ်ကဲ့. . ဒီဒီးခဏနော်"

"ရတယ် နှုးညှို့"

နှုးညှို့ နောက်ဖေးဝင်ပျောက်ကွယ်သွားတော့ အန်တီကြီး ဝင်ထိုင်သည်။ နှုးညှို့နှင့် ရုပ်ချင်းဆင်ပြီး အတော်အရွယ်တင်သေးတာ သတိပြုမိသည်။ မနေတတ် မထိုင်တတ်ဖြစ်လာ၍ ကြံဖန်စကားစလိုက်သည်။





"ဟိုသူငယ်ချင်းတစ်ယောက်ရဲ့ အဖေဆုံးတာ ဒီနေ့ရက်လည်လေ အဲဒီကိုလာရင်း လမ်းသင့်တာနဲ့ ဝင်လာတာပါအန်တီ"

"ဩော် အေးကွယ်. . သားငယ်က သတင်းကြေညာတဲ့လူကြီး လာတယ်ပြောပြီး သဘောကျနေတာ၊ အခုလို အပြင်မှာ တွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ မင်းတို့သူငယ်ချင်းနာမည်တွေလည်း သမီးက ခဏခဏ ပြောပါတယ်"

"ဟုတ်ကဲ့ ခင်တာတော့ ကြာပါပြီ၊ သင်တန်းတက်ကတည်းက ဆိုပါတော့"

ထို့နောက်မှာတော့ ဒီဒီး ဝဋ်လည်တော့သည်။ လူတွေ့တိုင်း မိုက်ခွက်ထိုးပေးပြီး ဗျူးခဲ့သမျှ ကောင်းကောင်းကြီး ပြန်လည်ပေးဆပ်ရတော့၏။ အန်တီကြီး၏ မေးမြန်းစူးစမ်း စုံစမ်းခန်းများကို အထူးဂရုပြု ဖြေကြားရသည်။ မေးစရာတွေ ကုန်လုနီးမှ နှုးညှို့ခြင်းဆွဲပြီး ထွက်လာ၍ ဒီဒီး သက်ပြင်းချမိသည်။ ချာတိတ်လာချပေးထားသော ကော်ဖီကို ကမန်းကတန်း မော့ကာ နှုတ်ဆက်သည်။

နှုးညှို့နှင့်အတူ တွဲထွက်လာရင်း ရင်တွေပိုခုန်လာ၏။ နှုးညှို့ သူ့ကို မေးခွန်းတွေထုတ်တော့မည်ဆိုတာ သိနေ၍ဖြစ်သည်။ ထင်သည့်အတိုင်းပင်. . .

"ကဲပြောပါဦး ဘာလို့ လိုက်လာတာလဲ"

"အဲဒီအခြေအနေရောက်အောင် နှုးညှို့ဖန်တီးခဲ့တာလေ. . အလုပ်ထဲမှာ ရှောင်နေတယ် ဖုန်းဆက်တော့ ပိတ်ထားတယ်၊ မပိတ်လည်းမကိုင်ဘူး. . အဲဒီတော့ ကိုယ်ဘာလုပ်ရမလဲ"

"ဘာတွေပြောနေတာလဲ"

"အန်တီကတော့ ကိုယ့်အကြောင်း၊ မိသားစုအကြောင်း၊ စီးပွားရေးအခြေအနေ ဘာမှမကျန်ရအောင် ဗျူးခဲ့တာ. . သမက်လောင်း ရွေးတာကျနေတာပဲ သူ့သမီးက အဖြေမပေးသေးတာတော့ မသိဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့မရယ်ပါ။ ရှေ့တည့်တည့်သာကြည့်ရင်း . . လမ်းဆက်လျှောက်သည်။

"ခုလိုအိမ်လိုက်လာတော့ တစ်မျိုးထင်ပြီးမေးတာ ဖြစ်မှာပေါ့။ ဖေဖေအိပ်နေလို့ တော်သေးတယ်သိရဲ့လား"

"ဒါတွေ ကိုယ်မသိဘဲနေမလား၊ ဒါပေမယ့် ဒီနည်းလမ်းက လွဲပြီး ရှိမှမရှိတာ ကိုယ်လည်းမျှော်ရစောင့်ရတာ မောလှပြီ၊ တိကျတဲ့အဖြေတစ်ခု ပေးသင့်ပါပြီ နူးညံ့ရယ်"

သုခမ္မာလမ်းမကြီးပေါ်မှ နူးညံ့ဖယ်ရီစောင့်သည့်နေရာသို့ ရောက်လာကြ၏။ ဒီဒီးက နူးညံ့၏ လှလှပပ မျက်နှာလေးကို တစ်ဝငေးသည်။ အတော်ကလေးကြာမှ. . .

"မနက်ဖြန် ဉာဏ်ရည်နဲ့ ခွန်အား အစီအစဉ် ရိုက်ရမှာလေ အဲဒီမှာ အပြာအသင်း နိုင်ပါစေ ဆုတောင်းပေါ့"

"ဟင်. . အပြာအသင်းနိုင်ရင် ဘာဖြစ်မှာလဲ"

"အပြာနိုင်ရင် ဒီဒီးနဲ့ လက်တွဲမယ်ဆိုတဲ့ သဘောပေါ့"

ဒီဒီး နူးညံ့အား အထိတ်တလန့် ကြည့်မိသည်။ တစ်ဖက် သုံးယောက်စီ ပြိုင်ကြသော ဉာဏ်ရည်နှင့် ခွန်အားပြိုင်ပွဲဝင်များက သူတို့နှစ်ယောက်အချစ်ရေးကို အဆုံးအဖြတ်ပေးမည် ဆိုတာတော့ ဒီဒီး လက်မခံနိုင်. . ဒါမဖြစ်သင့်။

"ဟာ. . . နူးညံ့ကလည်း၊ ဘာမှမဆိုင်တဲ့ဥစ္စာ အဲလိုတော့ မညစ်နဲ့ကွာ"

"မတတ်နိုင်ဘူး ဒီဒီး၊ နူးညံ့လည်း မစဉ်းစားတတ်တော့ဘူး"

"ဒါဆို အချစ်က နှလုံးသားနဲ့မဆိုင်ဘဲ ကံတရားနဲ့ ဆိုင်သလို ဖြစ်သွားမှာပေါ့"

"ပြန်တွေးကြည့်ရင် သိပ်ရှက်စရာကောင်းတယ်၊ ဒီဒီးကို တစ်ခါ အဖြေပေးခဲ့ပြီးပြီလေ၊ သိက္ခာကျတာပဲ အဖတ်တင်တယ်. . ဒီတော့





နူးညံ့တို့ လက်တွဲပြီး ဘဝကို အတူလျှောက်လှမ်းဖို့ကိစ္စ ကံပေါ်ဝဲ ပုံအပ်ပြီး ဆုံးဖြတ်လိုက်တော့မယ် ဒီဒီး"

နူးညံ့ပြောတာလည်း မှန်နေသဖြင့် ဒီဒီးဘာမှ မပြောနိုင်တော့ ခေါင်းကုတ်စိတ်ရှုပ်စွာနှင့်ပင် ဖယ်ရီပေါ် တက်ခဲ့ရတော့သည်။ ဘယ်သူနှင့်မှ စကားမပြောချင်တော့၍ ဒရိုင်ဘာဘေးခုံမှာ ဝင်ထိုင်လိုက်သည်။ တစ်ယောက်တည်း အေးအေးဆေးဆေး ရှုခင်းကြည့်ရင်း ခေါင်းဆေးသာခဲ့သည်။

လုပ်ငန်းခွင်ရောက်တော့ နေဝင်းအောင်နှင့် စကားစပ်မိပြီး ထိုကိစ္စအား ဖောက်သည်ချမိ၏။ နေဝင်းအောင်လည်း မျက်လုံးတွေပြူးထွက်ကျမတတ် ပြူးသွားသည်။ သူနောက်ပြောင်ခဲ့သည့်ကိစ္စက အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ခဲ့ပြီမို့ အားတုံ့အားနာလည်း ဖြစ်နေရှာသည်။ ချစ်သူချင်း ဖူးစာဆုံခွင့်ရဖို့ အရေး အဆုံးဖြတ်ပေးမည့်သူက ကံဉာဏ်ဝီရိယ အားပြိုင်ပွဲမှလူများ ဖြစ်နေတာ ဘယ်လိုမှ မယုံနိုင်အောင် ဖြစ်နေ၏။

ထိုအစီအစဉ် လာပြိုင်သူတွေထဲမှာ ထက်ထက်မြက်မြက်တွေ ပါသလို ခပ်တုံးတုံးတွေလည်း ပါသည်။ မတော်လို့များ ကံဇာတာနိမ့်ပြီး အပြာအသင်း ရှုံးခဲ့ပါက သက်ဆိုင်သူနှစ်ယောက် ရင်ကွဲပက်လက် ဖြစ်ရမည့်ကိန်း ဆိုက်နေ၏။

ရွှေတိဂုံမြတ်ဘုရား မစတော်မူပါ၊ အောင်ဘာလေသန်းဆုကြီးသည်း အကြိမ်ကြိမ်အခါခါ ပေါက်ပါစေသား၊ အပြာအသင်းနိုင်ပြီး. . နူးညံ့လေးကိုလည်း ပိုင်ရပါလို၏ ဘုရားဟုသာ ဆုတောင်းရတော့မည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၉)

လူရှစ်ယောက်နှင့် ပတ်သက်သော ပြိုင်ပွဲကြီး စတင်ခဲ့ပြီ ထိုထဲမှခြောက်ယောက် ကိုယ်စွမ်းဉာဏ်စွမ်း အသုံးပြု၍ ပျော်ပျော် ပါးပါးနှင့် ဆုငွေလိုချင်လို့ဖြစ်ပြီး နှစ်ယောက်ကတော့ ဘဝရှေ့ရေး ပတ်သက်လို့နေခဲ့ပြီး. . . ထိုပွဲတွင် နူးညံ့က တင်ဆက်သူ ပရင်စန် နှစ်ယောက်အနက်မှ တစ်ယောက်ဖြစ်ပြီး ဒီဒီးက ထုတ်လုပ်ရေးမှူး သည်။

လူရှစ်ယောက်၏ ရင်ခုန်သံတွေက စတူဒီယိုအတွင်းမှာ ပွ





လောည်း၍ နေခဲ့ပြီ။ ပထမဆုံး ဉာဏ်ရည်မေးခွန်းတွေ မေးမြန်းဖြေဆို ကြသည်။ အမေရိကန်နိုင်ငံ၏ ပထမဆုံးသမ္မတ၊ အကြီးဆုံးရေတံခွန် အရှည်ဆုံးမြစ်နှင့် တောင်ကိုရီးယား၏ လက်ရှိသမ္မတတို့ကို မေးရာ. . အပြာအသင်းက တစ်ခုသာဖြေနိုင်၍ အဝါအသင်းတစ်ပွဲနိုင်ပြီး ဆု ကြေးနှစ်သောင်း ရသွားသည်။

ဒီဒီး ရင်ခုန်စိတ်ညစ်သွား၏။ ပြိုင်ပွဲမှ မေးခွန်းများနှင့်ကစား နည်းများ ကြိုတင်ပြီးရခဲ့လျှင်လည်း အပြာအသင်းကို ကြိုတင် ကွက်ရှင် အောက်လိုက်ချင်နေမိသည်။ ခုမှတော့ ဘယ်လိုမှ ကူညီလို့ မရတော့သ ဖြင့် အပြာဝတ် သုံးယောက်လက်မှာသာ သူ့နှလုံးသားကို ဝကွက်၍ အပ်ထားရလေ၏။

နောက်တစ်လှည့်က ခွန်အားအလှည့်၊ တန်းတစ်ခုတွင် ရေ ဖြည့်ထားသော ပူဖေါင်းတွေ ချိတ်ဆွဲထားသည်။ ဒါကိုပြိုင်ပွဲဝင်တစ် ယောက်စီက မျက်လုံးကို အဝတ်စီးပြီး ခေါင်းနှင့်ခုန်တိုက်၍ထိုးခွဲရသည့် ကစားနည်းဖြစ်၏။ အပြာအသင်းဘက်မှ အရပ်အရှည်ဆုံး ယောကျ်ား လေးတစ်ယောက် ထွက်လာ၍ ဒီဒီး သက်ပြင်းချမိသည်။ ပြိုင်ပွဲစတော့ ဒီဒီးမကြည့်ရဲသဖြင့် မျက်နှာလွှဲထားရသည်။

ထိုတစ်မိနစ် နှစ်မိနစ်က ငရဲကျကာလလို ကြာမြင့်လွန်းလှ သည်။ အပြာကွ အဝါကွနှင့် အားပေးသံတွေ ညံနေသော်လည်း ဘယ် အဖွဲ့က နိုင်နေမှန်းမသိ၊ ကြည့်လည်းမကြည့်ရဲ။ ထိုအချိန်မှာ ကင်မရာ မင်း နေဝင်းအောင်နှင့် ငြိမ်းချမ်းဝေတို့က လက်မထောင်ပြကြသည်။ ထိုတော့မှ ဒီဒီးလှည့်ကြည့်ရဲ၏။ အပြာအသင်းနိုင်သည်။

ဒီလိုနှင့် ဉာဏ်ရည်တစ်လှည့် ခွန်အားတစ်လှည့် ပြိုင်ပွဲများ ကျင်းပလာခဲ့ရာ အနုပညာရေးရာ အမေးအဖြေများ၊ ဉာဏ်စမ်းမေးခွန်း များ ရေပူဖေါင်းပစ်ပေးတာကို ပုံးနှင့်အမိဖမ်းရသည့်ပြိုင်ပွဲ၊ ခါးလည့် ကွင်း လှမ်းပစ်တာကို ခေါင်းထိုးခံစွပ်ယူရသည့်ပွဲတို့ ပြီးသွား၏။ အပြာ



www.burmeseclassic.com

www.burmeseclassic.com



အသင်းက အားကစားတွင် ထူးချွန်သည်။ သို့သော်. . ရှုံးနေသေး၏။ တင်ဆက်သူ နူးညံ့ရင်ထဲ ဘယ်လိုရှိမလဲ မခန့်မှန်းနိုင်သော်လည်း ဒီဒီးတော့ ရင်ပွင့်ထွက်တော့မလို ဖြစ်နေပြီ။

နောက်ဆုံးပွဲတွင် အနုပညာလောကမှ အခမ်းအနားကြီးများ စင်တင်ပွဲများ၏ ခေါင်းစဉ်များကို မေးသည်။ အံ့သြစရာကောင်း လောက်အောင်ပင် အပြာအဖွဲ့ အဖြေတွေ မှန်နေ၏။ ဒီဒီးမျက်နှာမှာ အပြုံးပေါ်လာသည်။ နောက်ဆုံး ခွန်အားပြိုင်ပွဲက အရုပ်မြင်းစီး ပြိုင်ပွဲဖြစ်သည်။

ဒီဒီး အသည်းအသန်အားပေး၏။ အပြာအသင်းက ကမြင်း ကောင်များဖြစ်နေ၍ ဒီဒီးစိတ်အေးလက်အေးဖြစ်နေသည်။ ထင်သည့် အတိုင်းပင် အရုပ်မြင်းကို ပုံကျကျနှင့် အမြန်စီးနိုင်တာ အပြာအသင်း ပင်ဖြစ်သည်။ တစ်လှည့်စီ သုံးယောက်လုံး စီးပြီးသည့်အခါ အပြာအ သင်းပဲ အနိုင်ရသွားသည်။ အပြာအသင်းသားတွေထက်ပိုပြီး ဝမ်းသာ အားရ ခုန်ပေါက်မိတာ ဒီဒီးပဲ ဖြစ်တော့သည်။

သူ MEGA BRAIN CHALLENGE ပြိုင်ပွဲကိုတောင် ဆက် မကြည့်ဖြစ်တော့။ ဘယ်လိုပဲပဲဖြစ်ဖြစ် အပြာအသင်းနိုင်နေပြီ မဟုတ် လား။ ဒီဒီး စတူဒီယို အပြင်ဘက်ထွက်ကာ နေမထိထိုင်မသာ ဖြစ်နေ တော့သည်။

နောက်ဆုံးမှာ ရိုက်ကူးရေးအစီအစဉ် ပြီးသွားသည်။ ပရိ သတ်များနှင့် ပြိုင်ပွဲဝင်များ စတူဒီယိုထဲမှ ထွက်လာကြသည်။ ဒီဒီး စ တူဒီယိုထဲ ပြန်ဝင်ခဲ့ပြန်သည်။ နေဝင်းနှင့်ငြိမ်းချမ်း သူ့ထံပြေးလာ ဝိုင်းဝန်းပွေ့ဖက်ကြသည်။ သူတို့ဂုဏ်ပြုပုံက အရေးကြီးပွဲစဉ်တွင် အနို ဂိုးသွင်းနိုင်ခဲ့သော တိုက်စစ်မှူးတစ်ယောက်ကို ဂုဏ်ပြုနေသလိုမျိုး. .

"ဟော့ကောင် မင်းလူအိုရှုံရောက်ဖို့ လမ်းစပွင့်သွားပြီ"

"ဟုတ်တယ်. . အိုတော့မယ်၊ အိုပြီးရင် နာမယ်. . ပြီးရင် သေ





တော့မယ်. . ဟားဟားဟား"

ဘယ်လိုပဲ နစ်နာအောင်ပြောပြော သူတို့မျက်နှာမှာ အပြုံး တွေနှင့်မို့ ရင်ခုန်စောင့်စားခဲ့ရသူတွေထဲမှာ သူတို့နှစ်ယောက်လည်း ပါတာကို အသိအမှတ်ပြုမိသည်။ နူးညံ့ကို လှမ်းကြည့်တော့ ဟိုယောင် ယောင် ဒီယောင်ယောင်နှင့် စတေးရှောင်ဖို့ ကြိုးစားနေတာ တွေ့သည်။ နူးညံ့ထံမှ အတည်ပြုချက်ရယူဖို့ သူ အချိန်မစောင့်နိုင်တော့။

နူးညံ့ထံ ပြေးသွားမိသည်။ နှစ်ယောက်သား မျက်နှာချင်းဆိုင် ဆုံ၏။ နူးညံ့ တစ်ချက်မော့ကြည့်ပြီး ခေါင်းငုံ့သွားသည်။ ဒီဒီးစိတ်ထဲ မရိုးမရွ ဖြစ်လာသည်မို့. . .

"နူးညံ့ အပြာအသင်း နိုင်သွားပြီနော်"

"အင်း"

"နူးညံ့ပြောခဲ့တဲ့စကား အတည်ပဲမဟုတ်လား ဘာမှမပြောင်း လဲပါဘူးနော်"

နူးညံ့ထံမှ အဖြေမရ၊ မချင့်မရဲဖြစ်လာသည့် ဒီဒီး နူးညံ့ ပခုံးနှစ် ဖက်ကို ဆုပ်ကိုင်လိုက်သည်။ နူးညံ့မျက်လုံးပြူးကြီးများနှင့် မော့ကြည့် သည်။ လွှတ်အောင်ရုန်းဖို့ ဟန်ပြင်သည်။ ဒီဒီး လုံးဝလွှတ်မပေး။

"ဒီဒီး ဘာလုပ်တာလဲ လွှတ်ပါ"

"အဖြေမပေးရင် မလွှတ်တော့ဘူး"

"ဒီမှာ လူတွေနဲ့လေ"

"အားလုံးသိအောင် ကြေညာမလို့"

"လွှတ်. . ဆို. ."

"အဖြေပေး"

နူးညံ့ ဝန်းကျင်ကိုလေ့လာသည်။ လူအတော်များများ သူတို့နှစ် ယောက်ကိုသတိပြုမိနေကြပြီး ကြာလျှင်အားလုံးဝိုင်းလာတော့မည်မို့။

"လွှတ်. . လွှတ်. . လွှတ်ပါ ဒီဒီးရယ်၊ ငါ. . နင့်. . နင့်ကို. .



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပါတယ်"

ဒီဒီးစိတ်ထဲ နာရီဝက်စာ ကားတိုလေးထဲမှ Love scene ကို သတိရပြီး စိတ်လွှတ်သွားကာ ပွေ့ဖက်ထားလိုက်မိသည်။

"ဖြောင်း. . ဖြောင်း. . ဖြောင်း. . ဖြောင်း"

လက်ခုပ်သံတွေကြားရမှ နှစ်ယောက်သားလန့်ဖျပ်ပြီး လူချင်းခွာလိုက်ကြသည်။ စတူဒီယိုထဲရှိသမျှ လူအားလုံး သူတို့နှစ်ယောက်ကို ဝိုင်းပြီး ဂုဏ်ပြုနေကြတာ တွေ့ရတော့ နူးညံ့ အတော်ရှက်သွား၏။ ထိုစဉ် လူအုပ်ထဲမှ တစ်ယောက်ထွက်ပြေးသွားတာ တွေ့လိုက်ရသည်။ ထိုသူမှာ သူသူဖြစ်ကြောင်း ဒီဒီးရော နူးညံ့ပါ သိလိုက်ကြသည်။

❈❈❈

**နှစ်**သစ်၏ နှစ်ဦးပိုင်းကာလသည် ဒီဒီးနှင့် နူးညံ့တို့အတွက် မင်္ဂလာအပေါင်းနှင့် ခညောင်းသော ပျော်စရာအချိန်ကာလများ ဖြစ်ခဲ့သည်။ ထိုကာလများမှာ သူသူတစ်ယောက် လုံးဝငြိမ်သွား၏။ တစ်ယောက်တည်း ရှောင်ဖယ်ဖယ်လုပ်ကာ ဇာတ်ကောင်ကို ကျင့်နေတော့သည်။ သူငယ်ချင်းများ စိတ်မကောင်းဖြစ်သော်လည်း ဒါမျိုးက ချော့မော့အားပေးနှစ်သိမ့်ပေးလို့ရသည့် ကိစ္စမျိုးမဟုတ်. . .

ဒီအတိုင်း လွှတ်ပေးထားပြီး အချိန်က ကုစားပေးသွားမည်သာ ဖြစ်သည်။ အလုပ်နားရက်တောင် အိမ်မကပ်ဘဲ နှစ်ယောက်တွဲ ပျော်





မြူးနေသည်က ဒီဒီးနှင့်နူးညံ့တို့ စုံတွဲပင်ဖြစ်တော့သည်။ သို့သော်. . သူသူက ဒီဒီးမိသားစုနှင့်တော့ အခင်မင်မပျက်၊ ဝင်ထွက်လျက်သာ ဖြစ်သည်။ ဒီဒီးနှင့်မေးထူးခေါ်ပြောသာ ဆက်ဆံဖို့သာ အချိန်ရသော်လည်း ဒီဒီးမရှိသည့်အိမ်မှာ တစ်နေကုန် နေချင်နေတတ်သည်။

ထိုအကြောင်းတွေကို ဒေါ်သဇင်နှင့် မီးမီးတို့ပြောပြ၍ ဒီဒီးသိခဲ့ရခြင်းဖြစ်သည်။ ထိုမှမက လိုက်လိုက်လျောလျော ဆက်ဆံရန်ကိုပါ သတိပေးလာကြသည်။

ဒီကိစ္စကို သူငယ်ချင်းများနှင့် တိုင်ပင်ကြည့်တော့ ငြိမ်းချမ်းဝေက မင်းအဖြစ်ကလည်း ချိန်ကိုက်ဗုံးကို ဖင်ခုထိုင်နေရသလိုပါပဲလားကွာ၊ ဘယ်အချိန်ထပေါက်မယ်ဆိုတာ မသိဘဲ ရင်တထိတ်ထိတ်နဲ့နေနေရတာ မမိုက်ပါဘူးကွာဟု ပြောသည်။

ဒီဒီးကတော့ တစ်မိသားစုနှင့် တစ်မိသားစု ပေါင်းဖက်ကြတာ ကာယကံရှင်နှစ်ဦးကသာ အဓိကဟု မှတ်ယူထားသည်။ အချိန်တန်လျှင် သူသူ လက်လျှော့သွားလိမ့်မည်ဟုသာ ယုံကြည်ထားသည်။ အခြေအနေပေးသည့်ရက်များတွင် နူးညံ့တို့အိမ်သို့ သွားလည်သည်။ တစ်ခါတစ်ရံတွင် ခွင့်တောင်းပြီး နူးညံ့ကို အပြင်ခေါ်သွားလေ့ရှိသည်။ ထိုသို့သောရက်များတွင် သူတို့နှစ်ယောက် ချစ်သူများနယ်မြေသို့ ရွက်လွှင့်ကြသည်။

ဒီနေ့လည်း ဒီဒီးနှင့်နူးညံ့တို့ ကန်တော်ကြီးကရဝိတ်ဥယျာဉ်သို့ ရောက်နေကြသည်။ လွတ်လပ်ကျယ်ဝန်းသော နယ်မြေနှင့် ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသည့် လေညင်းတို့၏ ရသကိုခံစားကာ အနာဂတ်အရေး ဆွေးနွေးကြသည်။

"အိမ်မှာ ကိုယ့်အနေအထားက ဘယ်လိုလဲနူးညံ့"

"အင်း ကန့်ကွက်တားမြစ်သတိပေးတာတွေတော့ မရှိပါဘူး"

"ဒါဆိုရင်တော့ သေချာပါပြီ၊ ကိုယ့်ကို ရွေသမက် ခွင့်ပြုသမတ်



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်း သတ်မှတ်ထားတာပဲ ဖြစ်မယ်”

ဒီဒီး မျက်စောင်းဆုအပြင် ဗိုက်ခေါက်ဆွဲလိမ်ခြင်းကိုပါ ကံစမ်းမဲ ပေါက်သွားသည်။ လျှော့ကြေးရယူသည့်အနေဖြင့် နူးညံ့ပခုံးကို ခပ်တင်းတင်း ဖက်ထားလိုက်၏။

“ကိုယ်တို့ ဘယ်တော့လောက် လက်ထပ်ကြမလဲဟင်”

“အလုပ်လေးရတာနဲ့ အဲလိုလုပ်လို့ ကောင်းမလား. . (၂)နှစ် (၃)နှစ်လောက်တော့ မိဘကို လုပ်ကျွေးဦးမှပေါ့”

“ဘုရား. . ဘုရား. . အဲဒီလောက်တောင် စောင့်ရမယ်ဟုတ်လား”

“အံမယ် မိဘတွေက (၂၀)ကျော်တဲ့အထိ တာဝန်ယူခဲ့ရတာလေ. . ကိုလည်း ပြင်ဆင်စုဆောင်းဖို့ အချိန်ရတာပေါ့”

“အင်း. . ပြောတာကောင်းပေမယ့် လိုက်နာရမှာ မကောင်းဘူး၊ ကိုယ်ကခုတော့ အတ္တာပြူချင်နေပြီ”

ဒီဒီး ဗိုက်ခေါက်နှင့်လက်မောင်းတွင် အတွင်းဒဏ်ရသွားသည်။ ဒီဒီးကလည်း နူးညံ့ပါးကို နှာခေါင်းနှင့် ရိုက်ပစ်လိုက်တော့၏။ ထိုသို့ ပျော်ရွှင်ကြည်နူးစရာ နေ့ရက်များက လျင်မြန်စွာ ကုန်ဆုံးသွားခဲ့သည်။

မြန်မာတို့၏ နှစ်ကူးအတာသင်္ကြန် နေ့ရက်များက တဖြည်းဖြည်း နီးကပ်လို့လာသည်။ သင်္ကြန်ကာလအတွက် တာဝန်ချထားသော





Posting ကြေညာချက် ထွက်လာသည်။ အတူတူ တာဝန်ကျဖို့ ဆုတောင်းခဲ့သော်လည်း ဆန္ဒမပြည့်ခဲ့။ ဒီဒီး၊ နေဝင်းအောင်နှင့် သူသူတို့ မန္တလေးမဟာသင်္ကြန် အစီအစဉ်များကို တိုက်ရိုက်လွှင့်ထုတ်ရန် တာဝန်ကျသည်။

နူးညံ့က အခြားဝန်ထမ်းများနှင့်အတူ ရန်ကုန်မှာ ကျန်ခဲ့သည်။ ထို့အတွက် နူးညံ့နှင့် ဒီဒီး ကိန္နရာချောင်းခြားဇာတ်ကို ကပြရန် ရိဟာဆယ် လုပ်နေကြ၏။ သူတို့ကိုကြည့်ပြီး နေဝင်းအောင်က မဲ့ကာရွဲ့ကာနှင့် မလိုတမာ ပြောသည်။

“အမလေးကွာ ဖြစ်နေလိုက်တဲ့ရုပ်တွေက လက်ထပ်ခါနီးမှ နှစ်ယောက်လုံး အိပ်(ချ်)အိုင်ဗီပေါ့စတစ် ဖြစ်နေတာ သိလိုက်ရတာကျနေတာပဲ”

“ထွီ. . စုတ်ပဲ့လိုက်တဲ့ကောင် မင်းအပေါက်ကို Colgate နဲ့ သုံးခါလောက်သွားတိုက်ပြီး ဆာလဖျူရစ်အက်ဆစ်နဲ့ ပလုတ်ကျင်းပစ်လိုက်စမ်း”

“အေးလေ သူမစွံတိုင်း သူများသားသမီးတွေကို အရောက်ပို့ချင်နေတယ်ပေါ့၊ ဟုတ်လား နေဝင်းအောင်. . ကောင်စုတ်”

နှစ်ယောက်တွဲပြီး ဖွဲ့ကြ၍ နေဝင်းအောင် အမြီးကုတ်သွားသည်။ ငြိမ်းချမ်းနှင့်သူသူ သဘောကျစွာ ခေါင်းညိတ်ကြ၏။

“အေးပေါ့. . နင်တို့က အားကိုးရှိတယ်ဆိုပြီး ငါ့ကို မညှာမတာ ဝိုင်းကစ်ကြတယ်ပေါ့ ဟုတ်လား၊ မှတ်ထားလိုက် ခိုင်ငြိမ်းစံနဲ့ လက်ထပ်ပြီးမှ မင်းတို့ကို လာပြီးရန်တွေ့ဦးမယ်သိလား”

နေဝင်းအောင် ပြန်ခွပ်ပုံကြောင့် အားလုံး ဝိုင်းဟားကြ၏။

သူသူက လူကြီးဆန်ဆန် စကားပြောသည်။

“စိတ်ချပါနူးညံ့ရယ်၊ ငါနဲ့နေဝင်းအောင်ပါတာပဲဟာ နင့်ချစ်ချစ်ကြီး မန္တလေးသူတွေနဲ့ မကဲအောင် ဝိုင်းထိန်းပေးပါ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"အမလေး သူသူရယ် ငါ့ချစ်ချစ်ကို ငါယုံပြီးသား၊ ဒီဒီး ရင်ထဲမှာ ငါကလွဲရင် ဖွဲနဲ့ဆန်ကွဲလား"

"မဟုတ်ဘူး ပေါ်ဆန်းမွှေးနဲ့ ဆင်းရွှေသွယ်တွေချည်းပဲ"

ရယ်သံတွေ မစဲတော့. . .

❧❦ ❧❦ ❧❦

**အား**လုံးပေါင်း ခြောက်ရက်ခန့်သာကြာမည့် ခရီးစဉ်ဖြစ်သော်လည်း ဒီဒီးနှင့်နူးညံ့တို့ မခွဲနိုင်မခွာရက် ဖြစ်နေကြသည်။ ပို့ဆိုးသည်က လေဆိပ်ကားကြီးတစ်စီး၊ မီနီဘတ်(စ)တစ်စီး၊ ထုတ်လွှင့်ရေးယာဉ်တစ်စီးတို့နှင့် ခရီးသွားမည့်သူတွေ ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို MRTV ဝင်းကြီးအတွင်းမှာပင် တွေ့မြင်နေရ၍ ဖြစ်သည်။

မိခင်ဌာနမှာ ကျန်ခဲ့မည့်သူတွေ၊ လူကြီးတွေ၊ မိတ်ဆွေတွေက ကားနားမှာဝိုင်းပြီး မှာစရာရှိတာ မှာနေကြသည်။ ဒီဒီးက အလွမ်းသယ်၍မဆုံး၊ ထွက်လုဆဲဆဲကားပေါ် နောက်ဆုံးတက်လာသည်မှာလည်း ဒီဒီးသာဖြစ်သည်။ လူလုံးပျောက်တာတောင် လက်လှမ်းပြနေမိသည့် ဒီဒီးအား ဆောင့်ဆွဲကာ ထိုင်ခိုင်းရတာ နေဝင်းအောင်ပဲဖြစ်သည်။

လေဆိပ်ကားပေါ်မှာ ရှေ့ပိုင်းတွင် မိန်းကလေးများ ထိုင်ကြပြီး နောက်ပိုင်းမှာ ယောကျ်ားလေးအုပ်စု နေရာယူထားသည်။ လူပို့လူလွှတ်တွေ ပါလာတာများသလို ဒီနေ့အဖို့ ဘာတာဝန်မှ ထမ်းစရာမရှိ





သည့်အတွက် ကြိုတင်စီစဉ်လာကြသည့် ပုလင်းများကို ဖွင့်ကြတော့သည်။ ဒီဒီးလည်း မူးနေတာ အကောင်းဆုံးဖြစ်မည်ဟု ယူဆပြီး တစ်ဘပ်တစ်အား ပါဝင်ဆင်နွှဲလိုက်တော့သည်။

နောက်တစ်နေ့ မနက်အစောတွင် မန္တလေးသို့ရောက်သည်။ မြို့တော်ဝန်မဏ္ဍပ်တွင် နားပြီး၊ ရိုက်ကူးရေးအတွက် လိုအပ်သည်များ ပြင်ဆင်သည်။ အားလုံးအသင့်ဖြစ်မှ တည်းခိုဆောင်သို့ သွားကြသည်။ ပစ္စည်းများ နေရာချပြီးသည်နှင့် မဏ္ဍပ်သို့ပြန်လာ၍ စမ်းသပ်ရိုက်ကူးထုတ်လွှင့်ကြည့်သည်။ ညနေသုံးနာရီတွင် မဏ္ဍပ်ဖွင့်ပွဲ ကျင်းပမည်ဆို၍ အချိန်လုပြီး ဘုရားကြီးသို့ ထွက်လာကြသည်။ ဘုရားဖူးအပြီး မနက်တိုးနာရီလောက်တွင် ဒီဒီး ရန်ကုန်သို့ ဖုန်းခေါ်သည်။

နူးညံ့အား လမ်းခရီးအဆင်ပြေပုံ၊ မန္တလေးရောက်ပြီး အလုပ်စနေပြီ ဘာညာနှင့် နှုတ်ဆက်စကားပြောနေစဉ် နေဝင်းအောင် အနားအတင်းကပ်လာပြီး နူးညံ့ရေ နင့်အကောင် မန္တလေးမြီးရှည်သည်နဲ့ ဖြစ်နေပြီဟု ဝင်လောင်သေး၏။ သူသူ့မျက်နှာမှာ အဓိပ္ပာယ် ဖွင့်ရခက်သော အမူအရာများ ရှိနေလေသည်။

သူတို့အားလုံး နေ့ခင်းပိုင်းမှစပြီး မဏ္ဍပ်သို့ရောက်ခဲ့ရသည်။ ဖွင့်ပွဲအခမ်းအနားမှစ၍ တိုက်ရိုက်ထုတ်လွှင့်သည်။ မန္တလေးသင်္ကြန်ကအစတအလှတို့ ပိုစုံသည်။ အလှပြယာဉ်များ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာသော ဆိုကြကကြ ပြိုင်ပွဲဝင်ကြသည်။ ငွေငန်းရုပ်ကြီးနှင့် မြို့မအဖွဲ့ကသာခုတိုင် အရှိန်အဝါကြီးနေဆဲသာ ဖြစ်သည်။

ညနေစောင်းတွင် သူသူ ဒီဒီးနှင့် ရိုက်ကူးရေးအဖွဲ့တစ်ဖွဲ့. . . မှုလေးကျုံးပတ်လည်မှ မန်းသင်္ကြန်စစ်စစ်မြင်ကွင်းကို ရိုက်ကူး တင်ဆက်ကြသည်။ ပရင်စန်တာ သူသူက သင်္ကြန်ဖက်ရှင်နှင့် ရင်ခုန်စရာသဝနေ၏။

မန်းသူမန်းသားတို့၏ သင်္ကြန်အပေါ် ရင်ခုန်စကားသံ တို့ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း တွေ့ဆုံဆွေးနွေးမေးမြန်း ရိုက်ကူးကြသည်။ ဒီဒီးက မကြုံဖူး သေးသော နာမည်ကြီးသကြိန်ကို ချစ်သူနှင့်သာ ဆင်နွှဲချင်စိတ်တွေ တဖွားဖွား ပေါ်ပေါက်နေတော့သည်။

“ပျော်စရာကြီးနော် ကိုဒီး”

“ဟုတ်တယ် သူသူ၊ နှုးညံ့သာပါလာရင် သိပ်ကောင်းမှာပဲ ခုပဲတွေးနေတာ”

“အဖြစ်သည်းလိုက်တာ ကိုဒီးရယ် ရောက်တုန်း ပျော်ပျော်နေ တာ မဟုတ်ဘူး၊ ဩော်. . ဒါနဲ့ အပြန်ကျရင် သူသူတောင်ငူဝင်ဦးမှာ လိုက်လည်ပါလား ကိုဒီး”

“နောက်ကြုံဦးမှာပါ သူသူ၊ ငါတော့ တာဝန်ပြီးတာနဲ့ ရန်ကုန် ပြန်ပြေးချင်တာ”

ပိုရန်ကောဟူသည့် မျက်စောင်းနှင့် မူနွဲ့နွဲ့ဖြားယောင်းလာ သော ချစ်စရာအမူအရာလေးကြောင့် ဒီဒီး မျက်နှာလွှဲထားလိုက်ရ သည်။ သကြိန်ရယ် မြန်မြန်ပြီးပါတော့ဟု ဆုတောင်းရင်း နှုးညံ့မျက်နှာ ကိုသာ တရေးရေး မြင်ယောင်နေတော့၏။

အကျနေ့၊ အကြတ်နေ့၊ အတက်နေ့မြင်ကွင်းများကို တာဝန် ကျေကျေ ရိုက်ကူးတင်ဆင်ပြီးသည့် အခါမှာတော့ အလှအက သဘင် ပြိုင်ပွဲဝင်အသင်းများ ဆုချီးမြှင့်သည့် အခမ်းအနား ရောက်ရှိလာသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ရမည်းသင်းမြို့နယ် ကိုယ်စားပြုအ သင်းက တတိယ. . ၊ ပြင်ဦးလွင်မြို့နယ်အသင်းက ဒုတိယနှင့်. . ရွှေ မန္တလေးအသင်းက ပထမဆု ရရှိသွားသည်။

မဟာသကြိန်မဏ္ဍပ် ပိတ်သိမ်းပြီး နှစ်သစ်ကိုကြိုဆိုကာ စခန်း သိမ်း ညစာစားပွဲ ကျင်းပသည်။ အသောက်အစားတွေ စုံလင်လှ၍ ဒီဒီးလည်း စိတ်ကိုလွှတ်ပြီး သောက်နေမိသည်။ အနားကပ်ထိုင်နေသည့် သူသူက. . .





“ကိုဒီး အကူအညီတစ်ခု တောင်းချင်လို့”

“ပြောလေ သူသူ”

“သူသူ ဖယ်ရီနဲ့ ပြန်မလိုက်တော့ဘူး၊ မနက်ဖြန် ညနေမှထွက် မှာဆိုတော့ အချိန်ပုပ်လို့ သူသူ အဝေးပြေးကားနဲ့ပဲ တောင်ငူကို သွား တော့မယ်”

“သဘောပဲလေ”

“အဲဒါ တစ်ယောက်တည်းလည်း မသွားရဲလို့ ကိုဒီးလိုက်ပို့ပါ လား”

“ဟင်. . အဲ. . အဲ. . ဒါတော့”

“သိပ်လည်းလန့်မသွားပါနဲ့ ကိုဒီးရယ် အဖော်ခေါ်ရုံလေးပါ။ ကိုဒီးက ရန်ကုန်ထိလက်မှတ်ဝယ်၊ သူသူ တောင်ငူမှာ ဆင်းနေခဲ့မှာ ကိုဒီး ဆက်စီးသွားပေါ့၊ နှုးညံ့နဲ့ တစ်ရက်စောတွေ့ရမှာလေ မကောင်း ဘူးလား”

လမ်းကြုံအဖော်ခေါ်ရုံဆိုတော့ ဒီဒီး ငြင်းရခက်သွားသည်။ သူငယ်ချင်းမို့ အကူအညီတောင်းခြင်းဖြစ်ပြီး တစ်ယောက်တည်း လွှတ် လိုက်ဖို့လည်း မကောင်းတတ်သဖြင့် ဒီဒီးခေါင်းညိတ်လိုက်သည်။ ဌာန တယာဉ်တန်းနှင့်ပြန်တာထက် တစ်ရက်နီးပါးစောမည့်မို့ နှုးညံ့နှင့် မြန် မြန်တွေ့လို့ရသည်ဟုတွက်ပြီး သဘောတူလိုက်၏။

မြို့ခံဌာနဆိုင်ရာတို့ အကူအညီနှင့် မနက်စောစောထွက်မည့် ကားတွင် နှစ်ယောက်စာလက်မှတ် ရခဲ့သည်။ နေဝင်းအောင် အ သောက်လွန်ပြီး ဇက်ကျိုးနေသဖြင့် ထိုကိစ္စကိုပင် အသိမပေးလိုက်ရ။ သောက်တာလျှော့ပြီး မနက်ခရီးထွက်ဖို့ သိမ်းဆည်းပြင်ဆင်ထားလိုက် တော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

High way ကားပေါ်မှာ ဒီဒီးနှင့်သူသူ တူယှဉ်တွဲပြီး လိုက်ပါ လာကြသည်။ သူသူအမူအရာက ကြည်လင်ပျော်ရွှင်နေပြီး စကားတွေ တတွတ်တွတ် ပြောလာခဲ့သည်။ မန္တလေးနှင့် တောင်ငူ လွန်ရောက်ဖို့ ရော ခြောက်နာရီလောက်သာ စီးရမည့်မို့ ဒီဒီး လိုက်လျောသည်။ခံတာ အလိုက်အထိုက် စကားပြောရင်း လိုက်လာခဲ့သည်။

နှစ်ဆန်းတစ်ရက်နေ့ဖြစ်သော်လည်း တချို့နေရာတွေမှာ ရေ





ပက်လို့ကောင်းတုန်းပဲ ရှိနေသေးသည်။ လက်ကျန်သင်္ကြန်ရသတို ခံစား ခွင့်ရသည်ပေါ့။ ဆယ့်တစ်နာရီခွဲလောက်တွင် ထမင်းစားနားသည်။ နှစ် သက်ရာမှာ စားကြရင်း. . .

"တောင်ငူမှာ ဘယ်နှရက်နေမှာလဲ"

"နှစ်ညအိပ်လောက်ပါပဲ မရောက်တာကြာပေမယ့် ခွင့်မှမရ တာ"

"အင်းပေါ့. . . ဝန်ထမ်းဘဝက ဒီလိုပါပဲ"

"ဒါနဲ့ ကိုဒီးတို့ ဘယ်တော့လောက် လက်ထပ်ကြမှာလဲ"

"နူးညံ့က အချိန်ယူချင်သေးတယ်၊ ငါကတော့ အခုတောင် လက်ထပ်ချင်နေတာ"

သူသူ့မျက်နှာမှာ ဆုံးရှုံးရပြီဟူသောအသိနှင့် တွေတွေငေးငေး ကြေကြေကွဲကွဲဖြစ်သွားတာ သူတိပြုမိသည်။ မတတ်နိုင်. . ၊ သူ့စိတ်သူ ထိန်းတာ အကောင်းဆုံးဖြစ်လိမ့်မည်။ နောက်ထပ်နာရီဝက် တစ်နာရီ ဆိုလျှင် တောင်ငူရောက်တော့မည်ဖြစ်သည်။ အလိုက်အထိုက် ဆက်ဆံ နေရတာတွေ ပြီးဆုံးတော့မည်ဖြစ်၍ လက်ကျန်အချိန်ပိုင်းကို ဥပေက္ခာ နှင့်သာ နေတတ်အောင် ကြိုးစားရသည်။

ကားဆက်ထွက်လာသည့်အခါ ဗိုက်လေးလေးနှင့် ဒီဒီးအိပ် ငိုက်၍ လိုက်လာခဲ့သည်။ သူသူက ဒီဒီးကို စောင်းငဲ့ကြည့်ရှုရင်း ကြေကွဲ လို့နေသည်။ တောင်ငူ အဝင်တွင် ကြမ္မာဆိုးက တစ်ကားလုံးကို လျှပ်နှိုး လိုက်သည်။

ဘာဖြစ်သွားသည်မသိ. . ကားတိမ်းမှောက်ကာ ဘေးတိုက် အရှတ်တိုက် ရွေ့လျားနေတာ သိလိုက်ကြရ၏။ ကားပေါ်တွင် ကမ္ဘာ ပျက်သွားသည်။ အလန့်တကြား အော်ဟစ်သံများအထိတ်တလန့် ငိုသံ သံများ ပွက်လောရိုက် ဆူညံသွား၏။

ကားလုံးဝရပ်တန့်၍ ငြိမ်သက်သွားသောအခါ ဒီဒီးနှင့် သူသူတို့



www.burmeseclassic.com

www.burmeseclassic.com



အသက်နှင့်ခန္ဓာ တည်မြဲနေသေးတာကို သိလိုက်ကြသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။ မှန်လုံပိတ်ကားကြီးထဲမှ လွတ်မြောက်ဖို့ လမ်းစရှာကြသည်။ ကံအားလျော်စွာ အရေးပေါ် ထွက်ပေါက်တံခါးကို ဖွင့်လို့ရသွားသည်။ တစ်ကိုယ်ကောင်းဆန်သူတွေ အတင်း အလုအယက် တိုးဝှေ့ထွက်ကြ၏။

ဒီဒီး စပယ်ယာနှင့်ညှိနှိုင်းကာ ဒဏ်ရာရသူများ၊ ကလေးများနှင့် အမျိုးသမီးများကို ဦးစားပေး ထွက်ခိုင်းရသည်။ ကားမီးလောင်ပေါက်ကွဲမှာစိုးပြီး တငိုငိုတရီရီ ဖြစ်နေကြသည်။ နောက်ဆုံးမှာ ဒီဒီးတို့ထွက်ကာ ကားကိုယ်ထည်ပေါ် ခြေစုံရပ်သည်။ အနီးအနားမှလူတွေ၊ ကြက်ခြေနီတွေ၊ မီးသတ်တွေ တဖွဲဖွဲရောက်လာကြတာတွေ့သည်။ အတော်မြင့်သော တုံးလုံးလဲနေသည့် ကားပေါ်မှ ဒီဒီးခုန်ချလိုက်၏။

အကျမတော်သဖြင့် ခြေကျင်းဝတ်လည်သွားကာ အသည်းခိုက်မျှ နာကျင်သွားသည်။ အောက်သို့ကြိုရောက်နေသော သူသူ အတင်းပြေးလာ၏။ ဒီဒီးကိုပွေ့ဖက်ကာ တွဲထူသည်။ ကားဆီမှ ခပ်လှမ်းလှမ်းသို့ တွဲခေါ်လာခဲ့၏။ နှစ်ယောက်လုံး ပွန်းပဲ့ဒဏ်ရာနှင့် ခြေပွတ်တိုင်လည်တာလောက်ပဲ ခံစားရ၍ ဘုရားတကာ သက်ပြင်းချမိကြသည်။

မီးသတ်နှင့် ရဲအဖွဲ့က ကူညီကယ်ဆယ်ရာမှ သုံးယောက်သေသည်ဆိုသည့် သတင်းစကားတွေကြားရသည်။ တောင်ငူက လှမ်းမြင်နေရသည်မို့ သူသူက အိမ်ကိုဖုန်းဆက် အကြောင်းကြားသည်။ နာရီဝက်အတွင်း Hilux ကားတစ်စီးနှင့် သူသူ့မိဘတွေ ရောက်လာကြသည်။ ပွန်းပဲ့ဒဏ်ရာသာရသည့် သမီးကို ဖက်ပြီး ဝမ်းသာဝမ်းနည်းငိုကြွေးကြသည်။

ဒီဒီးပါ ပါလာပြီး လမ်းကောင်းကောင်း မလျှောက်နိုင်ကြောင်းသိရသောအခါ အိမ်သို့လိုက်၍ အနားယူကုသရန် အတင်းခေါ်တော့၏။ ဘယ်လိုပဲစီစဉ်သည်ဖြစ်စေ ဒီနေ့ခရီးဆက်ဖို့ မဖြစ်နိုင်သည့်အတွက်





ဒီဒီး ခေါင်းညိတ်လိုက်ရသည်။ သက်ဆိုင်ရာမှ ခရီးသည်နှစ်ယောက်အန္တရာယ်ကင်းစွာနှင့် အိမ်ပြန်တော့မည်ဖြစ်ကြောင်း သတင်းပေးစာရင်းသွင်းသည်။

ဒီလိုနှင့် ဒီဒီးသူသူ့အိမ်သို့ ပါသွားခဲ့သည်။ သူသူ့မိဘများကသည်း ဒီဒီးအား လိုအပ်တာထက် ပိုဂရုစိုက်သည်။ မြန်မာအနှိပ်ဆရာတို့ အိမ်ပင့်၍ ခြေပွတ်တိုင်လည်တာကို ကုသပေးသည်။ ဒဏ်ရာမပြင်း၍ ဆေးလူးနှိပ်နယ် ပတ်တီးစည်းပေးရုံနှင့် အတော်သက်သာသွားသည်။

အားလုံးပြီးစီးသွားသည့် အခါကျမှ အေးအေးဆေးဆေး ထိုင်ကာ စကားပြောခွင့်ရသည်။ သူသူက လုပ်ငန်းအတွေ့အကြုံနှင့် မန္တလေးသင်္ကြန်အကြောင်း ရေပက်မဝင်ပြောပြတာတွေ နားထောင်ပြီး မိဘများ ပီတိဖြစ်နေကြသည်။ သူသူ့ဖခင်က ဒီဒီးကိုကြည့်ပြီး မေးမြန်းသည့်အခါမှာတော့. . .

"သူ့နာမည်က ဒီဒီးပါ ဖေဖေ၊ သင်တန်းတက်ကတည်းက ခင်ခဲ့ကြတာ. . အလုပ်ဝင်တော့လည်း အတူတူ. . မန္တလေးမှာ တာဝန်ကျတော့လည်း အတူတူပါပဲ ပြီးတော့. ."

ပြီးတော့ဟုဆိုပြီး သူသူခဏ စကားဖြတ်လိုက်သည်။ ဒီဒီးကို ခုံမရဲ လှမ်းကြည့်ပြီး သက်ပြင်းရှိုက်လိုက်ရင်း. . .

"ပြီးတော့. . သမီးနဲ့မကြာခင်မှာ လက်ထပ်ကြတော့မယ့်. . သမီးရဲ့ချစ်သူပါ"

သူသူ့စကားကြောင့် ဒီဒီးမျက်လုံးပြူးကာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ သူသူဘာတွေ လျှောက်ပြောနေတာလဲ။ ဒါကို ဘယ်လိုတုံ့ပြန်ရမလဲဆိုတာ အပြေးအလွှား စဉ်းစားခိုက်မှာပင် သူသူ့မိခင်က ပြုံးရွှင်သောမျက်နှာထားနှင့်. . .

"အို. . ဟုတ်လား၊ ကဲ ကိုသူတော် ရှင့်သမီးက သူ့အကြောင်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ကို ရှာတွေ့ပြီတဲ့၊ အဖေကြီး သဘောကရော ဘယ်လိုလဲ"

"အင်း. . တို့တွေမှာ ဒီသမီးတစ်ယောက်ပဲရှိတာ သူ့စိတ်ချမ်းသာဖို့က အဓိကပဲလေ၊ သမီးရဲ့ သူငယ်လေးကလည်း ဥပဓိရုပ်ကောင်းသားပဲ၊ ပြီးတော့ ပါသနာတူအလုပ်တူ တီဗွီထဲမှာလည်း သူ့ကို ခဏခဏတွေ့နေရတော့ လူချင်းလည်း ရင်းနှီးပြီးသားပဲဟာ၊ သမီးစိတ်တိုင်းကျဖြစ်ရမှာပေါ့"

"ကဲ. . သမီး အဖေကြီးပြောတာ ကြားတယ်နော် ဘာမှပူမနေနဲ့တော့ မောင်ဒီဒီးလည်း စိတ်ချမ်းသာတော့၊ တစ်ဦးတည်းသော သမီးလေးဘဝမှာ ပစ္စည်းဥစ္စာဆိုတာ ဘာမှမလိုတော့ပါဘူး စိတ်ချမ်းသာဖို့က အဓိကပဲ ဟုတ်ပြီလား"

ရေပက်မဝင် ပြောနေကြသည့် စကားတွေကြားမှာ ဒီဒီး မယုံသာမလွန့်သာ ဖြစ်ခဲ့ရသည်။ ငြင်းဆန်ဖို့ အခွင့်မသာသလို သူသူ့အရှက်တကွဲဖြစ်မှာ၊ မြို့မျက်နှာဖုံး သူသူ့မိဘတွေ အရှက်တကွဲ ဖြစ်မှာတွေတွေးပြီး ဒီဒီးဘာစကားမှ ပြောမထွက်တော့။ သူသူ့အား သတိပေးကြည့်နှင့် ကြည့်ပြီး မျက်လုံးစကားပြောသော်လည်း သူသူက ခေါင်းငုံ့ထား၏။

"ဘယ်လိုပဲဖြစ်ဖြစ် သားတို့ရန်ကုန်ရောက်ရင် မိဘတွေကိုပြောပြပြီး ကြောင်းလမ်းတာလေးဖြစ်ဖြစ် လုပ်ပေးဖို့တော့ လိုလိမ့်မယ်"

"ဟုတ်ကဲ့ ဖေဖေ၊ သမီး ကိုဒီးနဲ့တိုင်ပင်ပြီး အမြန်ဆုံးစီစဉ်လိုက်ပါ့မယ်"

ဒီဒီး ဘာမှမပြောရသေးခင် သူသူက ဝင်ပြောလိုက်၍ ပြောစရာစကားမရှိ ဖြစ်သွားရ၏။ မိဘများက အေးအေးဆေးဆေး အနားယူရန်ပြောပြီး ဒီဒီးအတွက် ပြင်ထားသည့် အခန်းသို့ လိုက်ပို့ခိုင်းသည်။ သူသူ့ကို တွဲပြီး ထော့နင်းထော့နင်း လျှောက်လာသည့် အခိုက်မှာ. . ဒီဒီး ကျိတ်၍ပြောဆိုလာခဲ့၏။





"မင်းရှုးနေလားသူသူ. . မိဘတွေကို မဟုတ်တာတွေ ဘာလို့လျှောက်ပြောလိုက်ရတာလဲ၊ မင်းကိုစွ မင်းတာဝန်ယူနော် မယူရင်တော့ ငါအဆိုးမဆိုနဲ့ အမှန်အတိုင်း ဖွင့်ပြောလိုက်မှာ"

သူသူဘာမှ မတုံ့ပြန်ဘဲ အခန်းထဲ အရောက်ပို့သည်။ အခန်းတံခါးပိတ်ပြီးတော့ ဖန်ခွက်တစ်လုံးယူ၍ အောက်တွင်ချကာ ဖက်လုံးအုပ်ပြီး တက်နင်းလိုက်သည်။ သူသူ ဘာတွေလုပ်နေမှန်း မသိ၍ ဒီဒီးကြောင်ကြည့်နေစဉ်မှာပင် ဖန်ကွဲစတစ်ခုကို ကောက်ယူ၍ သူ့လက်ကောက်ဝတ်ကို လှီးရန်ချိန်ရွယ်ပြီး. . .

"ကိုဒီး အမှန်အတိုင်း ဖွင့်ပြောလိုက်မယ်ဆိုရင် သူသူသတ်သေလိုက်မှာနော်၊ လုပ်ရက်ရင် လုပ်ကြည့်လိုက်၊ အဓိပ္ပါယ် မရှိတဲ့လုပ်ရပ်တစ်ကိုယ်ကောင်းဆန်တဲ့လုပ်ရပ် ဆိုပေမယ့် ကိုဒီးဘဝတစ်လျှောက်လုံး စိတ်ချမ်းသာအောင်ထားမှာ၊ သူသူ ကိုဒီးကိုချစ်တယ်"

"မင်း. . မင်းကွာ. . ဒါ. . ဒါတွေ မင်းကြိုတင်ကြံစည်ခဲ့တာပေါ့. . ဟုတ်လား"

"ဟင့်အင်း. . ကားသာမမှောက်ရင် ခုလောက်ဆို ဇာတ်လမ်းပြတ်နေပြီ၊ ဒါပေမယ့် ကိုဒီးကို အိမ်အထိ ခေါ်လာခွင့်ရခဲ့တော့ သူသူလောဘကြီးသွားတယ်၊ ဘယ်လိုမှ အဆုံးရှုံးမခံနိုင်လို့ ခုလိုပြောလိုက်တာ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးတဲ့၊ ကိုဒီးလက်မခံရင် သူသူသတ်သေပစ်မှာနော် မယုံမရှိနဲ့"

ပြောချင်တာတွေ တရစပ်ပြောပြီး သူသူအခန်းထဲမှ ပြေးထွက်သွား၏။

ဒီဒီး စိတ်ညစ်ညူးစွာ ကျန်ရစ်ခဲ့သည်။ ထိုစဉ်. . နူးညံ့ ထံမှ ဖုန်းလာသည်။ ဆုပ်စူးစားရှူးဘဝနှင့် မုသားပေါ် သကာလောင်းကာ အားလုံးကောင်းပါသည်ခင်ဗျာဟုသာ အစီအရင်ခံရတော့သည်။ မနက်ဖြန်ညလောက် ပြန်ရောက်မည်ဟု ချွေးသိပ်ပြီး ဖုန်းပိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်တွင်လည်း သူသူမိဘများက ဒီဒီးကို ရှယ်ထမင်းပွဲနှင့် ဧည့်ခံပြီး တခမ်းတနားပြုစုသည်။ သူသူတို့ တိုက်ကြီးက ရုပ်ရှင်တွေထဲမှာ မြင်ဖူးသည့် တိုက်ကြီးမျိုးမို့ ဓနအင်အားကို မှန်းဆမိသည်။ သို့သော် သူ့စိတ်က နူးညံ့ထံမှာသာ. . ဦးသူတော်မေးသမျှ မိသားစုအကြောင်း ပြန်ဖြေရင်း အဖြစ်မှန်ကို ပြောပြဖို့ လေသံချိန်းလိုက်သည်။ ပါးနပ်သော သူသူရိပ်မိသွားပြီး သစ်သီးပွဲထဲမှ ပန်းသီးနှင့်ဓားကို ကောက်ယူလိုက်၏။

စားပွဲအောက်တွင် သူ့လက်ကောက်ဝတ်ပေါ် ခါးတင်ပြီး ဒီဒီးကို ပြုံး၍ကြည့်သည်။ ထို့အတွက် ဒီဒီး ပါးစပ်မဟရဲတော့။ သူသူက သူ့အမှန်တကယ် ခင်မင်ရင်းနှီးသည့် ဒီဒီးမိသားစုအကြောင်းကို ခရေစေ့တွင်းကျ ပြောပြသည်။ တောင်ငူမှာ အခြေအနေကို မသိမမြင် မကြားဘဲနှင့် သူ့ကို ဂရုစိုက်စောင့်ရှောက်ပေးကြောင်း၊ ဆင်းရဲချမ်းသာ ဖြစ်ရတာ အတိတ်ကံကြောင့်ဟုသာ လက်ခံထားသည့် မိသားစုဖြစ်ကြောင်း ရှင်းပြတော့ သူသူ့မိဘများ ဘဝင်ကျပြီး ခေါင်းတညိတ်ညိတ် ဖြစ်သွားကြသည်။

မလျှပ်နိုင်အောင် တုပ်ချည်ပြီး အာစေးထည့်ခံရသလို ဒီဒီး ခံစားနေရ၏။ သူသူက အပြုံးမပျက်ဘဲ ပန်းသီးအခွံနွှာ၍ ဒီဒီးကို လှမ်းပေးလိုက်၏။

ဒီပန်းသီးဟာ စနိုးဝှိုက်ဖာတ်ကားထဲက စုန်းမကြီးပေးသည့် ပန်းသီးသာဖြစ်ပါစေတော့ဟု ဒီဒီးဆုတောင်းမိတော့၏။





**နောက်**တစ်နေ့ မနက်မှာ ဒီဒီးအတွက် အဝတ်အစားသစ်တွေ သူသူလာပို့သည်။ ပြင်ဆင်ပြီးသည့်အခါ သူသူနှင့်အတူ အိမ်ရှေ့သို့ ထွက်လာခဲ့သည်။ ထိုအခါမှ. . ဒီဒီး မျက်လုံးပြူးသွားတော့သည်။ ဧည့်ခန်းမှာ အမျိုးသား အမျိုးသမီး လူကြီးပိုင်း ဆယ့်လေးငါးယောက်ကို တွေ့လိုက်ရ၍ဖြစ်၏။ အားလုံးက တောင်ငူမြို့မှ လူကြီးလူကောင်းများ ဖြစ်နေကြသည်။

ဦးသူတော်က သမက်လောင်းနှင့် မိတ်ဆက်ပေးပြီး ရွှန်းရွှန်းဝေအောင် ပြောတော့သည်။ ဒီဒီးမှာ မချိသွားဖြဲနှင့် လည်စင်းခံနေရသလို ဖြစ်နေ၏။ အခြေအနေက ကြာလေဆိုးလေ ဖြစ်နေခဲ့ပြီ။ ဒီပွဲမှာ အမှန်အတိုင်း ပြောလိုက်လျှင် တစ်မြို့လုံးနှင့် တစ်ယောက်ဖြစ်ပြီး သူ့ကို ဝိုင်းသတ်ကြလေမည်လား မသိ။

ဦးသူတော်က ကြုံမပြောဘဲ စိစဉ်လိုက်မိ၍ တောင်းပန်စကားပါ ပြောနေသေးသည်။ အားလုံးက တီဗွီထဲမှာမြင်ဖူးပြီး အပြောကောင်း အဆိုကောင်းမို့ သဘောကျနေကြကြောင်း ချီးကျူးကာ၊ ရှေ့သွားနောက်လိုက်ညီသည့် အဖော်မွန်များဟု ဂုဏ်ပြုထောပနာကြသည်။

လျှပ်လေမြှုပ်လေ ဖြစ်နေသော ဒီဒီး လုံးဝလျှပ်မရတော့. .



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန် ရထားလက်မှတ်စီစဉ်ထားပြီးဖြစ်ကြောင်း ပြောကာ. . တစ်ယောက်တည်း ပြန်ပြေးဖို့အကြံကို တားဆီးကြပြန်သည်။

နေ့ခင်းမှာ တော်င်ပူမြို့အနှံ့ လိုက်ပို့ပေးရင်း ယောက္ခမလောင်း အန်တီကြီးက သမက်လောင်းမိတ်ဆက်ပွဲ ဆက်လက်ကျင်းပပြန်၏။ သတင်းကြေညာသူ အစီအစဉ်တင်ဆက်သူဖြစ်၍ သာမာန်လူထက်ပိုပြီး လူသိများနေတာကလည်း တကယ့်ပြဿနာကြီး ဖြစ်လို့နေသည်။ နေ့တစ်ဝက်ခရီးနှင့်ပင် တောင်ပူတစ်မြို့လုံးသူတို့ သတင်းကတောမီးပမာ ပြန့်နှံ့သွားတော့သည်။

သူအခန်းပြန်ရောက်မှပဲ ဒီဒီးနားခွင့်ရတော့သည်။ ဆယ်မိနစ်လောက်အကြာမှာ သူသူ မဝှံမရဲနှင့် ဝင်လာသည်။ ပေါက်ကွဲနေသည့် ဒီဒီး ပိုးစိုးပက်စက် ပြောသမျှကို သူသူအပြုံးမပျက် နားထောင်သည်။ လေအေးလေးနှင့် မိသားစုသုံးယောက်၏ အရှက်နှင့်အသက်က ဒီဒီးလက်ထဲမှာပဲရှိသည်မို့ ဆန္ဒရှိသလိုသာ လုပ်ရန်ပြောလာသည်။

ညစ်ပြီး လေသွားသည့် ဒီဒီးကိုယ့်ခေါင်းကိုယ် ထုနှက်တော့၏။ ထိုအခါ ဒီဒီးလက်များကို ချုပ်ကိုင်ပြီး သူသူငိုရှာသည်။ မခံစားနိုင်တော့သည့် ဒီဒီးက ဒီညမူးနေချင်သည်ဟု တောင်းဆိုလိုက်၏။ သူသူခေါင်းညိတ်ပြီး အခန်းထဲမှ ထွက်သွားသည်။ နာရီဝက်အတွင်း. . အကောင်းစား အရက်အမြည်းတွေ အစုံအလင် ရောက်လာသည်။ အိပ်ခန်းနှင့်တွဲလျက် ရေချိုးခန်းအိမ်သာပါရှိ၍ သူများအိမ်မှာ အရက်သောက်ဖို့ ဒီဒီးအားမနာတော့။

"ကိုဒီး ဘယ်လိုခံစားနေရမလဲဆိုတာ သူသူသိပါတယ်၊ ဒါပေမယ့် အရက်ကို တအားမသောက်ပါနဲ့နော်"

ဒါပဲပြောပြီး သူသူအခန်းထဲမှ ထွက်သွားသည်။ ဒေါသတွေ နာကျည်းမှုတွေ ပေါက်ကွဲမှုတွေနှင့် ဒီဒီး တရကြမ်းသောက်သည်။ မရပ်မနားသောက်သည်။ သုံကြိမ်ရက်အတွင်း ယဉ်ပါးနေပြီဖြစ်သော်





လည်း အရက်ပြင်းအကောင်းစားဒဏ်ကို ဒီဒီးမခံနိုင်ဘဲ ဒေါင်ချာစိုင်းသွားခဲ့သည်။ အသိစိတ်ပါ ကင်းမဲ့သွား၍ အိမ်မက်ထဲ သူသူလည်းရောက်မလာ၊ နှုးညံ့လည်းအလည်မလာ၊ ပကတိ ပိန်းပိတ်မှောင်မိုက်လျက်သာ။

အချိန်တွေ တဖြည်းဖြည်း ကုန်ဆုံးသွားသည်။ ကျီးငှက်တွေ အိပ်တန်းထပြီး တအားအား အော်မြည်နေကြပြီ။ ထိုအချိန်မှာ သူသူနိုးလာ၏။ အခန်းပြင်ထွက်လာပြီး အောက်ထပ်သို့ဆင်းရန် ဟန်ပြင်ပြီးမှ ဒီဒီးအခြေအနေကောင်းရဲ့လား သိချင်လာသည်။ သို့နှင့် ဒီဒီး အခန်းတံခါးကို တွန်းဖွင့်ကြည့်သည်။ ကျီခနဲမြည်ကာ တံခါးပွင့်သွား၏။ ဒီဒီးက ပိုးလိုးပက်လက် အိပ်မောကျနေသည်။ ထိုမြင်ကွင်းကြောင့် သူသူစိတ်တွေ ထွေပြားသွားသည်။ ခုချိန်ထိ ဒီဒီးက ခါးခါးသီးသီး ငြင်းနေဆဲမို့ ပိုင်ပိုင်နိုင်နိုင် ဖြစ်သွားအောင် လုပ်ပစ်ဖို့ ရူးရူးမိုက်မိုက် အတွေးတွေ ဝင်လာ၏။

သူသူ သူ့အကျီအဝတ်အစားများကို ကပိုကရိုဖြစ်အောင်လုပ်ပြီး ဒီဒီးရင်ခွင်ထဲ ဝင်အိပ်လိုက်သည်။ မှားတာမှန်တာ၊ တရားတာမတရားတာ ဘာကိုမှ ထည့်မတွက်တော့ဘဲ ဆန္ဒကို ရှေ့တန်းတင်မိသည်။ အရှေ့ကောင်းကင်ဆီမှ ရောင်နီတို့ ထွက်ပြူလာခဲ့ပြီ။ ဒီဒီး လူးလွန့်လာ၏။ နွေးထွေးအိစက်နူးညံ့သော အထိအတွေ့နှင့် သင်းပျံ့ပျံ့ ကိုယ်နံ့တစ်ခုကို ခံစားရရှိက်မိသဖြင့် ဒီဒီးမျက်လုံးပွင့်လာသည်။ တပ်မက်ဖွယ် အထိအတွေ့ အနံ့အသက်တို့ကြောင့် ဒီဒီးအထိတ်တလန့်ဖြစ်သွားသည်။

စောင်းငဲ့ကြည့်လိုက်တော့ မိန်းကလေးတစ်ယောက်မှန်း သိလိုက်၍ အဆုံးစွန်ထိ တုန်လှုပ်ချောက်ချားသွားကာ ဝုန်းခနဲ ထထိုင်မိသည်။ သူ့လှုပ်ရှားမှုကြောင့် သူသူလည်း နိုးသွား၏။

"ဟင်. . သူသူ မင်းမင်း ဘယ်လိုလုပ် ဒီမှာရောက်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးမိတော့မှ သူသူ မျက်ရည်မိုးကို သွန်ချလိုက်သည်။

ရှိုက်သံတစ်ဝက်ဖြင့်. . .

"အဟင့်. . ဟင့်ဟင့်. . ကိုကိုဒီး သိပ်ဆိုးတာပဲ၊ ညက သူ့အတွက် ထမင်းလာပို့တာကို သူသူ့ကို အနိုင်ကျင့်တယ်၊ ဟီးဟီး. . ဟင့်ဟင့်ဟင့်. . သိပ်ရှက်ဖို့ကောင်းတာပဲ. . အဟင့်. . ဟင့်"

ဒီဒီး ဆံပင်တွေ ထောင်ထသွားသည်။ ခေတ်ဟောင်းဝတ္ထုထဲကလို ကမ္ဘာမြေကြီးသည် အိုးထိန်းစက်ပမာ သွက်သွက်ခါသွား၏။ ရှက်ရွံ့ထိတ်လန့်မှုနှင့် ဒီဒီး ယူကျုံးမရ ဖြစ်သွားသည်။

"သူသူ့ကို ဒီဒီးပိုင်သွားပြီ၊ မိဘတွေကလည်း သဘောတူထားပြီးပြီ၊ ကိုဒီး သူသူ့ကို ဘယ်လိုတာဝန်ယူမှာလဲ လက်ထပ်မှဖြစ်မှာနော် ပြောပြောပါဦး ကိုဒီးရယ်၊ သူသူ ဘာလုပ်ရမှန်း မသိတော့ဘူး ကိုဒီးရဲ့ အဟင့်. . ဟင့်"

ဒီဒီးမှာ ရွေးစရာလမ်း မရှိတော့။ အရက်ကြောင့်သူ့ဘဝ အဖတ်ဆယ်လို့ မရတော့။ သူက လူယုတ်မာလည်းမဟုတ် အခွင့်အရေးသမားလည်း မဟုတ်သည့်အတွက်. . .။

"ငါ. . ငါ. . တောင်းပန်ပါတယ် သူသူရယ် အဲဒီအတွက်နဲ့တော့ ဘာမှသောကမဖြစ်ပါနဲ့ ငါတာဝန်ယူပါတယ်၊ နင့်ကိုငါ လက်ထပ်မှာပါ ငါကတိပေးပါတယ် သူသူရယ်"

"တကယ်. . တကယ်နော် ကိုဒီး"

ဒီဒီး ခေါင်းညိတ်သည်။ မျက်ရည်များနှင့် သူသူပြုံးသွား၏။ ဒီဒီးအား လွတ်ထွက်မသွားအောင် တအားဖက်ထားလိုက်သည်။ ဒီဒီးအတွက်တော့ သေမိန့်ကျခြင်းသာ ဖြစ်တော့သည်။

သူတို့နှစ်ယောက် အခန်းထဲက ယှဉ်တွဲအထွက်မှာ ဘုရားခန်းမှထွက်လာသော သူသူ့အမေနှင့် တည့်တည့်တိုးသည်။ ဒီဒီး မျက်နှာရှေ့ထူပူသွားရသည်။ သူသူလည်း ထင်မှတ်မထား၍ တအံ့တသြ ဖြစ်သွား





သည်။ အန်တီက မျက်မှောင်ကြုတ်ပြီး ခေါင်းတယမ်းယမ်းနှင့် အပြုံးမပျက် ပြောသည်။

"ဒီကလေးတွေတော့နော် မဖြစ်တော့ပါဘူး၊ မြန်မြန် လက်ထပ်ပေးမှ ဖြစ်မှာပါ"

ဒီလောက်ပဲပြောပြီး ရှောင်ထွက်သွားသော်လည်း ဒီဒီးအတွက်တော့ မလျှပ်နိုင်အောင် အချည်ခံရသည့် ကြိုးတစ်ချောင်း တိုးလာခြင်းပဲ ဖြစ်တော့သည်။

ထိုနေ့က နေ့ခင်း ဘူတာသို့ဆင်းခါနီးတွင် မိဘများကို ကန်တော့ကြ၏။ အန်တီက. . .

"အိမ်ရောက်ရင် သားမိဘတွေကို ဖွင့်ပြောပြီး လက်ထပ်ရက်သတ်မှတ်ဖို့ စီစဉ်လိုက်ရအောင်"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော်ရောက်တာနဲ့ ဒီကဖုန်းကို ဆက်ခိုင်းလိုက်ပါ့မယ်၊ လူကြီးချင်းစကားပြောပြီး ညှိနှိုင်းလိုက်ကြပါ၊ ကျွန်တော်တို့ကတော့ ဘယ်နေ့ဖြစ်ဖြစ် ဝမ်းသာရမယ့် သူတွေပါ"

ဒီဒီး၏ အာမခံစကားကြောင့် သူသူ့မိဘတွေ သဘောခွေ့သွားကာ ခေါင်းညိတ်ကြသည်။ ဒီဒီးလည်း သူ့စိတ်သူ ဆုံးမပြီး လက်နက်ချလိုက်ခြင်းပင် ဖြစ်၏။ ဒီပွဲမှာ အပြုံးပျော်ဆုံးသူက သူသူပဲ ဖြစ်တော့သည်။

မန္တလေးမှ ထွက်ခွာလာသော အမြန်ရထားကြီး တောင်ငူတွင် တစ်ထောက်နားကာ ဒီဒီးနှင့်သူသူတို့ကို တင်ဆောင်သွား၏။ ခရီးဆုံးဘူတာက ငွေတောင်ပြည်လား ယောယုဝလားဆိုတာ ကံကြမ္မာ ဇာတ်ညွှန်းဆရာသာ သိပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

ဒီဒီး ရန်ကုန်ရောက်သည်နှင့် မင်္ဂလာစကားပြောပေးဖို့ ဖေဖေ,မေမေတို့အား အသိပေးရသည်။ တောင်ငူဖုန်းကို သူကိုယ်တိုင် ခေါ်ပေးသည်။ မိဘများ မအံ့ဩသည့်အပြင် . . မေမေက သူသူနဲ့ပဲ မဟုတ်လားဟုမေးကာ သဘောတကျဖြစ်နေ၏။

"အန်ကယ် ဦးသူတော်လား၊ ကျွန်တော် ဒီဒီးပါ၊ ကျွန်တော့် ဖေဖေနဲ့ စကားပြောပါဦးခင်ဗျာ"

လက်နက်ချ အညံ့ခံရုံမျှမက အချစ်အကျဉ်းသားပါ ဖြစ်သွား





ရသော ဒီဒီးက သတို့သားလောင်းနှင့်မတူဘဲ သေဒဏ်စီရင်ခံရသည့် အပြစ်သား တစ်ယောက်လို ဖြစ်နေသည်။ ဒီဒီးလုပ်ငန်းခွင်သို့ ပြန်ဝင်တော့ ငြိမ်းချမ်းတို့နှင့် စကားပြောဖြစ်သည်။ မန္တလေးကအပြန် တောင်ငူအဝင်မှာ ဖြစ်ခဲ့သမျှ ပြန်ပြောင်းပြောပြတော့ ငြိမ်းချမ်းနှင့်နေဝင်း ကြက်သေသေသွားကြသည်။

ဇာတ်လမ်းဇာတ်ညွှန်း ခိုင်မာပြီးသား ဇာတ်သိမ်းခန်းကို ပြန်ပြင်ဖို့ အကြံဉာဏ်မပေးနိုင်တော့သည့် ပုံစံနှင့် ငိုင်တွေနေကြ၏။ ထိုအခိုက်မှာ နူးညံ့ရောက်လာသည်။ ချစ်သူကို ပြန်တွေ့ခွင့်ရ၍ ကြည်နူးရွှင်မြူးနေသော နူးညံ့၏ အမူအရာက စက္ကန့်ပိုင်းမျှသာ ရှည်ကြာခဲ့၏။

"နူးညံ့ ကိုယ်တို့ လမ်းခွဲကြရအောင်"

"ဘာ. . ဘာ. . ပြောတယ် ဒီဒီး"

"ရှေ့ဆက်တိုးဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ ပတ်သက်ဆက်နွယ်ခဲ့သမျှ ပြည်ဖုံးကားချလိုက်ရအောင်လို့ ပြောတာပါ၊ အဲဒီအတွက် စိတ်မကောင်းပါဘူး"

စကားဆုံးသည်နှင့် ဒီဒီး ပြေးထွက်သွားတော့၏။ နူးညံ့ အံ့ဩတုန်လှုပ်နေရာမှ . . .

"နေဝင်းနဲ့ငြိမ်းချမ်း နင်တို့လူ ဘာဖြစ်သွားတာလဲ ပြောပါဦး"

"အဲ. . ငါ. . ငါတို့လည်း မသိဘူးဟ၊ သူဘာမှလည်း မပြောဘူး. . တို့လည်း ဒီကိစ္စ ခုမှသိရတာ"

ခွေးအ,လှည်းနင်း ဖြစ်နေသည့် နှစ်ယောက်ကို ထားခဲ့ကာ နူးညံ့ ဒီဒီးနောက်သို့ ပြေးလိုက်၏။ မြန်မာအသံခန်းမ ဆင်ဝင်အောက်တွင် မီလာသည်။

ဒီဒီး လုပ်ရပ်က နှစ်ခါလိမ်သလို ဖြစ်နေ၍. . နူးညံ့မခံစားနိုင်လောက်အောင် နာကျင်မိ၏။

ဒီကိစ္စ ရှင်းရှင်းလင်းလင်း သိရမှဖြစ်မည်မို့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီဒီး. . နင် ဒီလိုလုပ်လို့ မရဘူး။ လူဆိုတာ ပတ်ဝန်းကျင်နဲ့ နေရတာ၊ ဘာကြောင့်လဲဆိုတာ ရှင်းရှင်း ပြော၊ ဘာကြောင့် သစ္စာမဲ့တာလဲ ပြောလေ"

ဒီဒီး ခေါင်းငိုက်စိုက် ချထားသည်။ နူးညံ့ကို လှည့်၍ပင် မကြည့်။ စိတ်မရှည်တော့သော နူးညံ့ ဒီဒီးအား မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်လိုက်သည်။ မျက်လုံးချင်း ဆိုင်မိကြ၏။

"ကိုယ့်မှာ မဖြစ်မနေ လက်ထပ်ရမယ့်သူ ရှိလာလို့ပါ"

"ဒါ. . အဖြေလား. . အဖြေပဲလား၊ ဒါဆို ငါ့အိမ်က လူတွေကို ဘာပြောရမှာလဲ သူတို့မေးနေကြပြီ. . အကြာကြီး တွဲနေလို့ မဖြစ်ဘူးလဲ သူတို့ကို ဘာပြောရမှာလဲ"

"ဘယ်လိုမှ မတတ်နိုင်တော့ဘူး နူးညံ့ရယ်၊ အားလုံးကို အဆူ အညွှတ် တောင်းပန်တယ်လို့သာ ပြောလိုက်ပါ"

"တောက်"

နူးညံ့ ဒီဒီးကို ရွံရှာနာကြည်းစွာ ကြည့်ရင်း အံကြိတ်လိုက်သည်။ ထို့နောက် နူးညံ့၏ ညာဘက်လက် မြောက်တက်လာတော့၏။

"ဖြန်း"

ဒီဒီး မျက်နှာတစ်ဖက်သို့ လည်သွားသည်။ နူးညံ့ စတေ့ရှင်သို့ ပြေးဝင်သွား၏။ ဒီဒီးမျက်ဝန်းမှ မျက်ရည်တစ်စက် လိမ့်ဆင်းလာသည်။

"ရိုက်ရုံတင်မကဘူး၊ သတ်ပစ်ဖို့ထိ ထိုက်တန်တဲ့ သစ္စာဖောက်မှုကို ကိုယ်လုပ်ခဲ့တာပါ၊ ကိုယ့်ကိုသတ်လိုက်ပါ နူးညံ့ရယ်"

ထိုအဖြစ်ကို နနဝင်းအောင်နှင့် ငြိမ်းချမ်းဝေတို့လည်း လှမ်းမြင်နေရသည်။

သို့သော်. . . ဝင်ပါဖို့အထိတော့ ဘယ်သူမှ စိတ်မကူးမိကြတော့။ သူသူကလည်း ဒီဒီးကို လွှတ်ပေးထားကာ ပုံမှန်နေထိုင်ပြသည့်အတွက် နူးညံ့နှင့် ဒီဒီးတို့ပြဿနာက သူ့ကြောင့်ဆိုတာ တခြားသူတွေ မရိပ်မိကြ။

သို့သော် ဖုံးဖိထားလို့ရသည့်ကာလက တစ်လမျှသာ ကြာခဲ့သည်။ ဒီဒီးမိဘနှစ်ပါး တောင်ငူသို့ နှစ်ခေါက်လိုက်သွားပြီး ညှိနှိုင်းဆွေးနွေးအပြီးမှာတော့ မင်္ဂလာဖိတ်စာ ဝေရမည့်ကာလသို့ ရောက်ရှိလာခဲ့သည်။

"နူးညံ့ ငါ့ရဲ့မင်္ဂလာဆောင်ဖိတ်စာ နင်ဆက်ဆက် လာရမယ်နော်"

ပွဲသိမ်းသွားပြီမို့ သူသူက ပိုင်မိုင်နိုင်နိုင်လေသံနှင့် ပြောလိုက်သည်။ နူးညံ့လည်း ရွှင်မြူးစွာနှင့်ပင်. . .

"ဟယ်. . ဆိုင်းမဆင့်ဗုံမဆင့် သံချောင်းလည်း မခေါက်ဘဲနဲ့ မြန်လိုက်တာဟယ်"

ပြောပြောဆိုဆို ဖိတ်စာဖွင့်ဖတ်လိုက်တော့မှ နူးညံ့မျက်လုံးပြူးသွား၏။ မောင်ဒီဒီးနှင့် မသူသူတဲ့ ထိုအချိန်မှာ သူသူက အသံလွင်လွင်နှင့်ရယ်ရင်း ထွက်သွားတော့သည်။ ဒီတော့မှပဲ နူးညံ့ တစ်ခုခုကို နားလည်လိုက်သလိုရှိ၏။ မန္တလေးသွားသည့်အဖွဲ့တွင် သူသူနှင့် ဒီဒီးပါသွားသည်။ သကြိန်ပြီးလို့ ပြန်အလာမှာပင် အခြေအနေတွေ ချက်ချင်းပြောင်းသွားခဲ့သည်။ ကြည့်ရတာ မန္တလေးခရီးစဉ်မှာ သူသူဆိုတဲ့ ကောင်မ၊ ဒီဒီးကို မာယာတွေနဲ့ဖမ်းစားပြီး မလှုပ်နိုင်အောင် ချုပ်ကိုင်ထားလိုက်တာပဲဖြစ်မည်။

ဒါကအရေးမကြီး သူ့အိမ်ကို ဘယ်လိုပြောရမည်မှန်းမသိတော့၊ နူးညံ့သက်ပြင်းရှိုက်ပြီး ဘေးသို့လှည့်ကြည့်စဉ် ဖိတ်စာကိုယ်စီကိုင်ကာ သူ့ကိုဝိုင်းကြည့်နေသည့် ဝန်ထမ်းများကြောင့် နူးညံ့အရှက်သည်းကာ ဖိတ်စာကိုပစ်ချပြီး အခန်းထဲမှ ပြေးထွက်သွားတော့၏။

နူးညံ့ အကြီးအကျယ် ခံစားသွားရသလို ဒီဒီးလည်း သတ်သေ




☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ချင်စိတ်တွေ ပေါက်နေသည်။ ဖိတ်စာဝေပြီးကတည်းက သူ့ဘဝ သေသွားပြီဟု ထင်နေမိသည်။ စိတ်ပြေလက်ပျောက်ဖြစ်အောင် တစ်ယောက်တည်း ထွက်လာပြီး တွေ့သည့်ကား တက်စီးသည်။ ရောက်ရာမှာ ဆင်းသည်။ ဘူတာကိုမြင်တော့ မြို့ပတ်ရထားပြောင်းစီးသည်။ တဖြည်းဖြည်းနှင့် မှောင်ရီပျိုးလာချေပြီ။

ဒီရက်တွေထဲမှာ သူသူကလည်း လွတ်ပေးထား၏။ မင်္ဂလာဆောင်ပြီးမှ ပိုင်ပိုင်နိုင်နိုင် သိမ်းပိုက်တော့မည်ဟု ဆုံးဖြတ်ထားသည်လားမသိ၊ ဘာပဲပြောပြော ကျေးဇူးတင်မိသည်။ ရထားစီးရတာ ငြီးငွေ့လာတော့ ကြုံရာဘူတာမှာ ဆင်းသည်။ မျဉ်းဖြောင့်နှစ်ကြောင်း ဘယ်လိုမှ မဆုံနိုင်ဟု အမှန်တရားက ဆိုသည်။

သို့သော် မျဉ်းပြိုင်နှစ်ခုဖြစ်သည့် ရထားသံလမ်းများကတော့ ဟိုးအဝေးမိုးကုပ်စက်ဝိုင်းမှာ စုဆုံသွားတာကို သူလှမ်းမြင်နေရသည်။ သူနှင့် မျဉ်းပြိုင်ဖြစ်နေတာ ဘယ်သူလဲ။ သူသူလား၊ နုးညံ့လား။ သူသူဖြစ်စေ၊ နုးညံ့ဖြစ်စေ အကွာအဝေးနှင့် အမြင်အာရုံ လှည့်စားမှုအ[ရ] မျဉ်းပြိုင်နှစ်ကြောင်း ဆုံနေတာ သူမြင်ရ၏။ မဟုတ်မှန်းသိသော်လည်း ထိုသို့မျဉ်းပြိုင်နှစ်ကြောင်း ဆုံသည့်နေရာအား သွားကြည့်ချင်မိသည်။ ဒီဒီး ဖလီဖားတုံးများအတိုင်း ဟိုးအဝေးမှ ဆုံမှတ်ရှိရာသို့ တစ်လှမ်းချင်း လျှောက်ခဲ့သည်။

ဘယ်လောက်ပဲလျှောက်လျှောက် ထိုဆုံမှတ်နားသို့ မရောက်နိုင်ဖြစ်နေသည်။ ဆုံသည်ဟု ထင်ရသည့်နေရာအရောက်မှာ သံလမ်းနှစ်ခုက အပြိုင်ပြန်ဖြစ်သွားသည်။ ဒီဒီး သူ့ကိုယ်သူ ရူးသွားပြီလား[ဟု] ထင်မိကာ ရယ်လိုက်သည်။ လူသူကင်းရှင်းရာ နေရာဖြစ်၍ သူ့စိတ်လွတ်ကိုယ်လွတ် ရယ်လိုက်၏။ ပြီးတော့ မောမောညောင်းညောင်းနှင့် သံလမ်းပေါ် ထိုင်မိသည်။

အမှောင်ထုက လောကအား လွှမ်းခြုံသွားခဲ့ပြန်ပြီ။ ခပ်သဲ့သဲ့





အလင်းရောင်အောက် တစ်ပြလောက် အကွာအဝေးတွင် လူတစ်ယောက် လမ်းလျှောက်လာနေသည်။ သံလမ်းတစ်ဖက်ခြမ်း လမ်းပေါ်လျှောက်လာပုံက ယိမ်းထိုးမနေသဖြင့် အရက်မူးနေသူ တစ်ယောက်ဟု ယူဆရသည်။ စိတ်ထွေထွေနှင့် ခြေပစ်လက်ပစ် ထိုင်နေစဉ် ဆန့်ကျင်ဘက်အရပ်မှ မီးရောင်တဝင်းဝင်းကို မြင်ရသည်။ ရထားတစ်စီး လာနေ၏။

ရထားက တဖြည်းဖြည်း နီးလာပြီ။ သူ့အတွက် ဘာအန္တရာယ်မှ မရှိနိုင်၍ ဒီဒီး ဆက်ထိုင်နေလိုက်သည်။ တဂျိမ်းဂျိမ်း တဂျုံးဂျုံး အသံပေးကာ ရထားကြီး စချဉ်းကပ်လာသည်။ ထိုအခိုက်မှာပင် စောစောက မူးပြီးလျှောက်နေသူက ရထားရှေ့ခုန်ဝင်လိုက်တာ မြင်မိ၏။

"ဟာ. . သေပါပြီ"

BURMESE CLASSIC .com

ဒီဒီး အလန့်တကြားအော်ရင်း ထိုင်ရာမှ ထလိုက်သည်။ ရထားက ဟိုးအဝေးက ဘူတာသို့ဝင်သွား၏။ စပ်စုချင်စိတ်နှင့် ဒီဒီး ထိုလူ့ရှိရာ ပြေးကြည့်မိသည်။ အလောင်းက မြင်မကောင်း ရှုမကောင်း၊ မျက်နှာက မရှိသလောက်ပျက်စီးနေပြီဖြစ်သည်။ အော်ဂလီဆန်ကာ အန်ချင်စိတ်ဖြစ်လာသည်မို့ ပြန်လှည့်ပြေးရန် ဟန်ပြင်စဉ်မှာ ရုတ်တရက် အတွေးတစ်ခု ဝင်လာ၏။

ဒါသူ့အတွက် ထွက်ပေါက်တစ်ခု ဖြစ်နိုင်သည်။ ချစ်သူနှင့်လွဲပြီး မချစ်မနှစ်သက်သူနှင့် မြဲရမည့်ဘဝမှာ ရှင်သန်ရတာထက် ကိစ္စပြတ်သွားတာက ကောင်းမည်။ ဒီဒီးအချိန် မဆွဲတော့ပဲ သူ့ လက်ပတ်နာရီကို ချွတ်၍ သံလမ်းပေါ် တင်ကာ ကျောက်ခဲနှင့်ထုပစ် လိုက်သည်။ ထိုနာရီကို သေသူ၏ လက်ပြတ်တစ်ဖက်မှာ ဝတ်ဆင်ပေးလိုက်၏။ လည်ပင်းတွင် ဆွဲထားသည့် အိုင်ဒနရီကတ်ကိုချွတ်ပြီး ချိုးဖွဲ့ကာ အလောင်း၏ အကျီအိတ်ကပ်ထဲ တစ်ဝက်ပေါ် အောင်ထည့်သည်။

စီးထားသည့် စကော(လ်)ဖိနပ်ကိုချွတ်၍ ဟိုတစ်ဖက် ဒီတစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ပစ်ချပြီး သေသူ၏ရာဘာဖိနပ်ကို စီးလိုက်သည်။ အချိန်ကိုက်လေး ပင်ဖြစ်၏။ ဘူတာနှင့်ရထားမှ တာဝန်ရှိသူတွေအပြင် စပ်စုလိုသူတွေပါ ပြေးလာကြတာ မြင်နေရပြီ။

ဒီဒီးထိုနေရာမှ အမြန်ဆုံးထွက်လာခဲ့၏။ နောက်နှစ်နာရီ ဒါမှ မဟုတ် မနက်ဆိုလျှင် ရထားကြိတ်ခံရ၍ သေသူမှာ ဒီဒီးဖြစ်ကြောင်း တစ်လောကလုံး ပြောဆိုနေကြတော့မည်။ စိတ်လက်ပေါ့ပါးကာ လွတ်လပ်သွားသလို ခံစားနေရသော ဒီဒီးအိမ်သို့ ဖုန်းခေါ်လိုက်သည်။

မေမေ ဖုန်းလာကိုင်၏။

"မေမေ သားပါ. . ဟို. . ဟိုလေ သားနဲ့ ပတ်သက်ပြီး သူသူမှာ ကိုယ်ဝန်ရှိခဲ့တယ်ဆိုရင် မေမေတို့ တာဝန်ယူလိုက်ပါ၊ သားတော့ လောကကြီးကို နှုတ်ဆက်သွားပါပြီ"

တစ်ဖက်မှ စကားသံ ထွက်မလာခင် ဖုန်းပိတ်လိုက်၏။ သေဒဏ်မှ လွတ်ငြိမ်းချမ်းသာခွင့်ရသည့် လူတစ်ယောက်လို ဒီဒီး လွတ်လပ်ပေါ့ပါးနေသည်။ ဖုန်းကို အိတ်ထဲထည့်ဖို့ လုပ်မိပြီးမှ အရေးကြီးတာ သတိရမိ၏။

"ဟား. . ငါတော်တော် တုံးတာပဲ"

တစ်ယောက်တည်း ရေရွတ်ရင်း ဖုန်းကိုလမ်းပေါ်ချ၍ ထုရိုက်ဖျက်ဆီးပစ်သည်။ ပြီးတော့ အခင်းဖြစ်ပွားရာ ရထားလမ်းသို့ ပြန်လာခဲ့သည်။ အလောင်းကို ဝိုင်းကြည့်နေသော လူအုပ်ထဲ ပြန်ဝင်လာခဲ့၏။ သူ့ဖုန်းကို အလောင်းနှင့် မလှမ်းမကမ်းမှာ မသိမသာ ချထားလိုက်သည်။ ထိုစဉ် မီးရထားရဲတွေ ထပ်ရောက်လာ၏။ ဒီဒီး လူအုပ်ထဲမှ ရှောင်ထွက်သည်။ မလှမ်းမကမ်းမှ ရပ်ကြည့်နေစဉ်. . .

"ဟာ. . ကိုဒီဒီးတဲ့၊ မြန်မာ့အသံက ဝန်ထမ်းပဲ"

"ဒီမှာဟေ့. . ဒီမှာ ဖုန်းတစ်လုံး"

"ဘယ်သူလဲဆိုတာ သေချာသိပြီပဲ အိမ်ကိုအကြောင်းကြားဖို့





ရုပ်ကြ"

ထိုစကားသံများကြောင့် ဒီဒီး သဘောကျစွာ ပြုံးလိုက်သည်။ ဆွက်လက်ပေါ့ပါးသော ခြေလှမ်းများနှင့် ထွက်လာခဲ့တော့သည်။

"အဟင်း. . မင်းသေသွားပြီ ဒီဒီး. . အဟင်းဟင်း. . ဟား ဟား. . ဟား. . ဟား"

❦ ❦ ❦

အဝေးပြေးကားတစ်စီးပေါ်မှာ ဒီဒီးထိုင်နေသည်။ ရန်ကုန်မြေသည် သူ့နောက်ခပ်ဝေးဝေးမှာ ကျန်ခဲ့ပြီဖြစ်၏။ လက်ထဲက ဒီဒီးအမည်နှင့် နိုင်ငံသားကတ်လေးက သူ့ဘဝ ဆက်လက်ရှင်သန်မှုကို အထောက်အကူပြုလိမ့်မည်ဖြစ်သည်။ ဒီကား ဘယ်ကိုသွားသွား ဘယ်ကိုပဲရောက်ရောက် ထိုအရပ်တွင် အခြေချမည်ဟု ဒီဒီးဆုံးဖြတ်ထားသည်။

သူ မချစ်သည့် သူသူနှင့် မပေါင်းရခြင်းသည်. . သူ့အတွက် ကြီးမားသော ဆုလာဘ်တစ်ခုပင် ဖြစ်၏။ ချစ်သူနှင့် တွေ့ကွင်းရသည့် အနာကိုတော့ အချိန်ပေး ကုစားရဦးမည်ဖြစ်သည်။

ခုလောက်ဆို သူ့မိသားစုနှင့် အသိုင်းအဝိုင်းကြားထဲမှာ ဒီဒီး သေပြီဆိုသည့် သတင်းက ပျံ့နှံ့နေလောက်ပြီ။ ဒီသတင်းက. . နူးညံ့



www.burmeseclassic.com

www.burmeseclassic.com



မဖြေနိုင်သည့် သူ့မိဘ၏မေးခွန်းများကို အလိုလိုဖြေပြီးသား ဖြစ်သွားလိမ့်မည်။ နှုးညံ့အသိုင်းအဝိုင်းက သူ့ကိုအပြစ်တင်နေမှာ မဟုတ်တော့

သူသူ့အတွက်လည်း တာဝန်ယူဖို့ မေမေကို မှာခဲ့ပြီးပြီ။ WIN-WIN THEORY ဆိုသည့် နည်းဥပဒေအတိုင်း. . ဘယ်သူ့ဘယ်သူမှ အရှုံးကြီး မရှုံးခဲ့တာ အားလုံးအတွက် ဖြေသာမည် ထင်၏။


တစ်နေ့ ထိုတစ်နေ့မှာတော့ ဒီဒီးတစ်ယောက် လောကကြီးထဲမှာ ပြန်လည်ရှင်သန်လာဦးမည်ဆိုတာ. . .။

BURMESE CLASSIC .com

ရှင်လန်းချမ်းမြေ့ကြပါစေ

WAitZAR






www.burmeseclassic.com